# ဓမ္မစကူးလ်ဖောင်ဒေးရှင်း
# ဗုဒ္ဓဘာသာသင်ခန်းစာ

Dhamma School Foundation
M.E. 1373 Sāsanā 2555 A.D. 2012
ဓမ္မစကူးလ်ဖောင်ဒေးရှင်း

**Grade 4**



## စတုတ္ထတန်း
## ကျောင်းသားကိုင်

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း

# ဗုဒ္ဓဘာသာသင်ခန်းစာ

# စတုတ္ထတန်း

# Grade 4

# ကျောင်းသားကိုင်

၂၉၃၈၅

၂၃ ၇.၁၅

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၀၀၀၂၈၀၁၁၅ |
| မျက်နှာဖုံးပန်းချီ | ဦးစိုးစံ |
| အတွင်းပန်းချီ | ဦးစိုးစံ၊ ဦးဇာတိ၊ ဦးရှုပ၊ ဦးရဲမာန်၊ ဦးဝင်းမြင့် |
| အတွင်းကာလာ | ကိုသက်ပိုင်ဦး |
| မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် | ဓမ္မစကူးလ်ဖောင်ဒေးရှင်းနှင့် ကိုသက်ပိုင်ဦး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေနိုင်ငံ(၀၅၇၄၅)၊ အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၄၀၀ ၈၉၀၊ ၅၄၈ ၀၄၂ |
| ထုတ်ဝေသူ | ဦးဇော်မိုးလွင် (၂၄၅၁) ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊ မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ဓမ္မစကူးလ်ဖောင်ဒေးရှင်း မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၃၇၇၂၆၇၊ ၀၉ - ၃၀၂၆၀၅၁၀၊ ၀၉ - ၂၅၀ ၃၈၅၈၀၀။ |
| တန်ဖိုး | ၁၂၀၀ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | ပဌမအကြိမ်၊ အုပ်ရေ ၃၀၀၀၀၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ။ |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဓမ္မစကူးလ်ဖောင်ဒေးရှင်း 294.3

ဗုဒ္ဓဘာသာသင်ခန်းစာ၊ စတုတ္ထတန်း၊ ကျောင်းသားကိုင်/ဓမ္မစကူးလ်ဖောင်ဒေးရှင်း။ - ရန်ကုန်။ ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ၊ ၂၀၁၄။

စာ - ၁၁၅၊ ၂၁ x ၂၉.၇ စင်တီ။

(၁)ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ


| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပျော်စရာ ဓမ္မစကူးလ် | ၁ |
| ၂။ | ဘုရားဆု ပန်တော်မူခြင်း | ၄ |
| ၃။ | သိဒ္ဓတ္ထမင်းသား ငယ်စဉ်ကလေးဘဝ | ၇ |
| ၄။ | သိဒ္ဓတ္ထမင်းသား ထီးနန်းစည်းစိမ်စံစားတော်မူခြင်းနှင့် တောထွက်တော်မူခြင်း | ၁၀ |
| ၅။ | ဘုရားဖြစ်တော်မူခြင်း | ၁၂ |
| ၆။ | သာသနာပြုစေလွှတ်တော်မူခြင်း | ၁၅ |
| ၇။ | ကျင့်ကြံစရာ တရားရတနာ | ၁၇ |
| ၈။ | တရားထိုင်ကြမယ် | ၂၀ |
| ၉။ | ဒုစရိုက်တရား ဆယ်ပါး | ၂၁ |
| ၁၀။ | လူမှုရေးမင်္ဂလာ | ၂၄ |
| ၁၁။ | မကောင်းမှုရှောင် ကောင်းမှုဆောင်မင်္ဂလာ | ၂၇ |
| ၁၂။ | ဣန္ဒြေရှင် ကိုရင်လေး | ၂၉ |
| ၁၃။ | ဥတ္တမာထေရီ | ၃၁ |
| ၁၄။ | မိဘစကား နားထောင်သော ဒီဃာဝု | ၃၃ |
| ၁၅။ | မိဘကျေးဇူး | ၃၇ |
| ၁၆။ | မိတ်ဆွေစစ် | ၄၀ |
| ၁၇။ | မေတ္တာရှင်မလေး | ၄၂ |
| ၁၈။ | ရွှေရောင်နတ်သမီးလေး | ၄၅ |
| ၁၉။ | ဆွမ်း ကပ်လှူမယ် | ၄၇ |
| ၂၀။ | ရေချမ်း ကပ်လှူမယ် | ၅၁ |

| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | လေးလေးစားစား လှူကြမယ် | ၅၄ |
| ၂၂။ | ကျိုက်ထီးရိုးဘုရား သွားကြမယ် | ၅၇ |
| ၂၃။ | စင်ကြယ်သော အသက်မွေးမှု | ၆၁ |
| ၂၄။ | အကျိုးပျက်ပြား ကုန်းတိုက်စကား | ၆၄ |
| ၂၅။ | မဆင်မခြင်ပြောသည့် ဆိုးကျိုး | ၆၇ |
| ၂၆။ | သန့်ရှင်းစေချင် တို့ဝန်းကျင် | ၆၉ |
| ၂၇။ | ညီညီညွတ်ညွတ် နေကြမယ် | ၇၂ |
| ၂၈။ | စိတ်ထားဖြောင့်မတ်ခြင်း | ၇၅ |
| ၂၉။ | အများအကျိုးဆောင် | ၇၇ |
| ၃၀။ | ပညာရှိခေါင်းဆောင်ကောင်း | ၈၀ |
| ၃၁။ | ဘုရင်မကြီး ရှင်စောပု | ၈၃ |
| ၃၂။ | အသက်သခင်ကို ပြစ်မှားသူ | ၈၅ |
| ၃၃။ | တစ်လုတ်စားဖူး သူ့ကျေးဇူး | ၈၇ |
| ၃၄။ | ပဋ္ဌာဝုဓမင်းသား | ၉၀ |
| ၃၅။ | အမည်နှင့် အရည်အချင်း | ၉၃ |
| ၃၆။ | လူကောင်းနှင့် လူဆိုး | ၉၅ |
| ၃၇။ | သူများ မကောင်းကြံ ကိုယ့်ဘေးရန် | ၉၇ |
| ၃၈။ | ပျင်းရိစိတ်များ တို့ပယ်ရှား | ၉၉ |
| ၃၉။ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၁၀၂ |
| ၄၀။ | ဝါဆိုလပြည့်နေ့ | ၁၀၇ |

# သင်ခန်းစာ (၁)

## ပျော်စရာ ဓမ္မစကူးလ်

### ယမင်းနှင့် ဓမ္မစကူးလ်မောင်မယ်များ

ယမင်းသည် ဒေါ်လေးမေနှင့်အတူ အညာမြို့လေးတစ်မြို့ဆီသို့ ဘုရားဖူးထွက်ခဲ့သည်။ မြို့ဦးစေတီတော်ကို ပထမဆုံး သွားရောက်ဖူးမြော်ကြသည်။ စေတီရင်ပြင်တော်တစ်ခုလုံး သန့်ရှင်းသာယာနေသည်ကို ကြည့်ပြီး ဒေါ်လေးမေက ချီးကျူး၏။ ဘုရားတွင် ပန်းရောင်စုံများ ကပ်လှူထားသည်ကို မြင်လိုက်ရသောအခါ ယမင်းလည်း ကြည်နူးဝမ်းသာသွားသည်။

ဘုရားဝတ်ပြုပြီး၍ စေတီတော်ကို လက်ယာရစ် လှည့်လည်ဖူးမြော်ကြသည့်အခါ သန့်ရှင်းရေး လုပ်နေသော ကျောင်းသား၊ ကျောင်းသူလေးများကို တွေ့လိုက်ရသည်။ ဒေါ်လေးမေက သူတို့ကို သွားရောက်မေးမြန်းသည့်အခါ “သားတို့က ဒီမြို့က ဓမ္မစကူးလ်မောင်မယ်တွေပါ၊ အုပ်စုခွဲပြီး နေ့တိုင်း စေတီတော်မှာ သန့်ရှင်းရေး လုပ်ကြပါတယ်”ဟု ပြန်ဖြေသံကို ကြားလိုက်ရသည်။ ဓမ္မစကူးလ်ကို တစ်ခါမှ မတက်ဖူးသေးသော ယမင်းအတွက် ဓမ္မစကူးလ်မောင်မယ် ဆိုသည်ကို အထူးအဆန်းဖြစ်ကာ စိတ်ဝင်စားနေမိသည်။



သီတင်းကျွတ်လပြည့်နေ့ ဖြစ်နေသဖြင့် ညပိုင်းတွင် ယမင်းတို့အားလုံး ရပ်ကွက်ထဲက မီးထွန်းပွဲများကို လိုက်ကြည့်ကြသည်။ မီးထွန်းပွဲသည် အလွန်စည်ကားလှ၏။ လူများ ကြိတ်ကြိတ်တိုးနေသည်။ ယမင်းလည်း ဒေါ်လေးမေ၏လက်ကို ဆွဲလျက် လူအများကြား ညပ်ပါသွားသည်။

တစ်နေရာတွင် ဘုရားအလောင်းတော်အကြောင်းကို နောက်ခံစကားပြောဖြင့် သရုပ်ဖော် တင်ဆက်နေကြသည့် ကလေးများကို အံ့သြဖွယ်တွေ့ရသည်။ ယမင်းသည် ဘေးတွင် ရပ်ကြည့်နေသော ဦးလေးကြီးကို မေးကြည့်သောအခါ "သူတို့က ဓမ္မစကူးလ် မောင်မယ်တွေလေ၊ ဓမ္မစကူးလ်က ဗုဒ္ဓဝင်ကို သင်ပေးထားတော့ ဘုရားရှင်အကြောင်း သေသေချာချာ သိနေကြတာပေါ့"ဟု ဦးလေးကြီးက ရှင်းပြသည်။



ယမင်းလည်း စင်ပေါ်က မောင်မယ်လေးများကို အားကျပြီး ငေးကြည့်နေမိသည်။ ခဏအကြာတွင် မိမိ၏ ဆွဲကြိုးလေး မရှိတော့သည်ကို သတိထားမိ၍ ဒေါ်လေးမေအား ပြောပြလိုက်သည်။ ဒေါ်လေးမေတို့အားလုံး ဝိုင်းရှာပေးကြသော်လည်း ပြန်မတွေ့ကြပါ။ ထိုအခါ ယမင်းလည်း ရှိုက်ကြီးတငင် ငိုပါတော့သည်။ မကြာမီ အသံချဲ့စက်ဖြင့် "ဆွဲကြိုးတစ်ကုံး ကောက်ရထားပါတယ် ခင်ဗျာ"ဟု ကြေညာသံကို ကြားလိုက်ရ၍ ယမင်း အလွန်ပျော်သွားသည်။ ချက်ချင်းပင် ယမင်းသည် ရပ်ကွက်လူကြီးများထံ သွား၍ မိမိဆွဲကြိုးလေး၏ ပုံသဏ္ဍာန်ကို ပြောပြလိုက်ရာ ရပ်ကွက်လူကြီးများက ယမင်းအား ဆွဲကြိုးလေးကို ပြန်လည် ပေးအပ်ခဲ့ကြသည်။ ကောက်ရသူကို စုံစမ်းကြည့်ရာ စတုတ္ထတန်း ဓမ္မစကူးလ် ကျောင်းသူလေး "ဝါဝါ" ဖြစ်ကြောင်း သိလိုက်ရ၏။ ယမင်းနှင့် ဒေါ်လေးမေတို့အားလုံး ဝါဝါကို ချီးကျူးမဆုံး ဖြစ်နေကြသည်။





နံနက်မိုးလင်းသောအခါ ယမင်းနှင့် ဒေါ်လေးမေတို့ ခရီးဆက်ရန် ပြင်ဆင်နေချိန်တွင် ဘေးအိမ်မှ မောင်နှမနှစ်ယောက် ဆွမ်းလောင်းနေကြသည်ကို တွေ့ရသည်။ ဒေါ်လေးမေက ထိုကလေးတွေကို ကြည့်ပြီး "ယဉ်ကျေးလိုက်ကြတာ၊ ဘုန်းဘုန်းတွေနဲ့လည်း ပြောဆိုဆက်ဆံတတ်တယ်၊ တော်လိုက်ကြတာကွယ်"ဟု ချီးကျူး ပြောဆိုနေသည်။ ယမင်းက ဒေါ်လေးမေကို "သူတို့က ဓမ္မစကူးလ် မောင်မယ်တွေလား"ဟု မေးလိုက်မိ၏။ ဒေါ်လေးမေက "သေချာတာပေါ့ သမီးရယ် . . . ဒီမြို့က ကလေးတွေ အာလုံးလိုလိုပဲ ဓမ္မစကူးလ် တက်ကြတယ်လို့ မနေ့ညက ဓမ္မာရုံလူကြီးတွေ ပြောပြလို့ ဒေါ်လေးမေ သိလိုက်ရတယ်လေ"ဟု ပြောလိုက်သည်။

ယမင်းလည်း ဒေါ်လေးမေ ပြောပြနေသည်ကို နားထောင်လျက် ဓမ္မစကူးလ် တက်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်နေတော့သည်။

## ဓမ္မစကူးလ် သွားကြမယ်

လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ဘုန်းဘုန်းတွေ့မယ် ... ဆရာလေးတွေ့မယ် ... ကုသိုလ်တွေရမယ် ...။
လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ယဉ်ကျေးရမယ် ... သိမ်မွေ့ရမယ် ... ပျော်ရွှင်သွားရမယ် ...။
လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ဆေးရောင်ခြယ်မယ် ... ပုံပြောပြမယ် ... သီချင်းတွေ ဆိုကြမယ် ...။
လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ယဉ်ကျေးရမယ် ... သိမ်မွေ့ရမယ် ... ပျော်ရွှင်သွားရမယ် ...။ ။

# သင်ခန်းစာ (၂)

## ဘုရားဆုပန်တော်မူခြင်း

ဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားရှင် လက်ထက်တော်၌ အမရဝတီ မင်းနေပြည်တော်တွင် သုမေဓာဟူသော သူဌေးသားတစ်ဦး ဖြစ်ခဲ့၏။ သူ ငယ်စဉ်ကပင် မိဘများ ကွယ်လွန်သွားခဲ့သည်။ သုမေဓာ သူဌေးသားလေး ၁၆ နှစ်အရွယ် ရောက်သောအခါ အတတ်ပညာမျိုးစုံကို သင်ယူ တတ်မြောက်လေ၏။ ထိုအခါ သူ၏ မိဘများထားခဲ့သော ပစ္စည်းဥစ္စာများကို ပစ္စည်းထိန်းက သူ့ထံ အပ်နှင်းလေသည်။

သူသည် ပစ္စည်းဥစ္စာများကို ကြည့်ပြီး "ငါ၏ မိဘဘိုးဘွားများသည် ပစ္စည်းဥစ္စာများကို ရှာရုံသာ ရှာတတ်ကြ၏၊ ကိုယ့်နောက် ပါအောင် မယူတတ်ကြ၊ ငါသည်ကား ကိုယ့်နောက် ပါအောင် ယူသွားမည်"ဟု ဆုံးဖြတ်လိုက်၏။ ထို့နောက် သူပိုင်ဆိုင်သမျှသော ပစ္စည်းဥစ္စာတို့ကို အလိုရှိသူတို့အား လှူဒါန်းပြီး ရသေ့ဝတ်လိုက်လေသည်။ ရသေ့ဝတ်ပြီး ခုနစ်ရက်အကြာတွင် ဈာန်ရ၍ ကောင်းကင်၌ လှည့်လည်သွားလာနိုင်၏။

တစ်နေ့တွင် ဒီပင်္ကရာမြတ်စွာဘုရားသည် ရဟန်းများစွာ ခြံရံလျက် ရမ္မာဝတီ နေပြည်တော်သို့ ကြွတော်မူလာ၏။ ဘုရားရှင် ကြွတော်မူလာမည့် လမ်းကို မြို့သူမြို့သားများက ပြင်ဆင်နေကြသည်။ သုမေဓာ ရှင်ရသေ့သည် ကောင်းကင်၌ ဈာန်ဖြင့် သွားနေစဉ် လမ်းပြင်နေသူများကို တွေ့မြင်လေ၏။



မြေပြင်သို့ ဆင်းသက်၍ အကျိုးအကြောင်းမေးသောအခါ ဘုရားရှင်ကြွလာတော်မူမည်ကို သိရသဖြင့် သူ့ကိုလည်း လမ်းပြင်ရာ၌ ကုသိုလ်ပါဝင်ခွင့်ပေးရန် တောင်းဆိုလေ၏။ လူများသည် သုမေဓာရှင်ရသေ့၏ တန်ခိုးကိုသိ၍ ပြင်ဆင်ရန်ခက်ခဲသည့် ရွှံ့ဗွက်အိုင်နေရာကို သူ့အား ပေးလိုက်ကြ၏။ သုမေဓာရှင်ရသေ့သည် လမ်းကို တန်ခိုးဖြင့် ပြင်နိုင်သော်လည်း မိမိလုပ်အားဖြင့်သာ ကြိုးစားပမ်းစား ပြင်ပါသည်။ သို့သော် ပြင်မပြီးသေးမီပင် ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော်တို့ ကြွလာတော်မူကြ၏။ ထိုအခါ ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော်တို့ ရွှံ့ညွန်ထဲ နင်းတော်မမူကြစေရန် သုမေဓာရှင်ရသေ့သည် မိမိခန္ဓာကိုယ်ကို ဝမ်းလျားမှောက်ကာ တံတားသဖွယ် ခင်းလျှုလိုက်၏။

ထိုအခါ သုမိတ္တာအမည်ရှိ အမျိုးကောင်းသမီးသည် သုမေဓာရှင်ရသေ့၏ အံ့သြဖွယ် ပြုမူပုံကို ကြည့်ကာ နှစ်သက်ကြည်နူးသွား၏။ ထို့ကြောင့် သူယူဆောင်လာခဲ့သော ကြာပန်းရှစ်ခိုင်မှ ငါးခိုင်ကို ဘုရားရှင်အား ကပ်လှူရန် သုမေဓာရှင်ရသေ့အား ပေးလိုက်ပြီး ကျန်ကြာပန်းသုံးခိုင်ကို သူကိုယ်တိုင် ဘုရားရှင်အား ပူဇော်လိုက်၏။ သုမေဓာရှင်ရသေ့လည်း ကြာပန်းငါးခိုင်ဖြင့် ဘုရားရှင်အား ပူဇော်ကာ ဘုရားဖြစ်ရန် ဆုပန်ခဲ့၏။ ဒီပင်္ကရာ ဘုရားရှင်ကလည်း "ဤရသေ့သည် နောင်တစ်ချိန်တွင် ငါကဲ့သို့ ဘုရားတစ်ဆူ ဖြစ်လိမ့်မည်"ဟု ဗျာဒိတ် ပေးတော်မူ၏။

သုမေဓာရှင်ရသေ့သည် ထိုအချိန်မှစ၍ ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်ဆည်းပူးပြီး ဘုရားဖြစ်ရန် ကြိုးပမ်းအားထုတ်တော်မူခဲ့လေသည်။



## ပါရမီ ဆယ်ပါး

၁။ ဒါနပါရမီ(အလှူဒါနပြုခြင်း)

၂။ သီလပါရမီ (ကိုယ်ကျင့်သီလ ဆောက်တည်ခြင်း)

၃။ နေက္ခမ္မပါရမီ (တောထွက်ခြင်း)

၄။ ပညာပါရမီ (အကြောင်းအကျိုးကို ဆက်စပ်မြော်မြင်နိုင်ခြင်း)

၅။ ဝီရိယပါရမီ (ကြိုးစားအားထုတ်ခြင်း)

၆။ ခန္တီပါရမီ (သည်းခံခွင့်လွှတ်ခြင်း)

၇။ သစ္စာပါရမီ (မှန်ကန်စွာ ပြောဆိုခြင်း)

၈။ အဓိဋ္ဌာန (အဓိဋ္ဌာန်) ပါရမီ (အလုပ်ကိစ္စတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ရန် စိတ်ဆုံးဖြတ်ခြင်း)

၉။ မေတ္တာပါရမီ (ချစ်ခင်ကြင်နာစိတ်ရှိခြင်း)

၁၀။ ဥပေက္ခာပါရမီ (မချစ်မမုန်းဘဲ အသင့်အတင့် သဘောထားခြင်း)

## စွန့်ခြင်းကြီး ငါးပါး

၁။ တိုင်းပြည်နိုင်ငံ၊ ထီးနန်းစည်းစိမ်၊ ဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်ခြင်း၊

၂။ သားသမီးတို့ကို စွန့်လွှတ်ခြင်း၊

၃။ ဇနီးမယားကို စွန့်လွှတ်ခြင်း၊

၄။ မိမိ၏ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို စွန့်လွှတ်ခြင်း၊

၅။ မိမိ၏အသက်ကို စွန့်လွှတ်ခြင်း။



# သင်ခန်းစာ (၃)

## သိဒ္ဓတ္ထမင်းသား ငယ်စဉ်ကလေးဘဝ

ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါးတို့ကို ဖြည့်ကျင့်တော်မူလျက် ဘုရားဖြစ်ရန် မနားမနေ အားထုတ်တော်မူခဲ့သည်။ ဘုရားဖြစ်မည့်ဘဝတွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏ မိဖုရားခေါင်ကြီး မာယာဒေဝီ၏ ဝမ်းဗိုက်၌ ပဋိသန္ဓေ တည်နေခဲ့၏။ ဆယ်လစေ့သောအခါ မာယာဒေဝီသည် ဘုရားအလောင်းတော်ကို ဖွားမြင်ခဲ့သည်။ ဘုရားအလောင်းတော်သည် ဖွားမြင်ပြီးလျှင်ပြီးချင်း မြောက်အရပ်သို့ ခြေလှမ်း ခုနစ်လှမ်း လှမ်းကာ "လောကတွင် ငါသာ အမြတ်ဆုံး၊ လောကတွင် ငါသာ အကြီးဆုံး၊ လောကတွင် ငါသာ အချီးမွမ်းအပ်ဆုံး" ဟူသော စကားကြီး သုံးခွန်းကို ကြွေးကြော်ခဲ့၏။



ထိုအခါက ဘုရင်သုဒ္ဓေါဒနသည် အသိတဟုခေါ်သော တန်ခိုးကြီးသည့် ကာဠဒေဝိလရသေ့ကြီးကို ကိုးကွယ်လျက်ရှိ၏။ ရသေ့ကြီးသည် မင်းသားလေး မွေးဖွားသည့် သတင်းကို ကြားသဖြင့် နန်းတော်သို့ ကြွလာခဲ့သည်။ ဘုရင်ကြီးသည် သားတော်လေးကို ခေါ်လာကာ ရသေ့ကြီးကို ဦးချစေ၏။ သို့သော် သားတော်လေး၏ ခြေတော်အစုံသည် ခုန်ပျံမြောက်တက်၍ ရသေ့ကြီး၏ ဦးခေါင်းထက်၌ တည်နေလေသည်။ အနာဂတ်ကို ကြိုတင်သိမြင်သော ရသေ့ကြီးသည် မင်းသားငယ်လေးကို လက်အုပ်ချီမိုး ရှိခိုးဦးချ၏။ ဘုရင်ကြီးလည်း မနေနိုင်တော့ဘဲ သားတော်လေးကို ပထမဆုံးအကြိမ် ရှိခိုးဦးချလေသည်။

မွေးဖွားပြီး ငါးရက်မြောက်နေ့၌ မင်းသားလေးကို "သိဒ္ဓတ္ထ"ဟု အမည်ပေးခဲ့ကြ၏။ "သိဒ္ဓတ္ထ"ဟူသည် "အကျိုးစီးပွားကို ပြီးမြောက်စေသူ"ဟု ဆိုလို၏။ ဗေဒင်လက္ခဏာ ကျွမ်းကျင်သော ပညာရှိပုဏ္ဏားများက "မင်းသားလေးသည် လူ့ဘဝဖြင့်နေလျှင် စကြာမင်း ဖြစ်လိမ့်မည်၊ တောထွက်၍ ရဟန်းပြုလျှင် ဘုရား ဖြစ်လိမ့်မည်"ဟု စကားနှစ်မျိုး ပြောကြ၏။ ထိုပညာရှိ ပုဏ္ဏားတို့အနက် အသက်အငယ်ဆုံး ကောဏ္ဍည ပုဏ္ဏားကမူ လက်ညှိုးတစ်ချောင်းတည်း ထောင်ကာ "မင်းသားလေးသည် ဘုရားစင်စစ်ဧကန် ဖြစ်လိမ့်မည်"ဟု အတိအကျ ဟောပြောလိုက်လေသည်။





မာယာဒေဝီသည် ဘုရားအလောင်းမယ်တော်တို့၏ ဖြစ်မြဲထုံးစံအတိုင်း အလောင်းတော်ကို မွေးဖွားပြီးနောက် ခုနစ်ရက်မြောက်နေ့၌ နတ်ရွာစံခဲ့၏။ ထိုအခါ မာယာဒေဝီ၏ ညီမတော် မဟာပဇာပတိဂေါတမီသည် ဘုရားအလောင်းတော်အား သားအရင်းပမာ ပြုစုစောင့်ရှောက်ခဲ့သည်။

တစ်နေ့တွင် သုဒ္ဓေါဒနမင်းကြီးနှင့် မင်းညီမင်းသားတို့သည် မင်းသားလေးကို အထိန်းတော်များနှင့် ထားခဲ့ပြီး နှစ်စဉ် ကျင်းပမြဲဖြစ်သော လယ်ထွန်မင်္ဂလာပွဲကို ဆင်နွှဲနေလေသည်။ အထိန်းတော်တို့ကလည်း မင်းသားလေးကို (ဇမ္ဗု) သပြေပင်အောက်၌ သိပ်ထားပြီး လယ်ထွန်မင်္ဂလာပွဲကို ကြည့်ကြရာ မင်းသားလေးကို မေ့လျော့နေကြ၏။ ထိုအခါ မင်းသားလေးသည် တင်ပျဉ်ခွေထိုင်ကာ ထွက်သက် ဝင်သက်ကို သတိဖြင့် ရှုမှတ်၍ နေလေသည်။ ထိုကြည်ညိုဖွယ် အမူအရာကို အထိန်းတော်တို့ တွေ့မြင်သွားသောအခါ သုဒ္ဓေါဒနမင်းကြီးထံ သတင်းပို့ကြ၏။ ဘုရင်ကြီးသည် သားတော်လေး၏ ထူးခြားသော အမူအရာကို အလွန်အံ့ဩသွားပြီး ဒုတိယအကြိမ် ရှိခိုးဦးချလေသည်။

# သင်ခန်းစာ (၄)

## သိဒ္ဓတ္ထမင်းသား ထီးနန်းစည်းစိမ်စံစားတော်မူခြင်းနှင့် တောထွက်တော်မူခြင်း



သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထကို စကြာမင်းသာ ဖြစ်စေချင်သည်။ ဘုရားဖြစ်သွားမည်ကို အလွန်စိုးရိမ်တော်မူ၏။ ထို့ကြောင့် နန်းတော်တွင်း၌ ပျော်ရွှင်အောင် စည်းစိမ်အမျိုးမျိုး ဖန်တီးပေးထားသည်။ ဥယျာဉ်ကြီးများ၊ ရေကန်ကြီးများကိုလည်း တည်ဆောက်ပေးထားသည်။ ထို့ပြင် ဆောင်းရာသီတွင် စံမြန်းရန် ရမ္မနန်းဆောင်၊ မိုးရာသီတွင် စံမြန်းရန် သုဘနန်းဆောင်နှင့် နွေရာသီတွင် စံမြန်းရန် သုရမ္မ နန်းဆောင်ကိုလည်း ဆောက်လုပ်ပေးထားသည်။

သိဒ္ဓတ္ထမင်းသားသည် ၁၆ နှစ်သား အရွယ်တွင် အတတ်ပညာအမျိုးမျိုးကို တတ်မြောက်ကျွမ်းကျင်လာခဲ့သည်။ ဘုရင်ကြီးသည် သားတော်အား ကပိလဝတ်ထီးနန်းကို လွှဲအပ်ပြီး ဘုရင်အဖြစ် တင်မြှောက်ခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ယသောဓရာကို မိဖုရားခေါင်အဖြစ် တင်မြှောက်၍ ထီးနန်းစည်းစိမ်ကို ပျော်ရွှင်စွာ စံစားတော်မူခဲ့သည်။



အလောင်းတော်မင်းသားသည် ထီးနန်းစည်းစိမ်ကို စံစား၍ အချိန်ကြာမြင့်လာသောအခါ ဘဝအပေါ် လေ့လာ စူးစမ်းတတ်

လာခဲ့သည်။ ထိုအချိန်တွင် အလောင်းတော်မင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်တွေ့ခဲ့၏။ ပထမနိမိတ်ကြီးသုံးပါးကို မြင်ရစဉ် သက်ရှိသတ္တဝါအားလုံး ဒုက္ခနှင့် မကင်းနိုင်ပုံကို ဆင်ခြင်မိသည်။ ကြည်ညိုဖွယ်ရာ ရဟန်းကို မြင်တွေ့ရသောအခါ လူ့ဘဝ၏ ဆင်းရဲဒုက္ခများ အဆုံးသတ်နိုင်မည့် လမ်းကို ရှာဖွေလိုစိတ် ဖြစ်ပေါ်လာသည်။ ထိုသို့ဖြစ်ပေါ်နေစဉ် ယသောဓရာမိဖုရားက သားတော်လေးတစ်ပါးကို ဖွားမြင်လေသည်။

ကြင်ရာတော် ယသောဓရာနှင့် သားတော်လေးတို့အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိမြင်သော်လည်း မိသားစု၏ ကောင်းကျိုးထက် လောကကောင်းကျိုးကို ထမ်းဆောင်ရန် ဆုံးဖြတ်တော်မူခဲ့သည်။ ထို့ကြောင့် သက်တော် ၂၉ နှစ်အရွယ်တွင် ကဏ္ဍကမြင်းကို စီးကာ ဆန္နအမတ်နှင့် အတူ တောထွက်တော်မူခဲ့သည်။ ထိုအခါ ဘုရားအလောင်းကို တောမထွက်ရန် မာရ်နတ်က တားဆီးခဲ့၏။ သို့သော် ဘုရားအလောင်းသည် မာရ်နတ်၏ နှောင့်ယှက်တားမြစ်မှုကို အနိုင်ယူ ကျော်ဖြတ်ကာ အနော်မာမြစ်ကမ်းသို့ ရောက်ရှိခဲ့သည်။ အနော်မာမြစ် တစ်ဘက်ကမ်းတွင် ဆံတော်ကိုပယ်၍ ရှင်ဘုရင်ဝတ်စုံကို ပယ်စွန့်ကာ ဃဋီကာရပြဟ္မာ ကပ်လှူအပ်သော သင်္ကန်းကို လဲလှယ်ဝတ်ဆင်တော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် အဆင်တန်ဆာထုပ်ကို ဆန္နအမတ်အား ပေးအပ်ကာ နန်းတော်သို့ ပြန်လွှတ်ခဲ့၏။ ထိုအချိန်မှစ၍ ဘုရားအလောင်းတော်သည် တောထဲတွင် အမှန်တရားနှင့် ငြိမ်းချမ်းရေးအတွက် တရားရှာသည့်ခရီးစဉ်ကို စတင်တော်မူခဲ့သည်။



## သင်ခန်းစာ (၅)

## ဘုရားဖြစ်တော်မူခြင်း

ဘုရားအလောင်းတော်သည် နန်းတော်ထဲတွင် နေစဉ်က အကောင်းဆုံး အစားအသောက်၊ အသုံးအဆောင်များကိုသာ စားသောက်သုံးဆောင်ခဲ့ရ၏။ တောထွက်တော်မူပြီးနောက်၌ကား ရသမျှဖြင့် တင်းတိမ်ရောင့်ရဲတော်မူရသည်။ ယခင်က ရွှေနန်းသုံးဆောင်၌ အထက်တန်းကျကျ စံမြန်းခဲ့ရသော်လည်း ယခုအခါ၌ကား သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်၌ ဆင်းရဲပင်ပန်းစွာ နေထိုင်အိပ်စက်ရသည်။

ထိုသို့နေထိုင်ကာ အမှန်တရားကို ရှာဖွေရင်း အာဠာရနှင့် ဥဒကဟူသော ရသေ့ကြီးနှစ်ပါးကို ဆည်းကပ်ခွင့်ရခဲ့၏။ ထိုရသေ့ကြီးများ ရရှိထားသော လောကီတရားထူးများကိုလည်း ရက်အနည်းငယ်အတွင်း နည်းခံရရှိခဲ့၏။ ရသေ့ကြီးများက အလောင်းတော်ကို သဘောကျပြီး တပည့်ပရိသတ်များကို ဝိုင်းဝန်းအုပ်ချုပ်ပေးရန် ကမ်းလှမ်းကြသည်။ မိမိ၏ ရည်မှန်းချက် မပြည့်စုံသေး၍ ရသေ့ကြီးများ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သည်။

ထို့နောက် ဥရုဝေလတောသို့ ကြွတော်မူကာ ဒုက္ကရစရိယာအကျင့်ကို ကျင့်သုံးခဲ့သည်။ ပဉ္စဝဂ္ဂီငါးဦးက အလောင်းတော်အား ပြုစုလုပ်ကျွေးကြ၏။ အလောင်းတော်သည် အစားအသောက်ကို ချိုးခြံလွန်း၍ အသားအရေများ တဖြည်းဖြည်း ညှိုမည်းခြောက်သွေ့လာကာ အရိုးနှင့် အရေသာ ကျန်ပြီး နောက်ဆုံး အာဟာရပြတ်၍ လဲကျသည်အထိ ဖြစ်ခဲ့သည်။





အလောင်းတော်သည် ထိုဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်ကြာ ကျင့်တော်မူပြီးနောက် "ဤနည်းနဲ့ တရားထူးရနိုင်မှာ မဟုတ်"ဟု ဆင်ခြင်မိပြီး အစားအသောက် ပြန်လည် မှီဝဲသုံးဆောင်ကာ အလယ်အလတ်လမ်းစဉ်ကို ပြောင်း၍ ကျင့်သုံး၏။ ထိုအခါ ပဥ္စဝဂ္ဂီငါးဦးတို့က "ပြင်းပြင်းထန်ထန် ကျင့်သုံးမှုကို စွန့်ပယ်သွားပြီ၊ ဘယ်နည်းနဲ့မှ ဘုရားဖြစ်မှာ မဟုတ်တော့"ဟု ယူဆကာ အလောင်းတော်ကို စွန့်ခွာသွားကြလေသည်။

ကဆုန်လပြည့်နေ့ နံနက်စောစောအချိန်တွင် အလောင်းတော်သည် ညောင်ပင်အောက်၌ ထိုင်နေတော်မူသည်။ ထိုအချိန်တွင် သုဇာတာသူဌေးသမီးသည် အလောင်းတော်ကို မိမိအား သားဆုပေးသော နတ်မင်းဟု ထင်မှတ်ကာ ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်အတူ ကပ်လှူပူဇော်ခဲ့၏။ အလောင်းတော်သည် နေရဥ္စရာမြစ်ကမ်း၌ ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး "ယနေ့ ဘုရားဖြစ်မည်မှန်ပါက ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုကာ မြစ်ထဲသို့ မျှောလိုက်လေသည်။ ရွှေခွက်သည် ရေညာသို့ ဆန်တက်သွားလေသည်။

ထို့နောက် အလောင်းတော်သည် ညနေချမ်းအချိန်တွင် ဗောဓိညောင်ပင်သို့ ကြွတော်မူ၏။ လမ်းတွင် မြက်ထမ်းသမား သောတ္ထိယလှူဒါန်းသောမြက်ရှစ်ဆုပ်ကို ဗောဓိပင်ခြေရင်း၌ ကြဲဖြန့်ကာ "ဘုရားမဖြစ်သမျှ ကာလပတ်လုံး ဤနေရာမှ ငါမထတော့"ဟု အဓိဋ္ဌာန်ပြုကာ တရားအားထုတ်တော်မူခဲ့၏။



မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နေမဝင်မီ မာရ်နတ်၏ရန်ကို အောင်မြင်တော်မူပြီး အရုဏ်တက်ခါနီး အချိန်တွင် "သိစရာမှန်သမျှကို အကြွင်းအကျန်မရှိ ကိုယ်တော်တိုင် သိမြင်သော ဘုရားရှင်"အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ (သဗ္ဗညုတဉာဏ်တော်ကို ရသည်နှင့် တစ်ပြိုင်နက် နေအရုဏ်လည်း တက်လေတော့သည်။)

## အောင်ပွဲ

ဘုရားအလောင်းတော် မင်းသားဟာ၊
တရား ကျင့်ကြံကာ။
တောထဲမှာ လွန်ခက်ခဲ၊
မလျော့သော သူ့ဇွဲ။
မာရ်နတ်ကလည်း နှောင့်ယှက်ပြန်၊
မေတ္တာနဲ့ တွန်းလှန်။
မာရ်နတ်ရန် အောင်မြင်သွား၊
တို့ရဲ့ မြတ်ဘုရား ။ ။

# သင်ခန်းစာ (၆)

## သာသနာပြုစေလွှတ်တော်မူခြင်း



ဘုရားဖြစ်တော်မူပြီးနောက် ၄၉ ရက်မြောက်နေ့တွင် တပုဿနှင့် ဘလ္လိကဟူသော ကုန်သည်ညီနောင်တို့သည် ဘုရားရှင်အား မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို လှူဒါန်းခဲ့သည်။ မြတ်စွာဘုရားရှင်က ညီနောင်နှစ်ဦးတို့အား အနုမောဒနာတရား ဟောတော်မူသည်။ သူတို့သည် ဘုရားနှင့်တရားဟူသော ရတနာနှစ်ပါးကို ပထမဦးဆုံး ကိုးကွယ်ခွင့် ရခဲ့ကြသူများဖြစ်သည်။

ထို့နောက် ဘုရားရှင်သည် မိဂဒါဝုန်တောသို့ ကြွတော်မူကာ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦးဒေသနာတော်ကို ဟောတော်မူရာ အရှင်ကောဏ္ဍည သောတာပန်တည်သည်။ ထို့နောက် အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူရာ ပဉ္စဝဂ္ဂီငါးဦးလုံး ရဟန္တာဖြစ်ကြသည်။ ထိုအချိန်မှစ၍ သာသနာတော်၌ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး ပြည့်စုံသွားလေသည်။

ထိုအချိန်တွင် သေနာနိဂုံးမှ သုဇာတာသူဌေးသမီး၏သား ယသသည် လောကစည်းစိမ်ကို ငြီးငွေ့ပြီး အိမ်မှ ထွက်ခွာလာရာ ဘုရားရှင်ရှိရာ မိဂဒါဝုန်တောသို့ ရောက်လာ၏။ ယသ၏ ဖခင်သူဌေးကြီး

သည် သားဖြစ်သူကို လိုက်ရှာရင်း ဘုရားရှင်ထံရောက်လာ၏။ ဘုရားရှင်သည် ယသသူဌေးသားကို တန်ခိုးဖြင့် ဖုံးကွယ်ထားပြီး သူဌေးကြီးကို တရားဟောတော်မူသည်။ တရားတော်အဆုံး၌ သူဌေးကြီးသည် သောတာပန်ဖြစ်လာခဲ့ပြီး ယသသည်ကား ရဟန္တာဖြစ်လာခဲ့သည်။ သူဌေးကြီးသည် ဘုရားရှင်ကို ဆွမ်းစားပင့်ကာ အိမ်သို့ပြန်သွားခဲ့သည်။

နောက်တစ်နေ့တွင် ဘုရားရှင်သည် ယသနှင့်အတူ သူဌေးကြီးအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသည်။ ထိုနေ့ ဆွမ်းကပ်ပွဲတွင် သူဌေးကတော်ကြီး သုဇာတာနှင့်အရှင်ယသ၏ ဇနီးဟောင်းတို့သည် ရတနာသုံးပါးကို ပထမဆုံး ကိုးကွယ်ဆည်းကပ်ခွင့်ရသည့် သောတာပန် ဒါယိကာမများ ဖြစ်လာခဲ့ကြသည်။

အရှင်ယသ၏ သူငယ်ချင်း ၅၄ ယောက်တို့သည်လည်း အရှင်ယသကို အားကျပြီး ရဟန်းပြုကြရာ ရဟန္တာများ ဖြစ်လာကြသည်။ ဤသို့ဖြင့် ပဉ္စဝဂ္ဂီငါးဦး၊ အရှင်ယသ၊ အရှင်ယသ၏ သူငယ်ချင်း ၅၄ ပါး၊ စုစုပေါင်း ဘုရားရှင်၏ တပည့်သာဝက ရဟန္တာအပါး ၆၀ အထိ ဖြစ်လာခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဝါလကင်းလွတ် သီတင်းကျွတ်သောအခါ အရှင်မြတ်အပါး ၆၀ ကို ခေါ်တော်မူ၍ လောကကောင်းကျိုးအတွက် အရပ်ဒေသများစွာသို့ ခရီးလှည့်လည် တရားဟောကြရန် တိုက်တွန်းတော်မူသည်။ သာသနာပြုလုပ်ငန်း လျင်မြန်စွာ ကျယ်ပြန့်လာစေရန်အတွက် လမ်းခရီးတစ်ခုကို တစ်ပါးတည်းသာ ကြွရောက်ကြရန် မိန့်ကြားပြီး သာသနာပြုစေလွှတ်တော်မူခဲ့သည်။



# သင်ခန်းစာ (၇)

## ကျင့်ကြံစရာ တရားရတနာ



### ဖားနတ်သားလေး

တစ်ရံရောအခါ ဗုဒ္ဓဘုရားရှင်သည် စမ္ပာပြည်ရှိ ဂဂ္ဂရာရေကန်အနီးဝယ် သီတင်းသုံးလျက် ရှင်လူအများအား တရားဟောတော်မူသည်။ ထိုစဉ် ကန်အတွင်း၌နေသော ဖားငယ်တစ်ကောင်သည် ရေကန်ထဲမှ ထွက်လာသည်။ ပရိသတ်အစွန် တစ်နေရာ၌ ဝပ်လျက် "ဤအသံသည် တရားတော်၏ အသံပင် ဖြစ်၏"ဟူ၍ အာရုံပြုကာ နာယူလျက်ရှိသည်။

ထိုအချိန်တွင် နွားကျောင်းသား တစ်ယောက်သည်လည်း တရားဟောရာအရပ်သို့ ရောက်လာပြီး ဝင်ရောက်၍ တရားနာယူလေသည်။ တရားနာရာ၌ သူသည် နွားမောင်းသည့် နှင်တံတုတ်ကို ထောက်ပြီး မတ်တတ်ရပ်လျက် နာယူသည်။ ထိုအခါ သူ၏နှင်တံတုတ်သည် ဖားငယ်၏ ဦးခေါင်းပေါ်သို့ မတော်တဆ ထောက်မိသွားသဖြင့် ဖားငယ်သည် ထိခိုက်ဒဏ်ရာရကာ ထိုနေရာမှာပင် သေဆုံးသွားရှာသည်။

ဖားငယ်သည် တရားတော်၏ အနက်အဓိပ္ပာယ်ကို မသိ။ သို့ရာတွင် တရားတော်ကို အာရုံပြု လျက် ကြည်သာရွှင်လန်းသော စိတ်အစဉ်ရှိနေစဉ် သေဆုံးသွားသဖြင့် တာဝတိံသာနတ်ပြည်တွင် နတ်သား ဖြစ်သွားလေသည်။ ရွှေဗိမာန်၌ နတ်သမီး အခြံအရံပေါင်းများစွာဖြင့် စံစားရသည့် မဏ္ဍူ ကဒေဝပုတ္တ (ဖားနတ်သား) ဟူ၍ အမည်တွင်သည်။ ထိုဖားနတ်သားသည် အတိတ်ဘဝက ဖား သူငယ်ဖြစ်ခဲ့ပုံနှင့် ဘုရားရှင်၏ တရားတော်ကို နာခဲ့ရသဖြင့် ယခုကဲ့သို့ နတ်သားဖြစ်လာခဲ့ရပုံကို ဆင်ခြင်မိပြီး ဘုရားရှင်ကို သွားရောက်ဖူးမြော်သည်။

ဘုရားရှင်သည် ဖားနတ်သား၏ ဖြစ်ကြောင်းကုန်စင်ကို တန်ခိုးတော်ဖြင့် သိမြင်တော်မူပြီးဖြစ် သည်။ သို့ရာတွင် တရားနာပရိသတ်များ ထင်ရှားစွာ သိစေလိုသဖြင့် ဖားနတ်သားကို အကျိုးအကြောင်း မေးမြန်းသည်။ ဖားနတ်သားကလည်း ဖြစ်ပျက်ပုံ အလုံးစုံကို လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်သည် တရားနာခြင်း၏ အကျိုးကို ရှင်းလင်းဟောပြတော်မူသည်။ နိဗ္ဗာန် ရောက်ကြောင်း တရားကိုလည်း ဆက်လက် ဟောပြတော်မူသည်။ တရားအဆုံးတွင် ဖားနတ်သား သည် သောတာပန်တည်သွားသည်။ တရားနာပရိသတ်တို့လည်း ထူးမြတ်သော အကျိုးကျေးဇူးကို ခံစားရရှိလေသည်။



## တရားဂုဏ်တော် ခြောက်ပါး

| | | |
|---|---|---|
| သွာက္ခာတော ဘဂဝတာ ဓမ္မော | = | ကောင်းမွန်စွာ ဟောတော်မူအပ်သော တရားတော်ဖြစ်သော ဂုဏ်။ |
| သန္ဒိဋ္ဌိကော | = | ကိုယ်တိုင်ကိုယ်ကျ သိမြင်သဘောပေါက်နိုင်သော ဂုဏ်။ |
| အကာလိကော | = | ချက်ချင်းလက်ငင်း အကျိုးပေးနိုင်သော ဂုဏ်။ |
| ဧဟိ ပဿိကော | = | လက်တွေ့လာကျင့်ကြည့်ပါဟု ဖိတ်ခေါ်ရဲသော ဂုဏ်။ |
| ဩပနေယျိကော | = | စိတ်ထဲ၌ အမြဲမပြတ် ဆောင်ထားအပ်သော ဂုဏ်။ |
| ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ | = | ပညာရှိတို့ တစ်ဦးချင်းစီ သိမြင်ခံစားအပ်သော ဂုဏ်။ |

## ဖားနတ်သားလေး

ဖားကလေးတွေက ဧွ့ဧွ့ခုန် တောအုပ်မြိုင်ကြီးစိမ်းစိုစို
ရဟန်းသူတော်တို့ သီတင်းသုံးရာ ဗုဒ္ဓမြတ်စွာ ကြွရောက်လာ
တရားရေအေး တိုက်ကာကျွေး အေးမြစိတ်ကြည်သာ
မြတ်စွာဘုရားရဲ့ သံသာသာ တရားဟောစဉ်အခါ
ဖားလိမ္မာလေး တစ်ကောင်ဟာ စူးစိုက်နားထောင်ရှာ
မတ်တတ်ရပ်လို့ တုတ်ထောက်ကာ နွားကျောင်းသားလေးတရားနာ
ဖားလိမ္မာလေး သနားစရာ တုတ်နဲ့ထောက်မိကာ
ဘုရားရှင်တရားရဲ့ သံသာသာ ကြည်ညိုသဒ္ဓါပွားစဉ်မှာ
သေဆုံးသွားတဲ့ ဖားလိမ္မာ ဖားနတ်သားလေး ဖြစ်သွားတာ။



## သင်ခန်းစာ (၈)

## တရားထိုင်ကြမယ်



### တရားထိုင်နည်းလင်္ကာ

တင်ပျဉ်ခွေကာ ထိုင်နေပါ၊
ခါးမှာ ဖြောင့်ဖြောင့်ထား။
မလှုပ်ကြွနေ ငြိမ်ငြိမ်နေ၊
စိတ်တွေ မလွင့်ပါး။
မျက်စိမှိတ်ကာ ခေါင်းတည့်ပါ၊
နှာသီးဝမှာ စိတ်ကိုထား။
ထွက်တာဝင်တာ ရှုစိုက်ကာ၊
မှတ်ပါ ကလေးများ။ ။

(မှတ်ချက်။ ။ မဟာစည် ဆရာတော်ဘုရားကြီး၏ လင်္ကာကို ကလေးများနှင့် သင့်လျော်အောင် ပြုပြင်ထားပါသည်။)

သုံးတသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်



# သင်ခန်းစာ (၉)

## ဒုစရိုက်တရား ဆယ်ပါး

### အနာထပိဏ်သူဌေးနှင့် တံခါးစောင့်နတ်

ရှေးအခါက သာဝတ္ထိပြည်တွင် နေထိုင်သော အနာထပိဏ်သူဌေးကြီးသည် အလှူဒါနပြု လုပ်ရာတွင် လေးစားအတုယူထိုက်သည့် သူဌေးကြီးတစ်ဦးဖြစ်၏။ သူသည် ဇေတဝန်ကျောင်းတော်ကြီးကို ငွေအသပြာ ၅၄ ကုဋေ အကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့၏။ သူဌေးကြီးသည် တစ်နေ့သုံးကြိမ် ဘုရားကျောင်းတော်သို့ သွားရောက်လေ့ရှိ၏။ နံနက်ပိုင်းတွင် ယာဂု (ဆန်ပြုတ်)၊ နေ့လယ်ပိုင်းတွင် ဖျော်ရည်၊ ညနေပိုင်းတွင် ပန်းနံ့သာများ ယူဆောင်သွားလေ့ရှိ၏။

တစ်ချိန်တွင် သူဌေးကြီးသည် စီးပွားရေး ကျဆင်းကာ ဆင်းရဲနွမ်းပါးသွား၏။ သို့ရာတွင် အလှူအတန်းကိုကား မလျှော့ပေ။ ရှိသမျှဖြင့် ဖြစ်အောင်လှူဒါန်း၏။ သူဌေးကြီးအိမ်၏ စတုတ္ထတံခါးစောင့် မိစ္ဆာဒိဋ္ဌိနတ်သည် သူဌေးကြီး အလှူအတန်းများ ရက်ရက်ရောရော ပြုလုပ်နေသည်ကို သဘောမကျနိုင် ဖြစ်နေ၏။ သူဌေးကြီးအိမ်သို့ ရဟန်းသံဃာများ ကြွလာသည့်အခါတိုင်း သူ့နေရာမှ ဖယ်ပေးနေရသဖြင့် ဒေါသထွက်နေ၏။

တစ်နေ့တွင် မိစ္ဆာဒိဋ္ဌိနတ်သည် ကိုယ်ထင်ပြကာ "သူဌေးကြီး . . . သင်ဟာ နောင်ရေးကိုမကြည့်ဘဲ ဂေါတမမြတ်စွာဘုရားကို အလကားလှူပစ်နေလို့ ပစ္စည်းတွေ ကုန်ခန်းပြီး ဆင်းရဲခဲ့တယ်၊ မလှူနဲ့တော့ ဘာမှ အကျိုးမရှိဘူး" ဟု အပြစ်တင်စကား ပြောဆိုလေသည်။



၂၉၃၈၅



ထိုစကားကို ကြားသောအခါ သူဌေးကြီးသည် မိစ္ဆာဒိဋ္ဌိနတ်ကို အိမ်မှ နှင်ထုတ်လိုက်လေ၏။ ထိုအခါ မိစ္ဆာဒိဋ္ဌိနတ်သည် သိကြားမင်းထံသွား၍ အကြံဉာဏ်တောင်းလေသည်။

သိကြားမင်းက "သူဌေးကြီးဟာ အလှူဒါနမှာ စေတနာ ကောင်းသူဖြစ်လို့ တားမြစ်ပိတ်ပင်၍ မရနိုင်၊ ဒါပေမဲ့ အခုအချိန်မှာ ပစ္စည်းဥစ္စာတွေ နွမ်းပါးနေလို့ သူဌေးကြီးဆီက ချေးငှားထားသူတွေ အကြွေးပြန်ပေးကြဖို့ သင်က လိုက်လံနှိုးဆော်ပေးရမယ်"ဟု အကြံပေးလိုက်လေသည်။

သိကြားမင်း အကြံပေးသည့်အတိုင်း ကြွေးယူထားသူများကို လိုက်လံ ဆော်ဩပေးရာ အကြွေးယူထားသူ အားလုံးက ပြန်လည်ပေးဆပ်ကြ၏။ သူဌေးကြီးလည်း ပြန်၍ချမ်းသာ ကြွယ်ဝလာကာ အလှူဒါနများကို စိတ်တိုင်းကျ ပြုလုပ်နိုင်တော့သည်။ မိစ္ဆာဒိဋ္ဌိနတ်သည် သူ့အမှားကို ခွင့်လွှတ်ပါရန် သူဌေးကြီးကို တောင်းပန်လေသည်။ သူဌေးကြီးကလည်း ခွင့်လွှတ်ပြီး အယူမှန်ရအောင် တရားနာရန် မြတ်စွာဘုရားရှင်ထံသို့ ခေါ်သွားလေသည်။ မြတ်စွာဘုရားရှင်၏ တရားတော်များ နာယူပြီးသောအခါ မိစ္ဆာဒိဋ္ဌိနတ်သည် အယူမှားများ ကင်းစင်ပြီး သောတာပန် ဖြစ်သွားလေသည်။



## ဒုစရိုက်တရားဆယ်ပါး

(က) ကာယဒုစရိုက် (ကိုယ်ဖြင့် ပြုလုပ်သော မကောင်းမှု) သုံးပါး

၁။ ပါဏာတိပါတ (သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း)

၂။ အဒိန္နာဒါန (သူတစ်ပါးဥစ္စာကို ခိုးယူခြင်း)

၃။ ကာမေသု မိစ္ဆာစာရ (သူတစ်ပါးသားမယားကို လွန်ကျူးပြစ်မှားခြင်း)

(ခ) ဝစီဒုစရိုက် (နှုတ်ဖြင့် ပြုလုပ်သော မကောင်းမှု) လေးပါး

၁။ မုသာဝါဒ (လိမ်ညာပြောဆိုခြင်း)

၂။ ပိသုဏာဝါစာ (ကုန်းတိုက်စကားပြောဆိုခြင်း)

၃။ ဖရုသဝါစာ (ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း)

၄။ သမ္ဖပ္ပလာပ (အကျိုးမရှိသော စကားကို ပြောဆိုခြင်း)

(ဂ) မနောဒုစရိုက် (စိတ်ဖြင့် ပြုလုပ်သော မကောင်းမှု) သုံးပါး

၁။ အဘိဇ္ဈာ (သူတစ်ပါးပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်ရင် ကောင်းမှာပဲဟု ကြံစည်ခြင်း)

၂။ ဗျာပါဒ (သူတစ်ပါး ဒုက္ခရောက်ရင် ကောင်းမှာပဲဟု ကြံစည်မှု)

၃။ မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း၊ ကံ ကံ၏အကျိုးကို မယုံကြည်ခြင်း စသည်)

## သင်ခန်းစာ (၁၀)

## လူမှုရေးမင်္ဂလာ



### အသက်ရှည်ကြောင်း နည်းလမ်းကောင်းများ

ရှေးအခါက "ဓမ္မပါလ"အမည်ရှိသော ရွာတစ်ရွာရှိ၏။ ထိုရွာမှ ဇနီးမောင်နှံ နှစ်ယောက်တွင် သားလေးတစ်ယောက်ရှိ၏။ သူတို့သည် သားလေး အရွယ်ရောက်သည့်အခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာသင်ကြားရန် စေလွှတ်ကြသည်။ သားငယ်လုလင်သည် အတတ်ပညာများကို ကြိုးစားသင်ယူ၍ မကြာမီ လက်ထောက်ကထိက ဖြစ်သွားခဲ့၏။

တစ်နေ့တွင် ဒိသာပါမောက္ခဆရာကြီး၏ သားတစ်ယောက် ဆုံးပါးသွား၏။ ထိုအခါ လုလင်ငယ်က "ဆရာကြီးရဲ့သားဟာ ဘာလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားတာလဲ"ဟု တပည့်များကို တအံ့တသြ မေးလေ၏။ ထိုအခါ တပည့်များက "ဆရာ . . . လူဆိုတာ သေမျိုးချည်းပဲ၊ ကြီးကြီးငယ်ငယ် သေကြတာပဲ"ဟု ပြန်ဖြေကြသည်။ ထိုအဖြေကို လုလင်ငယ်က သဘောမကျပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ ဓမ္မပါလရွာ၌ အသက်ငယ်ရွယ်သူများ သေရိုးထုံးစံ မရှိသောကြောင့် ဖြစ်၏။

ထိုအကြောင်းကို ဒိသာပါမောက္ခဆရာကြီး ကြားသိသောအခါ မယုံကြည်နိုင် ဖြစ်နေ၏။ ထို့ကြောင့် "လက်တွေ့သိအောင်စုံစမ်းမယ်"ဟုဆိုကာ ဆိတ်ရိုးများကို လွယ်အိတ်ထဲထည့်ကာ ဓမ္မပါလရွာသို့ ထွက်လာခဲ့၏။

ဓမ္မပါလရွာသို့ ရောက်သောအခါ လုလင်ငယ်၏ မိဘများထံ သွား၍ "သင်တို့ရဲ့သား မမျှော်လင့်ဘဲ ရောဂါတစ်ခုနဲ့ သေဆုံးသွားရှာတယ်"ဟု ပြောကာ လွယ်အိတ်ထဲမှ အရိုးများကို ထုတ်ပြလေသည်။ ထိုအခါ



လုလင်ငယ်၏ ဖခင်သည် အားရပါးရ ရယ်မောကာ “မဖြစ်နိုင်တာကို မပြောပါနဲ့ ဆရာကြီး၊ ကျွန်ုပ်ရဲ့သား ဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ၊ ကျွန်ုပ်တို့ရဲ့ မျိုးရိုး၊ ကျွန်ုပ်တို့ရဲ့ ရွာမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရိုးထုံးစံ မရှိပါ၊ ဒီအရိုးတွေက အခြားသတ္တဝါ တစ်ကောင်ကောင်ရဲ့ အရိုးများသာ ဖြစ်ပါလိမ့်မယ်”ဟု ပြန်ပြောလိုက်လေသည်။

ထိုအခါမှ ဆရာကြီးသည် သူရောက်လာရသည့် အကြောင်းရင်းမှန်ကို ပြောပြပြီး ဓမ္မပါလရွာ၌ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် မသေရခြင်း၏ အကြောင်းရင်းကို မေးမြန်းလေသည်။ ထိုအခါ လုလင်ငယ်၏ ဖခင်က “ဆရာကြီး . . . ကျွန်ုပ်တို့ဟာ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ လိမ်ညာ ပြောဆိုခြင်း၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်း၊ သူတစ်ပါး သားမယားကို ကျူးလွန်စော်ကားခြင်းစတဲ့ ဒုစရိုက်တရားများကို ရှောင်ကြဉ်ပါတယ်၊ ကောင်းသော သုစရိုက်တရားများကိုသာ ကျင့်သုံးကြတယ်၊ ဒါ့အပြင် ရဟန်းသံဃာတော်များ၊ သူတော်စင်သူတော်ကောင်းများ၊ ခရီးသွားဧည့်သည်များ၊ တောင်းရမ်းစားသောက်သူများ၊ သူဆင်းရဲများကို လှူဒါန်းပေးကမ်းခြင်းများ အမြဲမပြတ် ပြုလုပ်ကြပါတယ်၊ အဲဒီလို ကောင်းမြတ်တဲ့ သုစရိုက်တရားများကိုသာ ကျင့်သုံးကြတဲ့အတွက် ကျွန်ုပ်တို့ ဓမ္မပါလရွာမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရိုးထုံးစံ မရှိကြပါ”ဟု ရှင်းပြလိုက်လေသည်။ ဒိသာပါမောက္ခ ဆရာကြီးကိုလည်း ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးဧည့်ခံကြသည်။



ဆရာကြီးလည်း လုလင်ငယ်၏ ဖခင်ကြီး ပြောပြသော ဓမ္မပါလရွာသူရွာသားများ၏ အသက်ရှည်ကြောင်း နည်းလမ်းကောင်းများကို ပေလွှာပေါ်တွင် ရေးမှတ်၍ တက္ကသိုလ်ပြည်သို့ ဝမ်းမြောက်စွာ ပြန်လာခဲ့လေသည်။

### လူမှုရေးမင်္ဂလာ

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုအကျိုး၊
သယ်ပိုးရွက်ဆောင်စေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။ ။

# သင်ခန်းစာ (၁၁)

## မကောင်းမှုရှောင် ကောင်းမှုဆောင်မင်္ဂလာ



### မကောင်းမှုကို ရှောင်နိုင်သူ

တစ်ရံရောအခါ မိခင်တစ်ဦးသည် ခင်ပွန်းသေဆုံးသဖြင့် သားလုလင် နှစ်ယောက်ကို အားကိုးအားထားပြု၍ နေထိုင်သည်။ သားနှစ်ယောက်သည်လည်း မိခင်ကို ရိုသေစွာ လုပ်ကျွေး ပြုစုကြသည်။ တစ်နေ့တွင် မိခင်ဖျားနာရာ ရောဂါပြင်းသဖြင့် ဆေးဆရာကို ခေါ်ယူပြသရသည်။ ဆေးဆရာက လူနာ၏ရောဂါကို စမ်းသပ်ပြီးနောက် ညီအစ်ကိုနှစ်ဦးအား "သင်တို့ မိခင်၏ ရောဂါအတွက် ယုန်သားဓာတ်စာ ကျွေးမှ ပျောက်ကင်းမည်"ဟု ဆိုသည်။ ဤတွင် အစ်ကိုက ညီငယ်အား "တောသို့ သွား၍ ယုန်ထောင်ပါ၊ ယုန်သားကို ရအောင်ယူခဲ့ပါ"ဟူ၍ ဆို၏။

ညီငယ်လည်း ယုန်ထောင်ရန် တောသို့ သွားသည်။ တောစပ်သို့ အရောက်တွင် ယုန်ငယ်တစ်ကောင်ကိုတွေ့၍ အလွယ်တကူပင် ဖမ်းယူလိုက်သည်။ ယုန်ကလေးမှာ ကြောက်ရွံ့သဖြင့် တစ်ကိုယ်လုံး တုန်နေရှာသည်။ ညီငယ်သည် မိမိလက်တွင်း ရောက်နေသော ယုန်ကလေး၏ ဖြစ်အင်ကို ကြည့်ကာ စာနာစိတ် ဖြစ်ပေါ်သွားသည်။

သတ္တဝါဆိုသည်မှာ သေရမည်ကို ကြောက်ကြသူချည်းပင်။ ငါလည်း သေရမည်ကို ကြောက်သည်။ ငါ့မိခင်လည်း သေရမည်ကို ကြောက်သည်။ ယုန်ကလေးလည်း သေရမည်ကို ကြောက်သည်။ ငါ့မိခင် အသက်မသေအောင် ယုန်ကလေးအသက်ကို သတ်ရမည် ဆိုသည်မှာ တရားပါသလောဟူ၍ တွေးတောဆင်ခြင်သည်။

နောက်ဆုံးတွင် ယုန်ကလေးကို မသတ်သင့်ဟု ဆုံးဖြတ်ကာ လွှတ်လိုက်သည်။ ယုန်ငယ်လည်း အားရဝမ်းသာ ထွက်ပြေးသွားသည်။ ညီငယ်အိမ်ပြန်ရောက်၍ အစ်ကိုအား အကျိုးအကြောင်း ပြန်ပြောသောအခါ အစ်ကိုက မကျေနပ်ချေ။

သင်သည် မိခင်အကျိုးကို ပစ်ပယ်သူ ဖြစ်သည်ဟုဆိုကာ ကြိမ်းမောင်းပြစ်တင်သည်။ ဤတွင် မိခင်က “သားငယ်မှာ အပြစ်မရှိပါ၊ သားငယ်၏ ဆောင်ရွက်မှုသည် မှန်ကန်သည်။ သူ့အသက်ကို သတ်ခြင်းသည် မကောင်း”ဟု ဆိုကာ သားငယ်၏ လုပ်ဆောင်မှုကို အားရဝမ်းသာ သာဓုခေါ်လေသည်။

ထိုစဉ် ညီငယ်က “ကျွန်ုပ်သည် သိတတ်သည့် အရွယ်မှစ၍ သိလျက်နှင့် သူတစ်ပါးအသက်ကို မသတ်ခဲ့ပါ။ ဤစကားမှန်ပါက မိခင်၏ရောဂါသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင် ပပျောက်ပါစေသတည်း”ဟူ၍ သစ္စာပြု၏။ ထိုမှန်သော သစ္စာစကားကြောင့် မိခင်ရောဂါမှာ ချက်ချင်း ပျောက်ကင်းသွားလေသည်။ မကောင်းမှုကို ကိုယ်၊ နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။ တစ်နည်းအားဖြင့် ကြီးပွားခြင်း၏ အကြောင်းတစ်ရပ် ဖြစ်သည်။

### မကောင်းမှုရှောင် ကောင်းမှုဆောင်မင်္ဂလာ

မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရားမမေ့စေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။



# သင်ခန်းစာ (၁၂)

## ကန္တြွေရှင် ကိုရင်လေး

### နိဂြောဓသာမဏေ

ရှေးအခါက အိန္ဒိယနိုင်ငံတွင် "အသောက" အမည်ရှိသော ဘုရင်ကြီးတစ်ပါး ရှိခဲ့သည်။ ဘုရင်ကြီးသည် ရက်စက်ကြမ်းကြုတ်ပြီး ညီနောင်မင်းသားများကို သတ်၍ ထီးနန်းကို သိမ်းပိုက် ရယူခဲ့သည်။

ထိုအခါ ညီနောင်မင်းသားတို့၏ ကြင်ရာတော်တို့သည် ခြေဦးတည့်ရာ ထွက်ပြေးကြရသည်။ ထွက်ပြေးခဲ့ကြသော မိဖုရားတို့တွင် "သုမနာ"အမည်ရှိ ကိုယ်ဝန်ဆောင် မိဖုရားတစ်ပါးလည်း ပါ၏။ သူသည် ခြေဦးတည့်ရာ ထွက်ပြေးရင်း သူတောင်းစားများနေသော ရွာတစ်ရွာသို့ ရောက်လေသည်။ မကြာမီ သုမနာဒေဝီသည် ထိုရွာ၏ ညောင်ပင်ကြီးအောက်၌ သားတော်လေးတစ်ပါးကို ဖွားမြင်လေ၏။ ညောင်ပင်အောက်တွင် ဖွားမြင်သောကြောင့် သားတော်လေးကို "နိဂြောဓ"ဟု အမည်ပေးခဲ့၏။ သားတော်လေး ခုနစ်နှစ်အရွယ် ရောက်သောအခါ ရှင်ပြုပေး၍ "နိဂြောဓ"ဟူသော အမည်ဖြင့် ရှင်သာမဏေ ဖြစ်လာ၏။ နိဂြောဓသာမဏေသည် ပါရမီဉာဏ် ရင့်သန်သောကြောင့် မကြာမီပင် တရားရရှိခဲ့၏။

ထိုအချိန်၌ အသောကဘုရင်ကြီးသည် အဝတ်မဝတ်သော တက္ကတွန်းများကို ကိုးကွယ်ဆည်းကပ်၍ နန်းတော်ထဲတွင် နေ့စဉ်နေ့တိုင်း ဆွမ်းကျွေးလျက်ရှိ၏။ တစ်နေ့တွင် ဘုရင်ကြီးသည် လေသာပြတင်းမှ အပြင်သို့ ရှုစားနေစဉ် ကိုရင်လေးနိဂြောဓသည် သင်္ကန်းကို သပ်ရပ်စွာ ဝတ်ရုံ၍ သပိတ်ကလေးပိုက်ကာ ခြေလှမ်းကို မစိပ်မကျဲ လှမ်းလျက် မျက်လွှာချပြီး ဆွမ်းခံကြွနေသည်ကို တွေ့မြင်လေ၏။ ဘုရင်ကြီးသည် ကိုယ်အမူအရာ နူးညံ့သိမ်မွေ့ပြီး အသွင်အပြင် တည်ငြိမ်ရင့်ကျက်သော ကိုရင်လေးကို တွေ့မြင်သောအခါ စိတ်ဝင်စားသွားသည်။ သို့ဖြစ်၍ "ကိုရင်လေးကို သွားပင့်ချေ"ဟု အမတ်များကို စေလွှတ်လေ၏။ ကိုရင်လေးသည် အေးဆေးတည်ငြိမ်သော ကန္တြွေဖြင့် နန်းတော်ထဲသို့ ကြွလာသည်။





နန်းတော်တွင်းသို့ ရောက်သောအခါ ကိုရင်လေးသည် မည်သူ့ကိုမှ မျက်နှာချို သွေး စကားမပြောဘဲ တည်ငြိမ်သော ဣန္ဒြေဖြင့် ဘုရင်ကြီးကို ကြည့်ရှုလိုက်သည်။ ထိုအခါ ဘုရင်ကြီးသည် "ကိုရင်လေး . . . သင့်တော်သော နေရာမှာ ထိုင်တော်မူပါ" ဟု လျှောက်ထား၏။ ကိုရင်လေးသည် နန်းတော်အတွင်း၌ မိမိထက် ဝါကြီးသော ရဟန်းတော်များ၊ ကိုရင်များ ရှိ မရှိ ကြည့်လိုက်သည်။ မရှိကြောင်း သိသောအခါ ဘုရင်ကြီးထိုင်သော ရာဇပလ္လင်ပေါ်သို့ တက်သွားပြီး ငြိမ်သက်တည်ကြည်စွာ ထိုင်နေလိုက်သည်။

ထိုအခါ မြင်ရသူအားလုံး အံ့သြသွားကြ၏။ "ဘုရင်ကြီးက စိတ်ဆိုးပြီး ကိုရင်လေးကို သတ်ပစ်မည်လား"ဟုလည်း စိုးရိမ်နေခဲ့ကြ၏။ သို့သော် ဘုရင်ကြီးက စိတ်မဆိုးဘဲ ပို၍ပင် လေးစားကြည်ညို သွားခဲ့သည်။ ကိုရင်လေးသည် ဘုရင်ကြီးကို တရားဟော၏။ ကိုရင်လေး ဟောကြားသော တရားတော်ကို ကြားနာရသောကြောင့် ဘုရင်ကြီးသည် ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့၏။ နိဂြောဓသာမဏေလေး၏ ကျေးဇူးကြောင့် ပင်ကိုက ရက်စက်ကြမ်းကြုတ်သော အသောကဘုရင်ကြီးသည် နူးညံ့သိမ်မွေ့ကာ တိုင်းသူပြည်သားများအပေါ် တရားမျှတစွာ အုပ်ချုပ်သော သူတော်ကောင်း ဘုရင်ကြီးတစ်ပါး ဖြစ်သွားခဲ့သည်။

**ရဟန်းသာမဏေ တို့ရိုသေ**

ဘုရားသားတော် ရဟန်းသံဃာ၊
ရိုသေလေးစားမှာ။
လက်အုပ်ချီကာ ဦးနှိမ်ချ၊
အမြဲ ရှိခိုးကြ။
ငယ်စဉ်ကတည်းက ကျင့်ကြံပေ၊
ထူးတဲ့ သာမဏေ။
တို့တစ်တွေ ရှိခိုးလို့၊
ကုသိုလ်ယူကြစို့။ ။

**နိဂြောဓသာမဏေ**

နိဂြောဓခေါ် သာမဏေ၊
ဣန္ဒြေ ကြီးမားပေ။
ပါရမီတွေ လွန်ပြည့်ဝ၊
တရားသိမြင်ရ။
အသောကမင်း ပင့်ဖိတ်ရာ၊
ပလ္လင်ပေါ် တက်ကာ။
တည်ငြိမ်စွာပင် တရားဟော၊
မြင်သူတိုင်း အံ့သြ။ ။

# သင်ခန်းစာ (၁၃)
## ဥတ္တမာထေရီ

တစ်ခါက သူတစ်ပါးအိမ်တွင် အစေခံလုပ်နေရရှာသော သူဆင်းရဲမလေးတစ်ယောက် ရှိသည်။ သူဆင်းရဲမလေးသည် ပစ္စည်းဥစ္စာ ဆင်းရဲသော်လည်း ဉာဏ်ပညာချမ်းသာသူ ဖြစ်၏။ ဘာသာတရား ကိုင်းရှိုင်းပြီး ဘုရား၊ တရား၊ သံဃာကို ယုံကြည်ကိုးကွယ်သူ ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်း မွန်ပြီး ငါးပါးသီလကိုလည်း အမြဲစောင့်ထိန်းသည်။ ညစဉ် ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပွားများခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်းတို့ကို ပြုလေ့ရှိပြီး သတ္တဝါများကို မေတ္တာပို့အမျှဝေသည်။ ဆင်းရဲလွန်းသဖြင့် အလှူဒါန မပြုနိုင်သော်လည်း သူတတ်နိုင်သည့် ကုသိုလ်များကို မရရအောင်ယူသည်။ အခြားသူများ၏ အလှူဒါနပြုမှုကိုလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လေ့ရှိ၏။

တစ်နေ့တွင် သူဆင်းရဲမလေးက "ငါသည် ဆင်းရဲလှသောကြောင့် သူတစ်ပါးအိမ်တွင် အိမ်စေဖြစ်နေရ၏၊ အလှူဒါနလည်း မလုပ်နိုင်၊ ငါလုပ်နိုင်သည်မှာ သီလကို မကျိုးပေါက်အောင် စောင့်ထိန်းခြင်းဖြစ်သည်၊ ငါးပါးသီလ စောင့်ထိန်းရုံသာမက ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ စောင့်ထိန်းနိုင်ရန် သူဌေးထံ ခွင့်တောင်းမည်"ဟု ကြံစည်မိသည်။ သူဌေးထံ ခွင့်တောင်းသောအခါ သူဌေးကလည်း ဘာသာတရားကြည်ညိုကိုးကွယ်သူ ဖြစ်သောကြောင့် သူဆင်းရဲမလေးအား ဥပုသ်စောင့်ခွင့် ပြုလိုက်သည်။

ဤသို့ဖြင့် သူဆင်းရဲမလေးသည် ဥပုသ်နေ့၌ ဝမ်းမြောက်ဝမ်းသာ သီလခံယူဆောက်တည်သည်။ ဘုရားရှင်ဟောကြားသော တရားတော်များကို နာယူသည်။ သီလကိုလည်း မကျိုးပေါက်အောင် စောင့်ထိန်းသည်။ မိမိ၏သီလကို အမြဲဆင်ခြင်ပွားများကာ ပီတိများ တဖွားဖွား ဖြစ်နေသည်။ သူဆင်းရဲမလေး ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်၍ နတ်စည်းစိမ်တို့ကို ရရှိခံစားခဲ့ရသည်။ ဘဝများစွာ အပါယ်လေးပါးသို့ မကျရောက်ဘဲ ကောင်းသောဘဝ၊ မြင့်မြတ်သော ဘဝများတွင်သာ ဖြစ်ရလေသည်။





ဂေါတမဘုရားရှင် လက်ထက်တော်၌ ထို သူဆင်းရဲမလေးသည် သူဌေးကြီးတစ်ဦး၏ သမီး ဖြစ်လာပြီး မိဘများက "ဥတ္တမာ"ဟု အမည်ပေး ကြ၏။ ဥတ္တမာသည် ငယ်ရွယ်စဉ်ကတည်းကပင် ဘာသာတရား ကိုင်းရှိုင်းသူဖြစ်သည်။ အသက် ခုနစ်နှစ်အရွယ်ကပင် သာမဏေမ (အမျိုးသမီး သာမဏေ) အဖြစ်ခံယူ၍ တရားဘာဝနာ ပွားများ အားထုတ်လေသည်။

နောင်အခါတွင် ဥတ္တမာသည် "ဥတ္တမာ ထေရီ"ဟူသော ဘွဲ့အမည်ဖြင့် ရဟန်းမဖြစ်လာ ပြီး သူဆင်းရဲမလေးဘဝက ပြုလုပ်ခဲ့သော ကောင်းမှုများကြောင့် တရားထူးကို အလျင် အမြန်ရရှိကာ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ လေသည်။

**ကောင်းမှုတစ်ခု နေ့စဉ်ပြု**

ပေးကမ်းစွန့်ကြဲ လှူဒါန်းတာ၊
အဲဒါ ဒါနပါ။
စည်းစိမ်ဥစ္စာ ချမ်းသာဖို့၊
ဒါနပြုကြစို့။
ကိုယ်နှင့် နှုတ်ကိုစောင့်ထိန်းတာ၊
အဲဒါ သီလပါ။
ကောင်းရာဘဝ ရရှိဖို့၊
သီလစောင့်ကြစို့။
ကမ္မဋ္ဌာန်းတရား အားထုတ်တာ၊
အဲဒါ ဘာဝနာ။
ဒုက္ခကင်းကွာချုပ်ငြိမ်းဖို့၊
ဘာဝနာတရား ပွားများစို့။
ဒါန သီလ ဘာဝနာ၊
အဲဒါ အားကိုးရာ။
နေ့စဉ်တိုင်းသာ တိုးပွားဖို့၊
အမြဲ ကြိုးစားစို့။ ။



# သင်ခန်းစာ (၁၄)

## မိဘစကား နားထောင်သော ဒီဃာဝု



ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း အုပ်ချုပ်၏။ ဗာရာဏသီပြည်သည် ကြွယ်ဝချမ်းသာ၍ စစ်အင်အားလည်း တောင့်တင်း၏။ အိမ်နီးချင်း ကောသလတိုင်းနိုင်ငံ၌ ဒီဃီတိကောသလမင်း အုပ်ချုပ်၏။ ကောသလတိုင်းနိုင်ငံသည် ဆင်းရဲ၏။ စစ်အင်အားလည်း ချည့်နဲ့၏။ အင်အားနည်းပါးမှုကို အခွင့်ကောင်းယူ၍ ဗြဟ္မဒတ်မင်းသည် ကောသလတိုင်းကို စစ်တိုက်၍ သိမ်းပိုက်လေ၏။

ထိုအခါ ဒီဃီတိကောသလမင်းသည် မိဖုရားကြီးကိုခေါ်၍ တိတ်တဆိတ် ထွက်ပြေးကာ ဗာရာဏသီပြည်၏ အစွန်အဖျားအရပ်ရှိ အိုးထိန်းသည်တစ်ဦး အိမ်၌ ပရိဗိုဇ်ရဟန်းအသွင်ဖြင့် မထင်မရှား နေလေ၏။ ထိုအိမ်သို့ ရောက်၍ မကြာမီပင် မိဖုရားကြီးသည် သားတစ်ယောက် ဖွားမြင်လေသည်။ ထိုသားလေးအား "ဒီဃာဝု"ဟု နာမည်မှည့်ကြ၏။ ဒီဃာဝုမင်းသားလေး အရွယ်ရောက်လာသောအခါ အတတ်ပညာမျိုးစုံတို့ကို သင်ကြားပေးသည်။ ပင်ကိုယ်ဉာဏ်ကောင်းသည့် မင်းသားလေးသည် မကြာမီမှာပင် ပညာမျိုးစုံကို ကျွမ်းကျင် တတ်မြောက်လေ၏။ ဒီဃီတိကောသလမင်းသည် ဗြဟ္မဒတ်မင်း၏ ရန်မှ ကင်းလွတ်စေရန် ဒီဃာဝုမင်းသားကို မြို့ပြင်၌ ထားလေသည်။

တစ်နေ့တွင် ဒီဃီတိကောသလမင်း၏ "ဆတ္တာသည်"သည် ဗြဟ္မဒတ်မင်းထံ ချဉ်းကပ်၍ ဒီဃီတိကောသလမင်း၏ တည်နေရာကို သတင်းပေးလိုက်လေ၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် "ဒီဃီတိကောသလမင်းနှင့် မိဖုရားတို့ကို ဖမ်း၍ ခေါင်းတုံးရိတ်ပြီးလျှင် လက်ပြန်ကြိုးတုပ်ကာ တစ်လမ်းဝင်တစ်

လမ်းထွက် လှည့်လည် ခေါ်ဆောင်လျက် မြို့၏တောင်တံခါးမှ ထုတ်၍ လေးပိုင်းဖြတ်ကာ ပစ်ကုန်လော့”ဟု မင်းချင်းယောက်ျားတို့အား အမိန့်ပေးလိုက်သည်။ မင်းချင်းတို့ကလည်း ဗြဟ္မဒတ်မင်းကြီး စေခိုင်းသည့်အတိုင်း ဆောင်ရွက်ကြ၏။

ထိုအချိန်၌ ဒီဃာဝုမင်းသားသည် မိဘတို့ကို တွေ့ဆုံရန် ဗာရာဏသီပြည်သို့ ပြန်လာ၏။ မြို့အဝင်၌ မိဘနှစ်ပါးတို့အား မင်းချင်းယောက်ျားတို့ ခေါ်ဆောင်လာကြသည်ကို ရင်နင့်ဖွယ် တွေ့မြင်ရလေသည်။ အသက်အန္တရာယ် စိုးရိမ်ရသည်ဖြစ်၍ မိဘတို့ထံသို့ တိုးတိုးတိတ်တိတ် ချဉ်းကပ်လေ၏။ ဒီဃီတိကောသလမင်းသည် အဝေးမှလာနေသော ဒီဃာဝုမင်းသားကို မြင်၍ “ချစ်သား ဒီဃာဝု . . . ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏”ဟု အဝေးက ပြောဆိုဆုံးမ၏။ ဒီဃာဝုမင်းသားသည်လည်း အဝေးကပင် ဖခင်၏ ဆုံးမစကားကို နာယူမှတ်သားထားသည်။

မကြာမီပင် မင်းချင်းယောက်ျားတို့သည် ဒီဃီတိကောသလမင်းနှင့် မိဖုရားတို့ကို လေးပိုင်းပိုင်းကာ ကွပ်မျက်၍ အရပ်လေးမျက်နှာတို့၌ ပစ်ထားခဲ့ပြီးလျှင် အစောင့်အရှောက်ထား၍ ပြန်သွားကြ၏။ ဒီဃာဝုမင်းသားသည် အခြေအနေအရပ်ရပ်ကို အကဲခတ်ကာ ဗာရာဏသီမြို့တွင်းသို့ ဝင်ပြီးလျှင် သေရည်ကို ဆောင်ယူခဲ့ပြီး အစောင့်တို့ကို တိုက်သည်။ အစောင့်တို့ မူးလဲနေစဉ် ထင်းတို့ကို စုပုံလျက် မိဘနှစ်ပါးတို့၏ အလောင်းတို့ကို မီးသင်္ဂြိုဟ်ကာ လက်အုပ်ချီ၍ လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်လေ၏။

မိဘတို့၏ အလောင်းတို့ကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် ဒီဃာဝုမင်းသားသည် ဗာရာဏသီပြည်သို့ဝင်၍ နန်းတော်အနီး ဆင်တင်းကုပ်သို့ သွားကာ ဆင်ဆရာ၏အိမ်၌ နေခွင့်တောင်း၍ နေလေသည်။





ဒီဃာဝုမင်းသားသည် ထိုအိမ်၌ နေလျက် သီချင်းသံနှင့် စောင်းသံကို ဗြဟ္မဒတ်မင်းကြီး ကြားအောင် သာယာစွာ တီးခတ်သီဆို၏။ ထိုအသံကို ဗြဟ္မဒတ်မင်းကြီး ကြား၍ အလွန်နှစ်သက် သဘောကျကာ အနီး အပါး၌ ခစားရန် ဆင့်ခေါ်သည်။ ဤသို့ ခစားလာရာ မကြာမီပင် ဒီဃာဝုမင်းသားသည် မင်းကြီး၏ လူယုံတော် ဖြစ်လာလေ၏။

တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသားကို မြင်းရထား မောင်းစေ၍ တောကစားထွက်ခဲ့၏။ ဒီဃာဝုမင်းသားသည် မြင်းရထားကို မင်းကြီး၏ ကိုယ်ရံတော် စစ်တပ်နှင့် လမ်းကွဲသွားစေရန် အပြင်းမောင်းနှင်သည်။ ခရီးပေါက်လာသည်နှင့်အမျှ ဗြဟ္မဒတ်မင်းကြီး ပင်ပန်းလာသည်ဖြစ်ရာ ခေတ္တ အိပ်စက် အနားယူရန် ဒီဃာဝုမင်းသားအား မြင်းရထားကို အချွတ်ခိုင်း၏။ ဒီဃာဝုမင်းသားသည် မြင်း ရထားကို ချွတ်၍ မြေကြီးပေါ်၌ တင်ပျဉ်ခွေကာ ထိုင်နေသည်။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ဒီဃာဝု မင်းသား၏ ရင်ခွင်၌ ဦးခေါင်းတင်၍ အိပ်၏။ မင်းကြီးသည် ပင်ပန်းနေသောကြောင့် မကြာမီပင် အိပ်ပျော် သွားလေသည်။

ထိုအခါ ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မင်းကို လက်စားချေရန် သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်၏။ ထိုအချိန်၌ "ချစ်သားဒီဃာဝု . . . ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟူသော ခမည်းတော်၏ ဆုံးမစကားကို နားထဲ၌ ကြားယောင်လာရာ သန်လျက်ကို ပြန်သွင်း၏။ ဤသို့ သွင်းလိုက် ထုတ်လိုက်ဖြင့် သုံးကြိမ်တိုင်တိုင် ချီတုံ ချတုံဖြစ်နေ၏။

ထိုအချိန်၌ ဗြဟ္မဒတ်မင်းကြီးသည် လန့်၍ နိုးလာရာ ဒီဃာဝုမင်းသားက "အဘယ့်ကြောင့် လန့်၍ နိုးပါသနည်း"ဟု မင်းကြီးအား မေး၏။ မင်းကြီးက "အိပ်မက်ထဲ၌ ငါ့ကို ဒီဃီတိကောသလမင်း၏ သား ဒီဃာဝုမင်းသားက သန်လျက်ဖြင့် လိုက်သောကြောင့် လန့်၍နိုး၏"ဟု ပြောလေသည်။ ထိုအခါ ဒီဃာဝုမင်းသားသည် လက်ဝဲလက်ဖြင့် ဗြဟ္မဒတ်မင်းကြီး၏ ဦးခေါင်းကို ကိုင်၍ လက်ယာလက်ဖြင့် သန်လျက်ကို ထုတ်ကာ "ဒီဃီတိကောသလမင်း၏သား ဒီဃာဝုမင်းသားသည် ကျွန်ုပ်ပင် ဖြစ်၏။ ယခု အရှင်မင်းကြီးကို လက်စားချေတော့မည်"ဟု အံကြိတ်ကာ ပြောဆို၏။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် အလွန်ကြောက်ရွံ့ ထိတ်လန့်သည်ဖြစ်၍ ဒီဃာဝုမင်းသား၏ ခြေတို့ကို ဦးခိုက်ကာ "ချစ်သားဒီဃာဝု . . .၊ ငါ့အသက်ကို ချမ်းသာပေးပါ"ဟု အကြိမ်ကြိမ် တောင်းပန်လေတော့သည်။ ထိုအခါ ဒီဃာဝုမင်းသားသည် မိဘစကားကို နားထောင်ကာ မင်းကြီး၏ အသက်ကို ချမ်းသာပေးလိုက်၏။ ထို့ပြင် ဒီဃာဝုမင်းသား ကလည်း သူ့အသက်ကို ချမ်းသာပေးပါရန် ဗြဟ္မဒတ်မင်းကြီးအား တောင်းပန်သည်။ မင်းကြီးကလည်း ချမ်းသာပေးပါမည်ဟု ကတိပြု၏။

ဤသို့ အချင်းချင်း အပြန်အလှန် ကတိပြုကြပြီးနောက် ဗြဟ္မဒတ်မင်းနှင့် ဒီဃာဝုမင်းသား တို့သည် ဗာရာဏသီမြို့တော်သို့ ပြန်လာခဲ့ကြ၏။ ဗာရာဏသီမြို့သို့ ပြန်ရောက်သောအခါ ဗြဟ္မဒတ် မင်းကြီးသည် ဒီဃာဝုမင်းသားအား သမီးတော်နှင့် လက်ထပ်ပေးကာ သူ့ခမည်းတော် ပိုင်ဆိုင်ခဲ့သော ကောသလတိုင်းပြည်ကိုလည်း ပြန်လည် အပ်နှင်းလိုက်လေသည်။



**ကြည်နူးစရာ တို့ကမ္ဘာ**

ကျေးဇူးကြီးလှ မိနဲ့ဘ
ဆိုဆုံးမတဲ့စကား မှတ်သားကြ
တန်ဖိုးကြီးလှ မိဘစကား
ရှိသေယုံကြည်စွာ အမြဲနားထောင်ပါ
ရန်ကိုရန်ချင်း မတုံ့ပြန်နဲ့ကွာ စကားချိုသာ လိမ္မာယဉ်ကျေးပါ
မေတ္တာရှေ့ထား စိတ်နှလုံးချမ်းသာ
ချစ်သူခင်သူများ နှစ်သက်ကြည်နူးစရာ တို့ကမ္ဘာ။

## သင်ခန်းစာ (၁၅)

## မိဘကျေးဇူး



ရှေးအခါက သာဝတ္ထိပြည်၌ ငွေအသပြာ ရှစ်သိန်း ကြွယ်ဝချမ်းသာသော ပုဏ္ဏားကြီး ဇနီးမောင်နှံရှိ၏။ သူတို့တွင် သားလေးယောက် ရှိသည်။ သားလေးယောက်တို့ အိမ်ထောင်ပြု ကြသောအခါ တစ်ယောက်လျှင် အသပြာ တစ်သိန်းစီ ခွဲဝေပေးလိုက်၏။

ထို့နောက် မကြာမီ ပုဏ္ဏေးမကြီး ကွယ်လွန်သွား၏။ ထိုအခါ သားလေးယောက်တို့သည် "အဖေ နောက်အိမ်ထောင်ပြုသွားရင် ကျန်အသပြာ လေးသိန်းနဲ့ တခြားပစ္စည်းဥစ္စာတွေကို ငါတို့ ရမှာမဟုတ်တော့ဘူး"ဟု တွေးကာ စိုးရိမ်လာကြ၏။ ထို့ကြောင့် တစ်နေ့တွင် ဖခင်ပုဏ္ဏားကြီးကို "အဖေ . . . သားတို့ တစ်သက်လုံး ပြုစုလုပ်ကျွေးပါ့မယ်၊ ကျန်တဲ့ အသပြာငွေလေးသိန်းနဲ့ တခြားပစ္စည်းဥစ္စာတွေကို သားတို့ကို ခွဲပေးပါ"ဟု တောင်းဆိုကြလေသည်။

ပုဏ္ဏားကြီးလည်း သားတို့စကားကို ယုံစားကာ ပစ္စည်းဥစ္စာတို့ကို ခွဲဝေပေးလိုက်ပြီး သားကြီး၏ အိမ်၌ ပထမဆုံး နေလေ၏။ သားကြီးနှင့် ချွေးမတို့လည်း ဖခင်ကြီးအား နှစ်ရက်သုံးရက် ကောင်းမွန်စွာ ပြုစုလုပ်ကျွေးကြသည်။ သို့သော် ရက်အနည်းငယ် ကြာလာသောအခါ မကြည်ဖြူကြတော့ပေ။ တစ်နေ့တွင် ပုဏ္ဏားကြီး ရေချိုးရာမှ ပြန်လာသည်ကို မြင်လျှင် တံခါး၌ ရပ်လျက် ချွေးမက" အဘ . . . သင်ဟာ သားကြီးကို ငွေတစ်ရာ၊ တစ်ထောင် ပိုပေးခဲ့တာ ရှိလို့လား၊ ညီတူညီမျှပဲ ပေးခဲ့တာမဟုတ်လား၊ တခြားသားတွေရဲ့ အိမ်ကို မသွားတော့ဘူးလား"ဟု ကြိမ်းမောင်း ပြောဆိုလေ၏။

ချွေးမ၏ စကားကို မမျှော်လင့်ဘဲ ကြားရသောအခါ ပုဏ္ဏားကြီးသည် စိတ်မသက်မသာဖြင့် ထိုအိမ်မှထွက်ခဲ့ပြီး အခြားသားတစ်ယောက် အိမ်သို့သွားလေ၏။ ထိုအိမ်၌လည်း အလားတူ အပြော အဆိုခံရပြီး အခြားသားအိမ်သို့ ဆက်လက်သွားပြန်သည်။ နောက်ဆုံးတွင် သွားစရာနေစရာ အိမ်မရှိ တော့ဘဲ အိုးမဲ့အိမ်မဲ့ဘဝဖြင့် လှည့်လည်တောင်းရမ်း၍ စားသောက်နေရရှာလေ၏။

ထိုသို့ စားရမဲ့သောက်ရမဲ့ ဖြစ်လာချိန်တွင် မြတ်စွာဘုရားရှင်ကို သတိရလာပြီး "ငါ့ကို ကူညီကောင်း ကူညီနိုင်လိမ့်မယ်"ဟူသော မျှော်လင့်ချက်ဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ အသားအရေ ခြောက်ကပ်



ညှိုးနွမ်းနေသော ပုဏ္ဏားကြီးကို မြင်လျှင် မြတ်စွာဘုရားရှင်သည် အကြောင်းရင်းကို မေးတော်မူ၏။ ပုဏ္ဏားကြီးလည်း သူကြုံခဲ့သမျှကို အစအဆုံး လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ပုဏ္ဏားကြီး . . . ဒါဆိုရင် ဂါထာအချို့ကို ငါ သင်ပေးမယ်၊ ဒီဂါထာတွေကို မှတ်ပြီးတော့ လူအများစည်းဝေးရာ တရားသဘင်သို့ သွားရောက် ရွတ်ဆိုပါ"ဟု မိန့်တော်မူကာ သင်ပေးလိုက်၏။

ပုဏ္ဏားကြီးသည် ဂါထာတို့ကို သင်ယူ၍ လူအများစည်းဝေးရာ တရားသဘင်သို့ သွားလေသည်။ ထိုတရားသဘင်၌ ပုဏ္ဏားကြီး၏ သားလေးယောက်တို့လည်း တက်ရောက်လျက်ရှိသည်ကို သိ၍ ပရိသတ်အလယ်၌ မတ်တတ်ရပ်လျက် အောက်ပါဂါထာတို့ကို ရွတ်ဆို၏။

"သားတို့ကို ငါသည် အလွန်အမင်း ချစ်ခဲ့၏။ သားတို့၏ ကြီးပွားချမ်းသာခြင်းကို လိုလားတောင့်တခဲ့၏။ ခွေးတို့သည် ဝက်ကို ဟောင်၍ နှင်ထုတ်ကြသကဲ့သို့ သားတို့သည် မယားတို့နှင့် တိုင်ပင်ကာ ငါ့ကို နှင်ထုတ်ကြ၏။"

"ဘီလူးတို့သည် သားအသွင် ဟန်ဆောင်၍ ငါ့ကို 'ဖခင်၊ ဖခင်'ဟု ခေါ်ခဲ့ကြ၏။ ယုတ်မာသော သားတို့သည် အိုမင်းလာသော ငါ့ကို စွန့်ပစ်ကြကုန်၏။"

"အိုမင်းပြီဖြစ်၍ အသုံးမကျသော မြင်းကို အစာမကျွေးဘဲ ဖယ်ထားသကဲ့သို့ သားမိုက်တို့သည် ငါ့ကို အိမ်မှ နှင်ထုတ်ကြ၏။ သားမိုက်တို့၏ ဖခင်အိုသည် အိမ်တကာလှည့်လည် တောင်းရမ်းစားသောက်နေရ၏။"

"ငါ၏ သားတို့သည် လက်စွဲတောင်ဝှေးလောက်မျှ အသုံးမကျပေ။ တောင်ဝှေးသည် ကြမ်းတမ်းသော ခွေး၊ နွားရိုင်းတို့ကို တားမြစ်နိုင်၏။ အမှောင်ထဲ၌ အဖော်ဖြစ်နိုင်၏။ လဲကျသောအခါ တောင်ဝှေး၏ အကူအညီဖြင့် ပြန်ထနိုင်၏။"

ထိုခေတ်အခါက သာဝတ္ထိပြည်တွင် "မိဘတို့အား ပြုစုလုပ်ကျွေးခြင်း မရှိသော သားဆိုး သမီးဆိုးကို သတ်အပ်၏"ဟူသော ထုံးစံတစ်ခုရှိ၏။ ထို့ကြောင့် ပုဏ္ဏားကြီး ဂါထာရွတ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် သားလေးယောက်တို့သည် သေရမည်ကို ကြောက်ရွံ့ကြသောကြောင့် ဖခင်ပုဏ္ဏားကြီး၏ ခြေတို့ကို ဖက်၍ သူတို့အား ခွင့်လွှတ်ပါရန် တောင်းပန်ကြ၏။ ထိုအခါ၌ ပုဏ္ဏားကြီးလည်း ဖခင်မေတ္တာဖြင့် သားလေးယောက်တို့အား ကြည်ကြည်သာသာပင် ခွင့်လွှတ်စကား ပြောလေ၏။

ထို့နောက် သားလေးယောက်တို့သည် ဖခင်ပုဏ္ဏားကြီးကို အိမ်သို့ထမ်း၍ ခေါ်လာကြပြီး ကောင်းစွာ ပြုစုလုပ်ကျွေးကြလေသည်။ ဖခင်ကြီးအား ကောင်းစွာ ပြုစုလုပ်ကျွေးကြရမည်၊ မလုပ်ကျွေးလျှင် ပြင်းပြင်းထန်ထန် ဒဏ်ပေးခံရမည်ဟု မယားတို့ကိုလည်း ခြိမ်းခြောက် ပြောဆိုကြ၏။ ထိုနေ့မှစ၍ ပုဏ္ဏားကြီးသည် သားလေးယောက်ထံမှ ထမင်းလေးအုပ် ရသည်။ အဝတ်အထည် အများအပြားကိုလည်း ရလေသည်။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကို အလွန်ကျေးဇူးတင်သဖြင့် ပုဆိုးတစ်စုံ လှူဒါန်း၏။ မြတ်စွာဘုရားရှင်သည် ပုဏ္ဏားကြီး၏ အလှူဒါနကို လက်ခံတော်မူပြီး တရားဟောကြားရာ တရားတော်၏ အဆုံး၌ ပုဏ္ဏားကြီး သရဏဂုံ တည်လေသည်။ ထိုအခါ မြတ်စွာဘုရားရှင်အပေါ် ပို၍ ကြည်ညိုလာပြီး ထမင်းနှစ်အုပ်ကို မြတ်စွာဘုရားရှင်အား လှူဒါန်းလိုကြောင်း လျှောက်ထား၏။

တစ်နေ့သ၌ သားကြီးသည် အလှူမင်္ဂလာတစ်ခု ပြုလုပ်လိုကြောင်း ဖခင်ကြီးကို ပြောရာ ဖခင်ကြီးက မြတ်စွာဘုရားရှင်နှင့် ရဟန်းတော် ၅၀၀ ကို ပင့်ဖိတ်၍ အလှူပေးလိုကြောင်း ပြောဆို၏။ သားကြီးကလည်း သဘောတူ၏။ ထို့ကြောင့် နောက်နေ့နံနက်၌ မြတ်စွာဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ရေမရောသော ဃနာနို့ဆွမ်းနှင့် မွှန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို ဆက်ကပ်လေသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားရှင်သည် "သင်တို့၏ အလုပ်သည် ကောင်းမွန်ပါပေ၏။ အမိအဘတို့ကို ပြုစုလုပ်ကျွေးခြင်းသည်ကား ရှေးပညာရှိတို့၏ အလေ့အကျင့်ပင် ဖြစ်၏"ဟု တရားတော်ကို ဟောတော်မူသည်။ ပုဏ္ဏားကြီးနှင့် သားလေးယောက်တို့လည်း ထိုနေ့မှစ၍ ဘုရားရှင်၏ အဆုံးအမနှင့်အညီ ပျော်ရွှင်စွာ နေထိုင်သွားကြလေ၏။



## သင်ခန်းစာ (၁၆)

## မိတ်ဆွေစစ်



ရှေးအခါက တောအုပ်ကြီးအတွင်း လိုဏ်ဂူတစ်ခုတွင် ခြင်္သေ့နှင့် ကျားတို့သည် မိတ်ဆွေဖွဲ့၍ အတူတကွ နေထိုင်ကြ၏။ ထိုတောအုပ်၌ ခြင်္သေ့နှင့် ကျားတို့၏ စားကြွင်းစားကျန်များကို စားသောက်နေသော မြေခွေးတစ်ကောင်လည်း ရှိ၏။ တစ်နေ့တွင် မြေခွေးသည် "ငါဟာ ခြင်္သေ့သား၊ ကျားသားကို တစ်ခါမှ မစားဖူးဘူး၊ သူတို့ရဲ့ ချစ်ခင်ရင်းနှီးမှုကို ပျက်ပြယ်စေကာ ခိုက်ရန်ဖြစ်အောင် လုပ်ပြီး သူတို့အသားကို စားရရင်ကောင်းမယ်"ဟု ကြံစည်နေသည်။

ထို့နောက် မြေခွေးသည် ခြင်္သေ့ထံသို့ ချဉ်းကပ်၍ "အရှင်ခြင်္သေ့မင်း . . . အရှင်ဟာ ကျားနဲ့ ခိုက်ရန်ဖြစ်ဖူးသလား"ဟု မေး၏။ "အချင်းမြေခွေး . . . မဖြစ်ဖူးပါ"ဟု ခြင်္သေ့က ပြန်ဖြေသောအခါ "အရှင်ခြင်္သေ့မင်း . . . အကျွန်ုပ် အရှင့်ဆီလာတဲ့ လမ်းမှာ ကျားနဲ့တွေ့တော့ ကျားက ခြင်္သေ့ရဲ့ အဆင့်အတန်းဟာ သူ့ကို မမီဘူးလို့ ကဲ့ရဲ့စကား ပြောဆိုတယ်"ဟု မြေခွေးက ကုန်းတိုက်လေသည်။ ထိုအခါ ခြင်္သေ့က "သင် ထွက်သွား၊ ငါ့သူငယ်ချင်း ကျားဟာ ဒီစကားမျိုး မပြောဘူး"ဟုပြော၍ မြေခွေးကို မောင်းထုတ်လိုက်လေသည်။

ထိုအခါ မြေခွေးသည် ခြင်္သေ့ကို ပြောခဲ့သည့်အတိုင်း ကျားထံသို့လည်း ကုန်းတိုက်စကား သွားပြောပြန်သည်။ ကျားသည် မြေခွေး၏ ကုန်းတိုက်စကားကို ကြားသိပြီး မြေခွေး ပြောသည့်အတိုင်း ဟုတ်၊ မဟုတ် ခြင်္သေ့ကို မေးမြန်းလေသည်။







ထိုအခါ ခြင်္သေ့က "မိတ်ဆွေကျား . . . မြေခွေး ကုန်းတိုက်တဲ့စကားကို တကယ် ထင်မှတ်ပြီး သင်က ငါ့ကို ပြစ်မှားခဲ့မိရင် ငါတို့အချင်းချင်း မိတ်ပျက်ကြလိမ့်မယ်" ဟု ပြောလေသည်။

တစ်ဖန် ခြင်္သေ့က "တစ်စုံတစ်ယောက်ဟာ သေသေချာချာ စုံစမ်းစိစစ်မှု မရှိဘဲ ကုန်းတိုက်စကားကို ယုံကြည်ခဲ့မယ်ဆိုရင် အချင်းချင်း မိတ်ပျက်မယ်၊ စကားများပြီး ခိုက်ရန် ဖြစ်ကြလိမ့်မယ်၊ တကယ်လို့ တခြားသူက ကုန်းတိုက်စကား ပြောလာသည့်တိုင် သတိထားမယ်ဆိုရင် မိတ်မပျက်ဘူး။ မိတ်ဆွေစစ်ဟာ အချင်းချင်း မိတ်ဆွေအဖြစ် ခိုင်မြဲနေတာကို အစဉ်အမြဲ လိုလားတယ်၊ တစ်ပါးသူရဲ့ စကားကြောင့် မိတ်အပျက်မခံဘူး၊ မိတ်ဆွေစစ်မှန်ရင် တစ်ယောက်နဲ့ တစ်ယောက် သံသယမရှိဘူး၊ ကြောက်ရွံ့မှု မရှိဘူး၊ ဥပမာ ပြောရမယ်ဆိုရင် သားတစ်ယောက်ဟာ မိခင်ရင်ခွင်မှာ ကြောက်ရွံ့မှုမရှိ အိပ်စက်သလိုပဲ"ဟု ပြောလေသည်။

ထိုအခါ ကျားက "အဆွေ ခြင်္သေ့ . . . ကျွန်ုပ်မှာ အပြစ်ရှိပါတယ်"ဟု ပြောဆိုပြီး ခြင်္သေ့ကို တောင်းပန်လေသည်။ နောက်ဆုံး၌ ခြင်္သေ့နှင့် ကျားတို့သည် ယခင်အတိုင်း ချစ်ခင်ညီညွတ်စွာ နေထိုင်သွားကြလေသည်။ ကုန်းတိုက်သော မြေခွေးသည် သူ၏အကြံ မအောင်မြင်ကြောင်း သိရှိသွားသောအခါ အရပ်တစ်ပါးသို့ ထွက်ပြေးလေတော့သည်။



**မိတ်ဆွေကျင့်ဝတ်ငါးပါး**

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊
စီးပွားဆောင်ရွက်၊ နူတ်မြွက်ချိုသာ၊
သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊
ကျင့်လေ မိတ်သဟာ။ ။

## သင်ခန်းစာ (၁၇)

## မေတ္တာရှင်မလေး



ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်မြို့တွင် ဥတ္တရာအမည်ရှိ အမျိုးသမီးလေးတစ်ဦး ရှိလေသည်။ သူသည် မိဘစကားကို နားထောင်၏။ သံဃာတော်များကို ရိုသေလေးစားပြီး အလှူအတန်းလည်း ရက်ရောသည်။ မေတ္တာစိတ်လည်း အလွန်ကြီးမားသည့်အတွက် သူ့ကို "မေတ္တာရှင်မလေး"ဟု ခေါ်ကြသည်။ ထို့ပြင် သူသည် ဉာဏ်ပညာထက်မြက်ပြီး ရုပ်ရည်ချောမောလှပသူတစ်ဦးလည်း ဖြစ်သည်။

မေတ္တာရှင်မလေးဥတ္တရာသည် အရွယ်ရောက်သောအခါ မိဘများ သဘောတူသော နန္ဒသူဌေးသားနှင့် လက်ထပ်လိုက်လေ၏။ လက်ထပ်ပြီးသည့်အခါတွင်လည်း မေတ္တာရှင်မလေးသည် မယားဝတ္တရားများကို ကျေပွန်စွာ လုပ်ဆောင်၏။ သို့သော် မေတ္တာရှင်မလေး၏ ခင်ပွန်းသည်ကား ဘာသာခြားဖြစ်နေ၍ အလှူအတန်းကို စိတ်မဝင်စားဘဲ အပျော်အပါး၊ အသောက်အစားတို့ဖြင့်သာ အချိန်ဖြုန်းနေသည်။ သံဃာတော်များကိုလည်း ရိုသေလေးစားမှု မရှိပေ။

ဤသို့ဖြင့် မေတ္တာရှင်မလေးသည် သံဃာတော်များကိုလည်း မဖူးရ၊ တရားတော်များကိုလည်း မနာရသည်မှာ ကြာလာသဖြင့် သံဃာတော်များကို ဖူးချင်စိတ်၊ တရားတော်များကို နာကြားချင်စိတ်များ ဖြစ်ပေါ်နေ၏။ ထို့ကြောင့် သူ့အိမ်တွင် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းလှူဒါန်းရန် စီစဉ်လေသည်။



ဆွမ်းလှူဒါန်းနေချိန်၌ မယားဝတ္တရား လစ်ဟင်းသွားမည် စိုးရိမ်သဖြင့် သူ့ခင်ပွန်းအား ပြုစုရန် သီရိမာအမည်ရှိ မိန်းမချောတစ်ယောက်ကို အသပြာပေးပြီး ငှားထားလိုက်လေသည်။ ထို့နောက် ဆွမ်းကပ်ရန်အတွက် အခိုင်းအစေများနှင့်အတူ သူကိုယ်တိုင် ပါဝင်ချက်ပြုတ်နေသည်။



ဆွမ်းကပ်ရန်အတွက် ပျော်ပျော်ရွှင်ရွှင် ချက်ပြုတ်နေသော မေတ္တာရှင်မလေးကို ငှားထားသော မိန်းမချော သီရိမာက ကြည့်ပြီး "သူဌေးသားနန္ဒက ငါ့ကို ဇနီးမယား တစ်ယောက်လို အရေးပေးတယ်။ ငါ့ကိုလည်း ချစ်ပုံရတယ်။ နန္ဒသူဌေးသားရဲ့ စည်းစိမ်တွေကလည်း များပြားလှတယ်။ ငါသာ နန္ဒသူဌေးသားရဲ့ ဇနီးအစစ်ဖြစ်ရင် ကောင်းမှာပဲ"ဟု ယုတ်မာသောအကြံကို ကြံစည်နေလေသည်။ ထို့နောက် "ဟုတ်ပြီ၊ ဟိုအောက်က လျှုဖို့လောက်သာသိတဲ့ မိန်းမသာ မရှိရင် ငါ သူဌေးကတော် ဖြစ်ပြီ"ဟု တွေးပြီး ပွက်ပွက်ဆူနေသော ထောပတ်အိုးထဲမှ ထောပတ်ပူများကို ယူကာ မေတ္တာရှင်မလေးအပေါ်သို့ လောင်းချလိုက်လေ၏။

ထိုအချိန်တွင် မေတ္တာရှင်မလေးသည် "ငါဟာ သီရိမာရဲ့ ကျေးဇူးကြောင့် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းလှူဒါန်းခွင့် ရတာဖြစ်တယ်"ဟု တွေးကာ သီရိမာကို မေတ္တာပွားနေသည်။ သူ၏ မေတ္တာအစွမ်းကြောင့် ထောပတ်ပူများသည် ရေကဲ့သို့ အေးမြသွားပြီး မေတ္တာရှင်မလေးလည်း မည်သည့်ပူလောင်မှုမျှ မခံစားရပေ။ ထိုအခါ သီရိမာသည် သူ့အမှားကို သိသွားပြီး မေတ္တာရှင်မလေး၏ ခြေကို ခေါင်းနှင့်ထိကာ သူ့အား ခွင့်လွှတ်ရန် တောင်းပန်ရှာသည်။

မေတ္တာရှင်မလေးဥတ္တရာသည် မေတ္တာတရားကြီးမားသူပီပီ သီရိမာကို ခွင့်လွှတ်ပေးလိုက်သည့်အပြင် မြတ်စွာဘုရား၏ တရားတော်ကိုလည်း နာယူစေသည်။ သီရိမာသည်လည်း ဥတ္တရာ၏ ကျေးဇူးကြောင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူတစ်ယောက် ဖြစ်လာခဲ့လေသည်။

**မေတ္တာအကျိုး ၁၁ မျိုး**

၁။ ချမ်းသာစွာ အိပ်ရခြင်း၊

၂။ ချမ်းသာစွာ နိုးထရခြင်း၊

၃။ မကောင်းသော အိပ်မက်များကို မမြင်မက်ခြင်း၊

၄။ လူအများ၏ ချစ်ခင်နှစ်သက်မှုကို ခံရခြင်း၊

၅။ နတ်ဘီလူးတို့၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊

၆။ နတ်များ၏ စောင့်ရှောက် ကူညီမှုကို ရရှိခြင်း၊

၇။ အဆိပ် မီး ဓား စသော လက်နက်များ မကျရောက်ခြင်း၊

၈။ လျင်မြန်စွာ စိတ်တည်ကြည်ခြင်း၊

၉။ မျက်နှာအဆင်း ကြည်လင်ခြင်း၊

၁၀။ မတွေမဝေဘဲ သေရခြင်း၊

၁၁။ မဂ်ဖိုလ်ကို မရသေးသည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရောက်ရခြင်း၊

## မေတ္တာအကျိုးပြလင်္ကာ

ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာ မေတ္တာကျိုး။

(အရှင်ဇနကာဘိဝံသ)



### ညီပုလေးရဲ့မေတ္တာ

ညီပုလေး ညီပုလေး၊
ဘုရားရှိခိုးတဲ့ ညီပုလေး။
ညီပုလေး ညီပုလေး၊
မေတ္တာပို့တဲ့ ညီပုလေး။
ညီပုလေးက မေတ္တာဝေ၊
ကျန်းမာ ချမ်းသာကြပါစေ။
မေတ္တာဝေတဲ့ ညီပုလေး၊
မျက်နှာ ရွှင်ချိုအေး။ ။

### မာစေ သာစေ မေတ္တာဝေ

ကျန်းမာချမ်းသာ လန်းဖြာဝေ၊
ဖေဖေနဲ့မေမေ။
သား/သမီးတို့တစ်တွေ
ဦးထိပ်ထား၊
ဘိုးဘိုးနဲ့ဘွားဘွား။
သူငယ်ချင်းများ နေထိုင်ရာ၊
ငြိမ်းချမ်းဤကမ္ဘာ။
ရန်ဘေးဘယာ ဝေးကွာဖို့၊
တောင်းဆုမေတ္တာပို့။ ။

# သင်ခန်းစာ (၁၈)

## ရွှေရောင်နတ်သမီးလေး

တစ်ခါတုန်းက တာဝတိံသာနတ်ပြည်၌ အလွန်ချောမောလှပသော ရွှေရောင်နတ်သမီးလေးတစ်ပါး စံမြန်းနေ၏။ နတ်သမီးလေး၏ ကိုယ်ရောင်ကိုယ်ဝါသည် တောက်ပလွန်း၍ အခြားနတ်များအကြားဝယ် ထူးထူးခြားခြား ထင်ရှားပေါ်လွင်လျက်ရှိသည်။

ထိုနတ်သမီးလေးသည် ရွှေရောင်အဝတ်၊ ရွှေခြေကျင်း၊ ရွှေလက်ကောက်တို့ကို ဝတ်ဆင်ထားပြီး ရွှေဝါရောင် စန္ဒကူးတို့ကိုလည်း လိမ်းခြယ်ထား၏။ ဦးခေါင်းတွင်လည်း ရွှေကြာပန်းကို ဆင်မြန်းထားပြီး ရွှေပြသာဒ်၊ ရွှေခုတင်၊ ရွှေပလ္လင်၊ ရွှေအိပ်ရာပေါ်တွင် စံရ၏။ အသုံးပြုသော ရေအိုး၊ ရေခွက်တို့သည်လည်း ရွှေအိုး၊ ရွှေခွက်များသာ ဖြစ်ကြ၏။ ဆောင်းသော ထီးသည်လည်း ရွှေထီးဖြစ်၍ ယပ်တောင်သည်လည်း ရွှေဝါရောင် ဖြစ်၏။ စီးသော ရထားသည်လည်း ရွှေဝါရောင်ဖြစ်၍ ရွှေရောင် အဆင်းရှိသော မြင်းတို့ကို ဝပ်ဆင်ထား၏။ ဤသို့ဖြင့် နတ်သမီးလေးသည် ရွှေရောင်လွှမ်းသော အသုံးအဆောင်မှန်သမျှကို သုံးဆောင် စံစားနေလေသည်။

တစ်နေ့တွင် သိကြားမင်းသည် ဥယျာဉ်ကစားသွားစဉ် နတ်ကချေသည်တို့၏ အလယ်၌ ကိုယ်ရောင် ကိုယ်ဝါဖြင့် အခြားနတ်တို့ကို လွှမ်းမိုးနေသော ရွှေရောင်နတ်သမီးလေးတစ်ပါးကို မြင်လေ၏။ ထိုအခါ သိကြားမင်းသည် "အသင်နတ်သမီး . . .၊သင်သည် အဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့သောကြောင့် ဤကဲ့သို့ ကြီးကျယ်သော အရောင်အဝါကို ရရှိလေသနည်း" ဟု မေးမြန်းလေသည်။



ထိုအခါ နတ်သမီးလေးက "အရှင်သိကြားမင်း . . .၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည် ရှိသော် ရှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရားရှင်၏ ဓာတ်တော်တို့ကို ခွဲဝေ၍ ယူကြပါသည်။ အဇာတသတ်မင်းသည် မိမိဝေစုရသော သရီရဓာတ်တော်တို့ကို စေတီတည်ထားပြီး ပူဇော်ပွဲပြုလုပ်ပါသည်။ ထိုအချိန်က ကျွန်တော်မသည် ရာဇဂြိုဟ်မြို့တော်ကြီး၌ အမျိုးကောင်းသမီးတစ်ယောက် ဖြစ်ခဲ့ပါသည်။ တစ်နေ့သော နံနက်တွင် ကိုယ်လက်သုတ်သင်ပြီးလျှင် "မြတ်စွာဘုရား၏ ဓာတ်တော်တို့ တည်ရှိရာ စေတီတော်ကို ပူဇော်မည်"ဟု တွေးကာ လွယ်လွယ်ကူကူနှင့်ရသော သပွတ်ခါးပန်း လေးပွင့်ကို ယူ၍ စေတီတော်ရှိရာသို့ သွားခဲ့ပါသည်။ စေတီတော်သို့ မရောက်မီ လမ်းခရီးတွင် ကျွန်တော်မကို နို့စို့သားငယ်ရှိသော နွားမက ဦးချိုဖြင့် ဝှေ့ခတ်၍ ကွယ်လွန်ခဲ့ရပါသည်။ သပွတ်ခါးပန်း လေးပွင့်ကို စေတီတော်အား လှူဒါန်းခွင့် မရခဲ့သော်လည်း ပူဇော်ရန်ရည်မှန်း၍ ယူဆောင်သွားခြင်းဟူသော ကောင်းမှု စေတနာကြောင့် ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသော နတ်စည်းစိမ်တို့ကို ရရှိခံစားနေရခြင်း ဖြစ်ပါသည်။ ထိုပန်းလေးပွင့်ကို လှူဒါန်းခွင့်သာ ရခဲ့မည်ဆိုလျှင် ယခုထက် အဆပေါင်းများစွာ သာလွန်သော နတ်စည်းစိမ်တို့ကို ရရှိလိမ့်မည်မှာ ဧကန်ပင် ဖြစ်ပါသည်"ဟု ပြန်လည် ဖြေကြားခဲ့လေသည်။

**ဒါနအကျိုးငါးသွယ်**

အများချစ်အပ်၊ သူမြတ်တို့ချဉ်း
ကောင်းသတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ
ခန္ဓာစဲသော်၊ ရောက်မြဲနတ်ထံ
ဤငါးတန်၊ ရရန်လှူကျိုးတွေ။



## သင်ခန်းစာ (၁၉)

## ဆွမ်းကပ်လှူမယ်



### လယ်သမားဇနီးမောင်နှံ

ရှေးအခါက သူဌေးကြီး တစ်ဦးထံတွင် အလုပ်လုပ်နေသော မောင်ပုဏ္ဏနှင့် မယ်ဥတ္တရာဟု ခေါ်သော ဆင်းရဲသားဇနီးမောင်နှံ နှစ်ယောက်ရှိသည်။ နံနက်မိုးလင်းသည်နှင့် ခင်ပွန်းဖြစ်သူ မောင်ပုဏ္ဏသည် လယ်တောသို့ သွား၍ လယ်ထွန်ရသည်။ ဇနီးဖြစ်သူက နေ့လည်စာ ချက်ပြုတ်ပြီး လယ်တောသို့ ထမင်းလိုက်ပို့ရ၏။ သူတို့မှာ အဝတ်အစားဟူ၍ တစ်ထည်နှစ်ထည်မျှသာ ရှိကြသည်။ ပွဲတော်ရက်များ၌ အခြားသူများကဲ့သို့ ဝတ်ကောင်းစားလှများ ဝတ်ချင်သော်လည်း မဝတ်နိုင်ကြချေ။ ဤသို့ ဆင်းဆင်းရဲရဲဖြင့် နေထိုင်ကြရသည်။

တစ်နေ့နံနက်စောစောတွင် မောင်ပုဏ္ဏသည် လယ်တောသို့ အစောကြီးရောက်လာစဉ် လယ်တောဘေးမှ ဆွမ်းခံကြွလာသော နိရောဓသမာပတ်မှ ထလာသည့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို တွေ့လိုက်သည်။ သူသည် မထေရ်မြတ်ကို မြင်သည်နှင့် လှူချင်စိတ်များ ဖြစ်ပေါ်လာ၏။ သို့သော် သူ့တွင် လှူစရာဟူ၍ ဘာမျှမရှိချေ။ ထို့ကြောင့် ရေတစ်ခွက်ခပ်ကာ အနီးအနားတွင် ရှိသည့် တမာကိုင်းလေးကို ချိုး၍ မထေရ်မြတ် မျက်နှာသစ်၊ သွားတိုက်ရန် လှူဒါန်းလိုက်သည်။ ထိုသို့ လှူလိုက်ရသဖြင့် မောင်ပုဏ္ဏ အလွန်ပျော်ရွှင်သွား၏။ ဇနီးသည်လာလျှင် ဝမ်းသာစရာအဖြစ် ပြောပြဦးမည်ဟု တွေးပြီး ချွေးတလုံးလုံးဖြင့် လယ်ထွန်နေခဲ့၏။

နေမွန်းတည့်ချိန်အထိ ဇနီးသည် ရောက်မလာသဖြင့် မောင်ပုဏ္ဏ တမျှော်မျှော် ဖြစ်နေ၏။ တစ်မနက်လုံး ကြိုးစားပမ်းစား အလုပ်လုပ်ထားရသဖြင့် ဗိုက်ကလည်း အလွန်ဆာနေပြီ ဖြစ်သည်။ ရောက်နေကျအချိန် ရောက်မလာ၍ “လမ်းတွင် တစ်ခုခုများ ဖြစ်နေသလား”ဟု တွေးကာ ဇနီးသည်အတွက် စိတ်ပူနေမိ၏။

မောင်ပုဏ္ဏ တမျှော်မျှော် ဖြစ်နေချိန်တွင် ဇနီးသည် အမောတကောဖြင့် အပြေးအလွှားရောက်လာ၏။ နောက်ကျသွားသည့်အတွက် သူ့ကို ခွင့်လွှတ်ရန်လည်း တောင်းပန်ရှာ၏။ ထို့နောက် သူနောက်ကျရခြင်း အကြောင်းကို ရှင်းပြသည်။

ထမင်းထုပ်ကို ရွက်ပြီး လယ်တောသို့ လာရာလမ်းတွင် မထေရ်မြတ်တစ်ပါးကို ဖူးတွေ့ရကြောင်း၊ စိတ်ထဲတွင် လှူချင်စိတ် အလွန်ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ခင်ပွန်းသည်အတွက် ယူလာခဲ့သည့် ထမင်းထုပ်ကို မထေရ်မြတ်အား လှူခဲ့ကြောင်း၊ ယခုယူလာသည့် ထမင်းထုပ်မှာ နောက်တစ်ကြိမ် အိမ်ပြန်ပြီး ချက်ပြုတ်ခဲ့သည့် ထမင်းထုပ်ဖြစ်ကြောင်း ရှင်းပြ၏။ မောင်ပုဏ္ဏသည် ဇနီးသည်၏ အလှူကို အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သာဓုသုံးကြိမ် ခေါ်သည်။ ထို့နောက် သူသည်လည်း နံနက်အစောကြီးက ရဟန်းတော်တစ်ပါးကို မျက်နှာသစ်ရေနှင့် သွားတိုက်ရန် တမာကိုင်း လှူဒါန်းခဲ့ကြောင်းပြောပြသည်။ မယ်ဥတ္တရာလည်း ဝမ်းမြောက်ဝမ်းသာ သာဓုသုံးကြိမ် ခေါ်ဆို၏။

မောင်ပုဏ္ဏနှင့် မယ်ဥတ္တရာတို့သည် ကိုယ်စီပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို ပြောပြပြီး ထမင်းကို အားရပါးရစားကာ အရိပ်ရသော သစ်ပင်ကြီးအောက်တွင် အနားယူရင်း တစ်ရေးတစ်မော အိပ်ပျော်သွားကြ၏။





အိပ်ရာမှ နိုးလာ၍ လယ်ကွင်းထဲသို့ ကြည့်လိုက်ရာ လယ်ကွင်းထဲတွင် ရွှေတုံး၊ ရွှေခဲများကို အံ့သြဖွယ်ရာ တွေ့မြင်ရလေ၏။ ထိုအခါ မောင်ပုဏ္ဏာတို့ ဇနီးမောင်နှံသည် "ဒီရွှေတွေဟာ တိုင်းပြည်ဘဏ္ဍာ ဖြစ်တဲ့အတွက် ဘုရင်နဲ့သာ ဆိုင်တယ်"ဟု တွေး၍ ပထမဦးစွာ ရွှေအချို့ကို အိုးထဲထည့်ပြီး ဘုရင်မင်းထံ သွားရောက် ဆက်သ၏။ ထို့နောက် လယ်ကွင်းထဲတွင်လည်း ရွှေများ ကျန်နေသေးကြောင်းကို လျှောက်တင်သောအခါ ဘုရင်ကြီးသည် မင်းချင်းများကို လှည်းနှင့်သွားယူရန် စေလွှတ်လိုက်၏။ သို့သော် မင်းချင်းများသည် ရွှေများကို သယ်ယူရန် ထိလိုက်လျှင်ပင် ရွှေတုံးများသည် မြေကြီးခဲများ ဖြစ်သွားကြ၏။

ထိုအကြောင်းကို မင်းချင်းများက ဘုရင်ကြီးအား လျှောက်တင်ကြ၏။ ထိုအခါ ဘုရင်ကြီးက "မောင်ပုဏ္ဏာရဲ့ ရွှေတုံးတွေ၊ မောင်ပုဏ္ဏာရဲ့ ဥစ္စာတွေ"ဟု ပြောပြီး ကောက်ယူကြရန် ညွှန်ကြားလိုက်သည်။ ထိုအချိန်ကျမှသာ ရွှေတုံးတွေ ဖြစ်ကုန်ကြသည်။ ထိုရွှေတုံးများ နန်းတော်သို့ ရောက်သောအခါ ဘုရင်ကြီးက မောင်ပုဏ္ဏာတို့ ဇနီးမောင်နှံကို "ဤရွှေခဲများသည် သင်တို့နှင့် ထိုက်တန်သဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်၏၊ သင်တို့သာ ယူကြ"ဟု ဆိုကာ မောင်ပုဏ္ဏာနှင့် မယ်ဥတ္တရာတို့အား ပေးလိုက်သည်။ ကုသိုလ်ကံထူးသည့် မောင်ပုဏ္ဏာနှင့် မယ်ဥတ္တရာတို့သည် ဆွမ်းလှူဒါန်းသော ကောင်းမှုကြောင့် နေ့ချင်းညချင်းပင် သူဌေးဇနီးမောင်နှံ ဘဝသို့ ရောက်သွားခဲ့ကြလေသည်။

## ဆွမ်းတော်ကပ်

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤမွန်မြတ်သော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို လှူဒါန်းရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## ဆုတောင်း

ရသာမွှေးကြူ ဆွမ်းဖွေးဖြူကို၊ ပေးလှူပါရ၊ ဤပုညကြောင့်၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ မြနှယ်ရွှေနှင့်၊ အသရေတင့်၊ အဆင့်ဆင့် မြင့်ရပါလို၏ အရှင်ဘုရား။

### ဆွမ်းလှူရကျိုး

သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊<br>ဗလ ဉာဏ်ပညာ၊<br>ဆွမ်းလှူရအကျိုး၊ ဤငါးမျိုး၊<br>တန်ခိုးကြီးလှစွာ။ ။



## သင်ခန်းစာ (၂၀)

## ရေချမ်း ကပ်လှူမယ်



### ရွှေလေ့စီး နတ်သမီးလေး

ဘုရားရှင်လက်ထက်တော်အခါက ရဟန်း ၁၆ ပါးတို့သည် ဘုရားရှင်ကို ဖူးမြော်ပြီး တရားနာယူလိုကြသည်ဖြစ်၍ မြတ်စွာဘုရား သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ကြွလာကြသည်။ ခရီးဝေးမှ လာရသဖြင့် ရဟန်းတို့သည် ပင်ပန်းနွမ်းနယ်လျက် ရှိကြသည်။ ရေလည်း ဆာနေကြသည်။ ထို့ကြောင့် ရေရနိုင်မည့်ရွာသို့ ကြွသွားကြသည်။ လမ်းခုလတ်တွင် ရေအိုးရွက်လာသော အမျိုးသမီးတစ်ဦးကို တွေ့သဖြင့် ထိုအမျိုးသမီးအနီး၌ ရပ်လိုက်ကြသည်။

အမျိုးသမီးသည် ရဟန်းတော်များ ရေဆာနေသည်ကို ရိပ်မိသဖြင့် ရဟန်းတော်များအား ကြည်ညိုစိတ်ဖြင့် ရေကို ရိုရိုသေသေ ဆက်ကပ်လှူဒါန်းလိုက်သည်။ ရဟန်းတော်တို့သည်လည်း ထိုအမျိုးသမီးအား ရေလှူရခြင်း၏ အကျိုးတရားများကို ဟောကြားပြီး သာဝတ္ထိပြည်သို့ ဆက်လက်ကြွလာခဲ့ကြသည်။

ရေလှူခဲ့သည့် အမျိုးသမီးသည် သူ၏ ရေအလှူကို မကြာမကြာ ပြန်တွေးပြီး ပီတိဖြစ်နေမိ၏။ ထိုအမျိုးသမီး ကွယ်လွန်သောအခါ ရေလှူဒါန်းခဲ့သော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်၍ ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်ကြီး၌ စံစားရလေသည်။ ထိုဗိမာန်ကြီးဘေးတွင် အလွန်သာယာ၍

ညင်ညင်သာသာ စီးဆင်းနေသည့် မြစ်တစ်စင်းလည်းရှိ၏။ ဥယျာဉ်ဗိမာန် တံခါးဝတွင် ပဒုမ္မာကြာများ ဖွေးဖွေးလှုပ်ပွင့်နေသော လေးထောင့်ရေကန်ကြီးလည်း ရှိသည်။ နတ်သမီးသည် ထိုရေကန်ကြီးထဲ၌ ရွှေလှေကြီးကို စီးကာ နတ်သမီး အခြံအရံများနှင့်အတူ မြူးတူးကစားလျက် နေလေသည်။

## ရေတော်ကပ်

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤကြည်လင်သန့်ရှင်း အေးမြသော ရေချမ်းတော်ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤရေလှူရသောကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## ဆုတောင်း

ကြည်လင်အေးမြ၊ ရေလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ ကိုယ်ဝယ်တွင်းပြင်၊ ညစ်ကြေးစင်၊ ကြည်လင်အေးမြရပါလို၏ အရှင်ဘုရား။





**ရေလှူရကျိုး**

သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊

ဗလ ဉာဏ်ပညာ၊

စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊

ခပင်းခြွေရံကာ၊

ရေမငတ်ငြား၊ လျင်မြန်သွား၊

ဆယ်ပါးရေကျိုးလာ။ ။

## သင်ခန်းစာ (၂၁)

## လေးလေးစားစား လှူကြမယ်



### ကြံခင်းပိုင်ရှင်





တစ်ခါက အမျိုးသားတစ်ဦးသည် ကြံစည်းကို ထမ်းပြီး ကြံတစ်ချောင်းကို ကိုက်စား၍ လမ်းလျှောက်ကာ အိမ်သို့ ပြန်လာ၏။ သူ၏နောက်တွင် လူကြီးတစ်ဦးနှင့် ကလေးငယ်တစ်ယောက်လည်း ကပ်၍ လိုက်ပါလာသည်။ ကလေးငယ်က ကြံစားချင်သောကြောင့် ငိုယို၍ "ကြံ စားချင်တယ်၊ ကြံ ပေးပါ" ဟု အော်တောင်းလေ၏။ ထိုအခါ လူကြီးက "မိတ်ဆွေ . . . ကလေးကို ကြံတစ်ပိုင်းလောက် ပေးလိုက်ပါဗျာ" ဟု ပြောလေ၏။ ကြံစည်းပိုင်ရှင်လည်း မပေးချင် ပေးချင်ဖြင့် ကြံတစ်ပိုင်းကို နောက်ပြန် ပစ်ပြီးပေးလိုက်သည်။

ကြံစည်းပိုင်ရှင် သေလွန်သည့်အခါ အလွန်ကျယ်ဝန်းသော ကြံညိုတောကြီးကို အပိုင်စားရသည့် ပြိတ္တာတစ်ဦး ဖြစ်လာ၏။ သို့ရာတွင် သူသည် ကြံခင်းထဲက ကြံများကို ယူစား

၍ မရပါ။ ကြံချိုးရန် အနားသို့ ရောက်သွားတိုင်း ကြံချောင်းများက ယိမ်းနွဲ့ပြီး သူ့ကို ပြန်ရိုက်ကြ၏။ မည်မျှပင် ကြိုးစားသော်လည်း ယူ၍မရပေ။ ဤသို့ဖြင့် သူသည် ကြံတောကြီးကို ပိုင်ဆိုင်ထားသော်လည်း ကြံများကို မစားရဘဲ နေရရှာလေသည်။

တစ်နေ့တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွလာ၏။ ကြံခင်းပိုင်ရှင် ပြိတ္တာက မထေရ်မြတ်ကို မြင်သည့်အခါ "အရှင်ဘုရား . . . တပည့်တော်မှာ စားသောက်၍ မကုန်နိုင်အောင် ကျယ်ဝန်းလှသည့် ကြံတောကြီး ရှိပါတယ်၊ ဒါပေမဲ့ ဘယ်လိုမှ ချိုးယူစားသောက်လို့ မရပါဘုရား၊ အားတွေလည်း ပြတ်နေပါပြီဘုရား၊ ခန္ဓာကိုယ်ကလည်း အလွန် ပူလောင်နေပါတယ် ဘုရား၊ ဆင်းရဲဒုက္ခရောက်ပြီး အမြဲမပြတ် အော်ဟစ်နေရပါတယ်၊ ဘာကြောင့် ကြံတွေကို ချိုးယူစားသောက်လို့ မရပါသလဲ၊ ဒီလိုဖြစ်နေရတာ ဘယ်လို အကုသိုလ်မျိုးကို ပြုလုပ်ခဲ့မိလို့ပါလဲဘုရား၊ တပည့်တော်နားလည်အောင် သေသေချာချာ ရှင်းပြပေးပါဘုရား" ဟူ၍ မေးလျှောက်လေ၏။

မထေရ်မြတ်က "သင်ဟာ လူ့ဘဝတုန်းက ကြံစားရင်း လမ်းလျှောက်သွားစဉ်မှာ ကလေးငယ် တစ်ယောက်က ငိုယိုပြီး ကြံကိုတောင်းတယ်၊ လူကြီးတစ်ယောက်ကလည်း ကလေးငိုနေတာကို မကြည့်ရက်လို့ သင့်ထံက ကြံကို တောင်းပေးခဲ့တယ်၊ သင်က မပေးချင်ပေးချင်နဲ့ ကြံတစ်ပိုင်းကို နောက်ပြန်ပစ်ပြီး ပေးခဲ့တယ်၊ အဲဒီလို နောက်ပြန် ပစ်ပြီးပေးခဲ့တဲ့ မကောင်းမှုကံကြောင့် အခုလို ဖြစ်ရတာ"ဟု ပြောကြားလေ၏။ မထေရ်မြတ်က ဆက်လက်၍ "သင် ကြံကို ပေးခဲ့တဲ့အတိုင်း နောက်ပြန် ဆွဲနုတ်ရင် သင်အလိုရှိတဲ့ ကြံကို သုံးဆောင်ရပါလိမ့်မယ်"ဟု မိန့်ကြားတော်မူ၏။

ကြံခင်းပိုင်ရှင်ပြိတ္တာလည်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် ပြောသည့်အတိုင်း ကြံကို နောက်ပြန် နုတ်ယူပြီး စိတ်ကြိုက်စားသောက်၏။ မထေရ်မြတ်အားလည်း ကြံစည်းကြီးကို ကပ်လှူလိုက်သည်။





ထိုအခါ မထေရ်မြတ်သည် ကြံစည်းကြီးကို မြတ်စွာဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်များအား လှူဒါန်းရန် တိုက်တွန်းခဲ့သည်။ ထို့ကြောင့် ကြံခင်းပိုင်ရှင်ပြိတ္တာသည် ကြံစည်းကြီးကို ထမ်းကာ မထေရ်မြတ်နောက်မှ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ လိုက်သွား၍ ကြံစည်းကြီးကို လှူဒါန်းလေသည်။ ပြိတ္တာသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်များကို နာယူပြီး ဘုရားရှင်ကို ရှိခိုးဦးချပြီး ပြန်လာခဲ့၏။ ထို့နေ့မှစ၍ ကြံခင်းပိုင်ရှင် ပြိတ္တာလည်း ကြံများကို စိတ်ကြိုက် ချိုးယူစားသောက်နိုင်တော့၏။ ကြံခင်းပိုင်ရှင် ပြိတ္တာသည် ထိုဘဝမှ ကွယ်လွန်ပြီးသောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်သွားလေသည်။

**အလှူဒါန ပြုကြမယ်**

ပေးကမ်းစွန့်ကြဲ လှူဒါန်းတာ၊  
မြတ်သော ဒါနပါ။  
စေတနာ ကောင်းစွာထား၊  
ကုသိုလ် အလွန်များ။  
သူတစ်ပါးလည်း စိတ်ချမ်းသာ၊  
ကိုယ်လည်း စိတ်ချမ်းသာ။  
အကျိုးမှာ ဘယ်မနေး၊  
ဧကန်မုချ ပေး။ ။

# သင်ခန်းစာ (၂၂)

## ကျိုက်ထီးရိုးဘုရား သွားကြမယ်

ချောစုတို့မြေးအဘိုးနှစ်ယောက်သည် ကျောင်းပိတ်ရက်တွင် ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးထွက်ခဲ့ကြသည်။ ရောက်ဖူးချင်သော နေရာကို ရောက်ရတော့မည်ဖြစ်သဖြင့် ချောစု အလွန်ပျော်နေ၏။



ချောစုတို့ မြေးအဘိုးနှစ်ယောက်သည် ကင်ပွန်းစခန်းမှ ရသေ့တောင်အထိ ကားဖြင့် တက်ခဲ့ကြသည်။ တောင်ပေါ်ကားလမ်းသည် မတ်စောက်လွန်း၍ အလွန်စိတ်လှုပ်ရှားဖွယ် ကောင်းနေ၏။ ကားပေါ်တွင် ချောစုသည် စကားမပြောဘဲ ပတ်ဝန်းကျင်မှ ရှုခင်းများကို ငေးမောရင်း ရသေ့တောင်သို့ ရောက်လာခဲ့သည်။ ရသေ့တောင်မှ ကျိုက်ထီးရိုးတောင်ပေါ်သို့ ခြေကျင်တက်ခဲ့ကြရာတွင် အသက်အရွယ်ကြီးရင့်သူများနှင့် မသန်စွမ်းသူများသည် အထမ်းပုခက်များနှင့် တက်နေကြသည်ကို တွေ့ရ၏။ လမ်းတစ်လျှောက်တွင်လည်း ချောစုသိချင်သော အရာမှန်သမျှကို အဘိုးအား မေးလာခဲ့သည်။

ချောစု – အဘိုး . . . ဒီကျိုက်ထီးရိုးဘုရားက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှာ ရှိတာနော်။

အဘိုး – ဟုတ်တာပေါ့ မြေးရဲ့။

ချောစု – အဘိုး . . . ကျိုက်ထီးရိုးလို့ ဘာလို့ ခေါ်တာလဲ။

အဘိုး – အင်း . . . ငါ့မြေးက မေးတတ်လိုက်တာ။ ဟုတ်တယ်၊ အဲဒါတွေဟာ ငါ့မြေးတို့ သိထားသင့်တာတွေပဲ။ အရင်က "ကျိုက်က္လသိရိုး"လို့ ခေါ်ကြတယ်။ "ကျိုက်"ဆိုတာ မွန်လို "ဘုရား"ကို ခေါ်တာ။ "က္လသိ"ဆိုတာ "ရသေ့"၊ "ရိုး"ဆိုတာက "ရွက်"တာကို ဆိုလိုတယ်။ အပြည့်အစုံဆိုရင်တော့ "ရသေ့ ရွက်ထားတဲ့ဘုရား"လို့ အဓိပ္ပာယ်ရတယ်။ "ကျိုက်က္လသိရိုး"လို့ ပြောဆိုကြရာက အချိန်ကြာလာတော့ "ကျိုက်ထီးရိုး" ဆိုပြီး ဖြစ်လာတယ်လို့ ဆိုတယ် မြေးလေးရဲ့။

ချောစု – ဒီကျိုက်ထီးရိုးဘုရားကို ဘယ်သူတည်ထားခဲ့တာလဲ အဘိုး။

အဘိုး – တိဿရသေ့ကြီးက သိကြားမင်းနဲ့ သုဝဏ္ဏဘူမိဘုရင်ကြီးတို့ရဲ့ အကူအညီနဲ့ မြတ်စွာ

ဘုရားရှင်ရဲ့ ဆံတော်သုံးဆူကို ဌာပနာပြီး တည်ထားခဲ့တာပေါ့။

ချောစုတို့ မြေးအဘိုးနှစ်ယောက် စကားပြောရင်း တက်လာခဲ့ရာ ကျိုက်ထီးရိုးစေတီတော်ကြီးကို အဝေးမှ လှမ်းမြင်လိုက်ရသည်။

ချောစု – အဘိုး . . . ဘုရားက တောင်စောင်းလေးပေါ်မှာ တင်နေတာ ထူးဆန်းတယ်နော်။

အဘိုး – ဟုတ်တယ် . . . ငါ့မြေးရဲ့၊ အဲဒီတောင်ထိပ်နဲ့ စေတီအကြား အပ်ချည်တစ်မျှင်စာလောက် လွတ်နေသေးတယ်။

ချောစု – ဟုတ်လား၊ တော်တော် ထူးဆန်းတာပဲနော်။

အဘိုး – ထူးဆန်းတာပေါ့ ငါ့မြေးရယ်၊ နောက်ထပ်လည်း ထူးဆန်းတာတွေ အများကြီးရှိသေးတယ်။

ချောစု – ဟုတ်လား . . . အဘိုး၊ သမီး သိချင်လိုက်တာ၊ ပြောပြပါလား အဘိုးရယ်။

အဘိုး – ပြောပြမှာပေါ့ ငါ့မြေးရယ် . . . သေချာနားထောင်ပြီးတော့ မှတ်ထားနော်။ သိကြားမင်းက တိဿရသေ့ကြီးရဲ့ ဦးခေါင်းနဲ့တူတဲ့ ကျောက်တုံးကြီးကို သမုဒ္ဒရာအတွင်းက ဆယ်ယူပြီး ကျိုက်ထီးရိုးကျောက်တောင်ထိပ်မှာ တင်ထားခဲ့တယ်။ အဲဒီကျောက်တုံးကြီးက ကျောက်တောင်စောင်းထိပ်မှာ ရှိနေပေမယ့် လျောင်လှုပ်ရင်လည်း ရွေ့သွား လှုပ်သွားတယ်ဆိုတာ မရှိဘူး။ မြတ်စွာဘုရားရဲ့ ဆံတော်ကိုလည်း ဌာပနာထားတယ်။ ကမ္ဘာပေါ်မှာ ကျိုက်ထီးရိုးစေတီနဲ့ တူတဲ့စေတီမရှိဘူး။ ဘုရားဖူးတွေဟာ ခက်ခက်ခဲခဲနဲ့ တောတောင် လျှိုမြောင်တွေ ဖြတ်ကျော်ပြီး ဘုရားဖူးကြရတယ်။ ဒါပေမဲ့ ဘေးရန်အန္တရာယ်ကင်းကြတယ်။ ဖူးလို့မဝအောင်လည်း ဖြစ်ကြရတယ်။ ခက်ခက်ခဲခဲလာဖူးရလို့ ကြည်နူးဝမ်းသာကြရတယ်။ ဒါတွေဟာ ကျိုက်ထီးရိုးဘုရားရဲ့ အံ့ဖွယ်တွေပဲပေါ့။ အဲ့ဒါကြောင့် ကျိုက်ထီးရိုးဘုရားဖူးလာရတာ ကုသိုလ်လည်းရတယ်၊ တော၊ တောင်၊ ရေ၊ မြေအစရှိတဲ့ သဘာဝပတ်ဝန်းကျင်ကိုလည်း လေ့လာနိုင်တယ် ငါ့မြေးရဲ့။

မြေးအဘိုးနှစ်ယောက် စကားတပြောပြောဖြင့် တက်လာခဲ့ကြရာ ရင်ပြင်တော်ပေါ်သို့ ရောက်လာခဲ့ကြသည်။





ချောစု – အဘိုး . . . ဘုရားကို အရင်သွားဖူးရအောင်။

ဘိုးဘိုး – အေး . . . သွားကြမယ်။

ချောစု – အဘိုး . . . ဟိုမှာ အစ်ကိုကြီးတွေ ဘာလုပ်နေကြတာလဲ။

ဘိုးဘိုး – သူတို့က ဘုရားကို ရွှေသင်္ကန်း ကပ်နေကြတာ။

ချောစု – ဟုတ်လား . . . ဒါဆို သမီးလည်း ရွှေသင်္ကန်းကပ်ချင်တယ်၊ အဘိုးဝယ်ပေးပါလား။

အဘိုး – ငါ့မြေးက မိန်းကလေးဆိုတော့ အဲဒီနေရာကို ဝင်လို့မရဘူး။

ချောစု – ဘာဖြစ်လို့လဲ အဘိုး၊ မိန်းကလေး ဝင်လို့မရဘူးလို့ ဘုရားက ဟောခဲ့လို့လား။

ဘိုးဘိုး – အဲဒီလိုတော့ ဘုရားရှင်က တားမြစ်မထားပါဘူး၊ လူတွေက ရတနာသုံးပါးကို အလွန်လေးစားကြည်ညိုလွန်းပြီး ဖြစ်သွားတဲ့ ဓလေ့ထုံးစံတစ်ခုပဲ ဖြစ်တယ်၊ အဲဒီတော့ ငါ့မြေးကိုယ်စား အဘိုးကပဲ ရွှေသင်္ကန်း ကပ်ပေးမယ်နော်။

ချောစုတစ်ယောက် အဘိုး ရွှေသင်္ကန်းကပ်နေသည်ကို ငေးကြည့်ပြီး ကြည်ညိုစွာဖြင့် ဘုရားကို ဦးချကန်တော့လိုက်ပါသည်။ အဘိုး ရွှေသင်္ကန်းကပ်၍ ဘုရားဝတ်ပြုပြီးသောအခါ အဘိုးနှင့်အတူ တည်းခိုဆောင်သို့ ထွက်လာခဲ့သည်။

ချောစု - အဘိုး . . . ပြီးရင် သမီးကို ဘယ်လိုက်ပို့ပေးမှာလဲ။

အဘိုး - ကျိုက်ထီးရိုးဘုရားကို ရောက်ရင် လူတိုင်းသွားတတ်တဲ့ နေရာတွေရှိတယ်။ အဲဒါတွေက မုဆိုးတောင်၊ ကျီးကန်းပါးစပ်ဂူ၊ ကျောက်ထပ်ကြီး စတဲ့နေရာတွေပဲ။ အဲဒီနေရာတွေကို လိုက်ပို့ပေးမယ်လေ။ ခုတော့ ရေချိုးပြီး နားကြဦးစို့။

ချောစု - ဟုတ်ကဲ့ အဘိုး။

ချောစုတစ်ယောက် ပါးစပ်က "ဟုတ်ကဲ့"ဟု ပြောလိုက်သော်လည်း စိတ်ထဲမှာတော့ "အဘိုး လိုက်ပို့တဲ့ နေရာတွေထဲက မသိတာတွေ ရှိရင်လည်း မေးရမယ်၊ ကျောင်းပြန်ရောက်ရင်လည်း သူငယ်ချင်းတွေကို ပြန်ပြောပြရမယ်၊ ဓမ္မစကူးလ်က ဆရာ၊ ဆရာမတွေကိုလည်း ပြန်ပြောပြရမယ်" ဟု တွေးနေမိပါတော့သည်။

**ကျိုက်ထီးရိုး**

ရသေ့ခေါင်းပေါ် စေတီတော်လို့၊
နာမည်ကျော်တဲ့ ဘုရားရှင်။
ထူးဆန်းအံ့ဖွယ် ကျိုက်ထီးရိုးလို့၊
ဟိုးဟိုးကျော်လို့ သမိုင်းတွင်။
မြို့ကျိုက်ထိုဝင် ကင်ပွန်းစခန်းက၊
တက်လှမ်းကြပေါ့ တို့အစဉ်။
စေတီကြီးတွင် လုံးတော်ပြည့်ပတ်၊
ရွှေသက်န်းမြတ် ကပ်လှူတင်။
ရောက်ဖူးသူများ သဒ္ဓါပွား၊
စည်ကားအမြဲပင်။
အဲဒါကြောင့် ဆံတော်ရှင်ဘုရား၊
ကုသိုလ်ပွား အများဖူးစေချင်။ ။



# သင်ခန်းစာ (၂၃)

## စင်ကြယ်သော အသက်မွေးမှု



### ဝက်သတ်သမားစုန္ဒ

ရှေးအခါက ရာဇဂြိုဟ်ပြည်၌ ဝက်သတ်သမားတစ်ယောက် ရှိခဲ့သည်။ သူ၏အမည်မှာ စုန္ဒ ဖြစ်သည်။ သူသည် ဝက်တို့ကိုသတ်၍ ကိုယ်တိုင်လည်း စားသောက်၏။ ဈေးမှာလည်း ရောင်းချ၍ အသက်မွေးမှုပြု၏။ ဝက်များကုန်သော် လှည်းဖြင့် နယ်သို့ ဆင်း၍ ဝက်ငယ်တို့ကို ဝယ်ယူစုဆောင်းလျက် လှည်းအပြည့်တင်ကာ သယ်ဆောင်လာခဲ့၏။ အိမ်နောက်တွင် ခြံခတ်၍ ထား၏။ ကြီးထွားလာသောအခါ သတ်လိုသောဝက်ကို သတ်ဖြတ်၍ အသားအသွေးနှင့်တကွ ဆုပ်နယ်ချက်ပြုတ်ကာ သားမယားတို့နှင့်အတူ ထိုင်လျက် မြိန်မြိန်ရှက်ရှက် စားသောက်၍ ကျန်သောအသားတို့ကို ရောင်း၏။

ဤသို့ပြုမူလျက် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း ၅၅ တိုင်အောင် ကြာခဲ့၏။ ထို ၅၅ နှစ်တာ ကာလအတွင်း စုန္ဒသည် မြို့ဦးကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား ဆွမ်း၊ ပန်းစသော လှူဖွယ်ဝတ္ထုတစ်ခုမျှ မလှူခဲ့ဘူးချေ။ သူပြုလုပ်ခဲ့သော မကောင်းမှုများကြောင့် စုန္ဒ၏ကိုယ်၌ ဆိုးရွားသော ရောဂါ စွဲကပ်လာ၏။ အသက်ထင်ရှားရှိစဉ်ပင် အဝီစိငရဲမီးသည် စုန္ဒကို တောက်လောင်လာ၏။ စုန္ဒသည် အိမ်၏ အလယ်တွင် ဝက်ကဲ့သို့ အော်ဟစ်ကာ လေးဘက်ထောက်လျက် အိမ်၏ အရှေ့နံရံနှင့် အနောက်နံရံသို့ ခေါက်တုံ့ခေါက်ပြန် လှည့်ပတ်၍ နေရသည်။



ထိုအခါ ဆွေမျိုးများက စုန္ဒကို ကြိုးဖြင့် မြဲမြံစွာ တုတ်ချည်၍ ခံတွင်းကို ပိတ်ကြသော်လည်း သူ၏ အော်သံကြောင့် ပတ်ဝန်းကျင် ခုနစ်အိမ် ရှစ်အိမ်တွင် နေထိုင်ကြသူတို့သည် အိပ်မရကြချေ။ အိမ်သူအိမ်သားတို့သည် စုန္ဒကို အိမ်ထဲမှ ထွက်မသွားအောင် အိမ်တံခါးတို့ကို ပိတ်ကာ အိမ်အပြင်မှ ဝိုင်းဝန်း စောင့်ရှောက်နေကြရ၏။

စုန္ဒသည် ငရဲမီး အပူလောင်ခံရသဖြင့် အော်ဟစ်ညည်းညူကာ ဆင်းရဲဒုက္ခကို ခုနစ်ရက် တိုင်တိုင် ခံစားနေရ၏။ ခုနစ်ရက်မြောက်နေ့၌ ကွယ်လွန်၍ အဝီစိငရဲ၌ ဖြစ်လေ၏။

ရဟန်းတို့သည် စုန္ဒအိမ်အနီးမှ ဖြတ်သွားခဲ့စဉ် ဝက်ကဲ့သို့ ဟစ်အော်သောအသံကို ကြား၍ ကျောင်းသို့ ရောက်သောအခါ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြ၏။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သားရဟန်းတို့ . . . စုန္ဒသည် ဤဘဝမှာပင် တူသောအကျိုးကို ခံစားရ၏။ မကောင်းမှုပြုသော သူသည် ဤဘဝမှာရော နောင်ဘဝမှာပါ ဆင်းရဲ ဒုက္ခရောက်ရ၏"ဟု ဟောကြားတော်မူခဲ့လေသည်။

**သူ့အသက်သတ်ခြင်း၏ ဆိုးကျိုးများ**

၁။ ခြေလက်အင်္ဂါ ချို့တဲ့တတ်ခြင်း

၂။ ရုပ်ဆိုးခြင်း

၃။ အားအင်ချည့်နဲ့ခြင်း

၄။ လျင်မြန်ဖျတ်လတ်မှု မရှိခြင်း

၅။ ကြောက်တတ်ခြင်း

၆။ သူတစ်ပါး သတ်၍ သေရခြင်း

၇။ အနာရောဂါများခြင်း

၈။ အခြွေအရံပျက်စီးခြင်း

၉။ အသက်တိုခြင်း

## သင်ခန်းစာ (၂၄)

## အကျိုးပျက်ပြား ကုန်းတိုက်စကား

ရှေးအခါက ဗာရာဏသီပြည်တွင် နွားကျောင်းသားလေးတစ်ယောက် ရှိခဲ့သည်။ သူသည် နေ့စဉ် နွားများကို တောထဲတွင် ကျောင်းရ၏။ ထိုတောထဲတွင် ခြင်္သေ့၊ ကျား၊ ဆင်စသော တောသတ္တဝါ မျိုးစုံတို့လည်း နေထိုင်ကြသည်။

တစ်ညနေတွင် နွားကျောင်းသားလေးသည် သူ၏ နွားများကို ပြန်မောင်းလာပြီး နွားခြံထဲသို့ သွင်းလေ၏။ သို့သော် ကိုယ်ဝန်ရှိနေသော နွားမကြီးတစ်ကောင်သည် တောထဲတွင် ကျန်ရစ်ခဲ့သည်။ နွားမကြီးသည် ကိုယ်ဝန်ဆောင် ခြင်္သေ့မတစ်ကောင်နှင့် အမှတ်မထင် တွေ့ရှိပြီး မိတ်ဆွေဖြစ် သွားကြသည်။ မကြာမီပင် နွားမနှင့် ခြင်္သေ့မတို့သည် နွားကလေးနှင့် ခြင်္သေ့ကလေးတို့ကို မွေးဖွား ခဲ့သည်။ မွေးဖွားလာသော ခြင်္သေ့ကလေးနှင့် နွားကလေးတို့သည် အချင်းချင်း အလွန်ချစ်ခင်ကြသည်။

တစ်နေ့တွင် ခြင်္သေ့မိသားစုနှင့် နွားမိသားစုတို့ ချစ်ချစ်ခင်ခင် အတူတူ နေထိုင်နေကြသည် ကို တောလိုက်မုဆိုးတစ်ယောက် တွေ့မြင်သွားသည်။ သူသည် မြို့သို့ ရောက်၍ တောထွက်ပစ္စည်းများကို ဘုရင်ကြီးအား သွားရောက် ဆက်သသောအခါ မင်းကြီးက "မုဆိုးကြီး . . . တောထဲမှာ အထူးအဆန်း ဘာတွေ မြင်တွေ့ခဲ့သေးလဲ"ဟု မေးလေ၏။ ထိုအခါ "အရှင်မင်းကြီး တောထဲမှာ ခြင်္သေ့နဲ့နွား ချစ်ချစ်ခင်ခင် အတူတူ သွားလာနေတာကို ထူးထူးဆန်းဆန်း မြင်တွေ့ခဲ့ရပါတယ်"ဟု လျှောက်လေ၏။ မင်းကြီးက အံ့ဩသွားပြီး ခြင်္သေ့နှင့် နွားတို့တွင် မိတ်ဆွေတစ်ယောက် တိုးလာလျှင် ပျက်စီးကြတော့မည်ကို





သိလိုက်၏။ ထို့ကြောင့် မင်းကြီးက ခြင်္သေ့နှင့် နွားတို့မှာ နောက်ထပ် အဖော်တစ်ယောက် တိုးလာလျှင် လျှောက်ထားရန် မုဆိုးအား ပြောကြားလေသည်။

မကြာမီ မြေခွေးတစ်ကောင်သည် ခြင်္သေ့နှင့် နွားတို့ကို လာရောက် မိတ်ဆွေဖွဲ့လေသည်။ မုဆိုး တောထဲရောက်သောအခါ ခြင်္သေ့နှင့် နွားတို့တွင် မြေခွေးတစ်ကောင် မိတ်ဆွေတိုးလာသည်ကို မြင်၍ မင်းကြီးအား လျှောက်ထားရန် မြို့သို့ ပြန်သွားခဲ့၏။

တစ်နေ့တွင် မြေခွေးက "ခြင်္သေ့အသားနဲ့ နွားအသားကလွဲရင် ကျန်အသားတွေကို ငါ အကုန်စားဖူးတယ်၊ မစားဖူးသေးတဲ့ ခြင်္သေ့နဲ့ နွားတို့ရဲ့အသားကို စားရအောင် လုပ်ရမယ်"ဟူသော အကြံဖြင့် ခြင်္သေ့ထံ၌ နွား၏ မကောင်းကြောင်း၊ နွားထံ၌ ခြင်္သေ့၏ မကောင်းကြောင်း ကုန်းတိုက်စကား ပြောကြားလေသည်။ ထို့ကြောင့် ခြင်္သေ့နှင့် နွားတို့သည် အချင်းချင်း စိတ်ဝမ်းကွဲလာပြီး ခိုက်ရန်ဖြစ်ပွား၍ သေဆုံးသွားကြ၏။

မုဆိုးသည် မြို့သို့ရောက်သောအခါ မင်းကြီးအား "အရှင်မင်းကြီး . . . ခြင်္သေ့နှင့် နွားတို့မှာ မိတ်ဆွေရနေပြီ"ဟု လျှောက်ထားလေသည်။ ထိုအခါ မင်းကြီးက "အဲဒီမိတ်ဆွေက ဘယ်သူလဲ"ဟု မေးမြန်းရာ မြေခွေး တစ်ကောင်ဖြစ်ကြောင်း လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက "မြေခွေးဟာ ခြင်္သေ့နဲ့နွားတို့ ခင်မင်မှု ပျက်အောင်၊ ရန်ဖြစ်အောင် ကုန်းတိုက်တော့မယ်၊ အခုချိန်ဆိုရင်တောင် ခြင်္သေ့နဲ့ နွား သေနေလောက်ပြီ"ဟု ပြောပြီး ရထားဖြင့် တောသို့ သွားရန် မုဆိုးအား လမ်းပြခိုင်းလေသည်။

မင်းကြီးနှင့် မုဆိုးတို့ တောသို့ ရောက်သောအခါ မြေခွေးက ခြင်္သေ့၏ အသားနှင့် နွား၏ အသားကို အားရပါးရ စားနေသည်ကို တွေ့မြင်လိုက်ရသည်။ ထိုအခါ မုဆိုးသည် မြေခွေးယုတ်ကို မြားနှင့် ပစ်လိုက်ရာ မြေခွေးလည်း သေဆုံးသွား၏။ ထိုအဖြစ်အပျက်ကို တွေ့မြင်လိုက်ရပြီးနောက် မင်းကြီးသည် "ကုန်းတိုက်စကားဟာ မိတ်ဆွေအဖြစ်ကို ပျက်စေတတ်တယ်၊ သေကြေ ပျက်စီးခြင်းကို ဖြစ်စေတတ်တယ်၊ ဒါ့ကြောင့် ကုန်းတိုက်စကားကို သတိပြု ရှောင်ကြဉ်သင့်တယ်၊ ဒါမှသာ မိတ်ဆွေအချင်းချင်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်မယ်"ဟု ရထားထိန်းကို ဆုံးမစကား ပြောကြားလေသည်။



## သင်ခန်းစာ (၂၅)

## မဆင်မခြင်ပြောသည့် ဆိုးကျိုး



တစ်ခါတုန်းက သောဏအမည်ရှိသော ဥပါသကာတစ်ဦးသည် မထေရ်တစ်ပါးထံ ချဉ်းကပ်၍ ဆွမ်းလုပ်ကျွေးခြင်း၊ တရားဓမ္မနာကြားခြင်း၊ တရားဓမ္မ ဆွေးနွေးခြင်း စသည်တို့ကို အမြဲမပြတ်ပြုလုပ်လေ့ရှိ၏။ မထေရ်မြတ်၏ တရားအဆုံးအမတို့ကို ကြားနာရဖန်များလာသောအခါ သောဏသည် သတိသံဝေဂရ၍ တရားကို ပြင်းပြင်းထန်ထန် အားထုတ်လေ၏။

တစ်နေ့တွင် သောဏသည် အခြားမြို့ တစ်မြို့သို့ ကုန်အရောင်းအဝယ် ကိစ္စဖြင့် သွားသော ကုန်သည်တစ်စုနှင့် အတူ လိုက်ပါသွားလေ၏။ ညနေမှောင်စပျိုးလာသောအခါ လမ်းခရီးတစ်နေရာတွင် အိပ်စက်အနားယူရန် ရပ်နားလိုက်ကြသည်။ တရားအားထုတ်ခြင်း၌ မွေ့လျော်လေ့ရှိသော သောဏသည် ကုန်သည်တို့နှင့် ရောရောနှောနှော ဆူဆူညံညံ မအိပ်လိုသဖြင့် မလှမ်းမကမ်း တစ်နေရာသို့ သွား၍ အိပ်လေ၏။

နံနက်လင်းသောအခါ ကုန်သည်တို့သည် သောဏကို ခေါ်ရန် သတိမရကြဘဲ ခရီးဆက်သွားကြ၏။ နံနက်လင်း၍ နေရောင်လာသောအခါမှ သောဏသည် အိပ်ရာမှ နိုးလာသည်။ ကုန်သည်တို့ကို မတွေ့ရ၍ ဘေးအနီးပတ်ဝန်းကျင်၌ လိုက်ရှာ၏။ နောက်ဆုံးတွင် ကုန်သည်တို့ ဆက်လက်ထွက်ခွာသွားကြပြီ ဆိုသည်ကို သိလိုက်ရပြီး သောဏသည် ကုန်သည်တို့ သွားသည့် လမ်းအတိုင်း လျင်မြန်စွာ လိုက်သွားလေရာ လမ်းခရီးတစ်နေရာ၌ ညောင်ပင်ကြီးတစ်ပင် အနီးသို့ ရောက်လေသည်။

သောဏသည် ထိုနေရာ၌ အလွန်ထူးခြားသော အသွင်သဏ္ဍာန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးကို အံ့သြဖွယ်ရာ တွေ့လေ၏။ ထိုပုဂ္ဂိုလ်၏ ခန္ဓာကိုယ်သည် အလွန်ကြီးမား၏။ ရုပ်ကလည်း အလွန်ကြောက်မက်ဖွယ်ကောင်း၏။ ခန္ဓာကိုယ်သည်လည်း အရိုးပြိုင်းပြိုင်းထနေ၏။ သူ၏ အသားများကို သူကိုယ်တိုင် ပြန်၍စားနေ၏။ သောဏသည်ကား တရားဓမ္မတို့ကို နှစ်ပေါင်းများစွာ အားထုတ်ထားသူဖြစ်၍ ကြောက်လန့်ခြင်း အလျဉ်းမရှိပေ။ ကြောက်လန့်ခြင်း မဖြစ်သည်သာမက "သင် ဘယ်သူလဲ" ဟုပင် မေးလိုက်သေးသည်။



“ကျွန်ုပ်ဟာ ပြိတ္တာဖြစ်ပါတယ်”ဟု ပြန်ဖြေလေ၏။ “ဘယ်လို မကောင်းမှုအကုသိုလ်မျိုးကို ကျူးလွန်ခဲ့လို့ အခုလို ဆင်းရဲဒုက္ခတွေ ခံစားနေရတာလဲ”ဟု သောဏက ထပ်မေးလေ၏။

ထိုအခါ ပြိတ္တာကြီးက “အကျွန်ုပ်ဟာ ရှေးဘဝတစ်ခုတုန်းက ဘာရုကစ္ဆကမြို့မှာ ကုန်သည်တစ်ယောက် ဖြစ်ခဲ့ပါတယ်၊ အဲဒီဘဝမှာ အကျွန်ုပ်ဟာ သူများတွေရဲ့ ပစ္စည်းဥစ္စာတွေကို လိမ်လည်လှည့်ဖြားပြီး ရအောင်ယူခဲ့ပါတယ်၊ ဒါ့အပြင် ဆွမ်းခံကြွတဲ့ ရဟန်းသာမဏေတွေကိုလည်း ‘သင်တို့ရဲ့အသားကို ကိုယ်တိုင်ပြန်စားကြ’လို့ ပြောဆိုစော်ကားခဲ့မိပါတယ်၊ အဲဒီလို မကောင်းမှု အကုသိုလ်ကံတွေကြောင့် အခုလို ဆင်းရဲဒုက္ခတွေကို ခံစားနေရခြင်း ဖြစ်ပါတယ်”ဟု ပြန်လည် ဖြေကြားလေသည်။

သောဏသည် ပြိတ္တာကြီး၏ စကားကို ကြားရသောအခါ အလွန်သတိသံဝေဂ ဖြစ်မိပြန်၏။ ထို့အပြင် အခြားသူများကို လိမ်လည် လှည့်ဖြားလျှင် ဖြစ်လေရာဘဝတိုင်း၌ ရုပ်ဆိုးသူဖြစ်တတ်ကြောင်း၊ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ကို ရိုင်းပျစွာ ပြောဆိုစော်ကားလျှင် ပြိတ္တာဘဝသို့ ရောက်တတ်ကြောင်း စသည်ဖြင့် မကောင်းမှုအကုသိုလ်ကံတို့၏ ဆိုးဝါးသော အကျိုးဆက်တို့ကို ဆက်လက် ဆင်ခြင်မိလေသည်။



## သင်ခန်းစာ (၂၆)

## သန့်ရှင်းစေချင် တို့ဝန်းကျင်

တစ်ခါတုန်းက ကိုရင်လေးတစ်ပါးသည် စာပေကျမ်းဂန် သင်ယူရန် တောမှ မြို့သို့ ကြွလာခဲ့သည်။ ကိုရင်လေးနေသော ဘုန်းကြီးကျောင်းတွင် ဓမ္မစကူးလ် ဖွင့်လှစ်ထားရာ ဓမ္မစကူးလ်တက်ရန် ကျောင်းလာအပ်သည့် ကျောင်းသူ၊ ကျောင်းသားအချို့နှင့် တွေ့လေသည်။ ယင်းတို့အနက် သူရ၊ ခိုင်ခိုင်၊ ကိုဖြိုး၊ ဇော်ဇော်၊ ချောချောတို့က သူတို့အိမ်သို့ ဆွမ်းခံကြွရန် ကိုရင်လေးကို ပင့်ဖိတ်ခဲ့ကြသည်။

နောက်တစ်နေ့တွင် ကိုရင်လေးသည် သူရတို့ နေသည့်လမ်းထဲသို့ ရှေးဦးစွာ ဆွမ်းခံကြွသည်။ လမ်းထဲသို့ ဝင်လိုက်သည်နှင့် လမ်းထိပ်တွင်ရှိသော အမှိုက်ပုံက နံစော်နေသည်ကို ကြုံလိုက်ရ၏။ သူရတို့ခြံထဲတွင်လည်း အမှိုက်များ ပွနေသည်။ မသန့်ရှင်းသည့် ပတ်ဝန်းကျင်ကို မြင်လိုက်ရသော ကိုရင်လေးသည် စိတ်မချမ်းမသာ ဖြစ်သွား၏ ။

သူရတို့အိမ်မှ ထွက်၍ ခိုင်ခိုင်တို့ လမ်းသို့ ကြွသောအခါ လမ်းထိပ်တွင် အမှိုက်ပုံ မရှိသော်လည်း တစ်လမ်းလုံး အမှိုက်များ ရှုပ်ပွနေသဖြင့် အမှိုက်များကို ရှောင်ကွင်း၍ လျှောက်ခဲ့ရသည်။ သို့သော် ကိုရင်လေးသည် သည်းခံ၍ ခိုင်ခိုင်တို့ အိမ်ထဲသို့ ဝင်သွားသည်။ ခိုင်ခိုင်တို့ အိမ်ဝန်းကျင်၌ အမှိုက်များနှင့် ခွေးချေးများပါ တွေ့ရသောကြောင့် ခပ်မြန်မြန်ပင် ပြန်ထွက်လာခဲ့၏။





ကိုရင်လေးသည် စိတ်ပျက်စွာဖြင့် ကိုဖြိုးတို့ လမ်းထဲသို့ ဆက်၍ ဆွမ်းခံကြွခဲ့သည်။ လမ်းထိပ်မှ လှမ်းကြည့်လိုက်ရာ လမ်းက သန့်ရှင်းနေသည်ကို တွေ့ရသည်။ လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင်များလည်း ရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး သန့်ရှင်းသပ်ရပ်နေသဖြင့် ကိုရင်လေး စိတ်ချမ်းသာသွားသည်။

ကိုရင်လေးလည်း စိတ်ကြည်ကြည်လင်လင်ဖြင့် ကိုဖြိုးတို့ အိမ်မှ ထွက်လာပြီး နောက်တစ်လမ်းရှိ ချောချောတို့အိမ်သို့ ကြွလာခဲ့သည်။ ချောချောတို့ လမ်းကလည်း ကိုဖြိုးတို့ လမ်းကဲ့သို့ သစ်ပင်ရိပ်များဖြင့် သန့်ရှင်းနေလေရာ ကိုရင်လေးစိတ်မှာ ပို၍ကြည်လင်သွား၏။ ချောချောတို့ ခြံထဲတွင် သစ်ပင်ပန်းပင်များလည်း ရှိသည်။ အိမ်ကလေးသည် သပ်သပ်ရပ်ရပ်ဖြင့် နေချင်ဖွယ် ကောင်းလှသည်။ အိမ်ထဲတွင်လည်း သန့်သန့်ရှင်းရှင်းရှိသည်။ ခြံထဲ၌ အမှိုက်ပုံးထား၍ အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြသည်။ ချောချောသည်သူကစားပြီးသော အရုပ်များကို သေချာစွာ ပြန်၍ သိမ်းနေသည်ကိုလည်း တွေ့လိုက်ရ၏။

ချောချောတို့ အိမ်မှ ထွက်လာပြီးနောက် ကိုရင်လေးသည် ဖော်ဖော်တို့ အိမ်သို့ ဆက်၍ ကြွသည်။ ဖော်ဖော်တို့ လမ်းထဲသို့ ရောက်သောအခါ ငှက်ပျောခွံကို တက်နင်းမိသဖြင့် ကိုရင်လေး ချော်လဲ၍ ဒူးပြဲသွားသည်။ ကိုရင်လေး ချော်လဲပြီး ဒူးပြဲသွားသည်ကို ဖော်ဖော် တွေ့လိုက်သည်။ စည်းကမ်းမရှိ အမှိုက်ပစ်ကြသဖြင့် ကိုရင်လေး ချော်လဲရသည်ဟု တွေးမိကာ စိတ်မကောင်း ဖြစ်သွားသည်။ ထိုအချိန်တွင် သူငယ်ချင်းများက ဖော်ဖော်ကို ကျောင်းသွားရန် လာခေါ်ကြရာ ဒဏ်ရာရနေသောကိုရင်လေးကို တွေ့မြင်သွားကြသည်။





ကိုရင်လေးကို သူတို့အားလုံး အတူတကွ လိုက်ပို့ကြ၏။ ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ကိုရင်လေးကို ဇော်ဇော်က သူတို့လမ်းတွင် စည်းကမ်းမရှိ အမှိုက်ပစ်ကြသဖြင့် ကိုရင်လေး ချော်လဲရခြင်း ဖြစ်သည်၊ ယနေ့မှ စ၍ စည်းကမ်းတကျ အမှိုက်ပစ်ပါမည်၊ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းအောင် လုပ်ပါမည်၊ နောက်နေ့များတွင်လည်း သူတို့အိမ်သို့ ဆက်လက် ဆွမ်းခံကြွပေးပါဘုရားဟု တောင်းပန်သည်။ သူရနှင့် ခိုင်ခိုင်တို့ကလည်း ဇော်ဇော်ကဲ့သို့ပင် တောင်းပန်ကြသည်။ ကိုရင်လေးလည်း စိတ်ချမ်းသာသွားကာ "စိတ်မပူပါနဲ့၊ နောက်နေ့တွေမှာလည်း ဆွမ်းခံကြွပါမယ်"ဟု ကတိပေးလိုက်လေသည်။ ဇော်ဇော်တို့ သူငယ်ချင်းတစ်စုသည် ကိုရင်လေးကို ကန်တော့၍ စာသင်ကျောင်းသို့ ထွက်ခွာသွားကြလေသည်။

**သန့်ရှင်းရေး**

အမှိုက်တစ်စ တွေ့ရှိက၊
ချက်ချင်းကောက်လိုက်ကြ။
သန့်ရှင်းကြမှ တို့ဝန်းကျင်၊
လှပရောဂါစင်။
မြင်မြင်သမျှ ကြည်လင်အေး၊
စုပေါင်းသန့်ရှင်းရေး။ ။

# သင်ခန်းစာ (၂၇)

## ညီညီညွတ်ညွတ် နေကြမယ်



### စည်းလုံးခြင်း အင်အား

ရှေးအခါက ဗာရာဏသီပြည်အနီးတွင် တောအုပ်ကြီးတစ်ခု ရှိလေသည်။ ထိုတောအုပ်ကြီးတွင် နေထိုင်သော နတ်တို့ကို အုပ်ချုပ်ရန် နတ်မင်းအသစ်တစ်ပါး ရောက်လာ၏။ ထိုနတ်မင်းကြီး၏ အမည်မှာ "ဝေဿဝဏ်"ဖြစ်သည်။ တစ်နေ့တွင် ဝေဿဝဏ်နတ်မင်းကြီးက ရုက္ခစိုးနတ် (သစ်ပင်စောင့်နတ်) တို့ကို ခေါ်ကာ "ဒီနေ့ကစပြီး သင်တို့နှစ်သက်ရာ သစ်ပင်များမှာ နေထိုင်နိုင်ကြတယ်"ဟု နေထိုင်ခွင့်ပြုလိုက်သည်။

ရုက္ခစိုးနတ်များထဲတွင် ပညာရှိသော ရုက္ခစိုးနတ်သားတစ်ပါး ရှိသည်။ ထိုပညာရှိ ရုက္ခစိုးနတ်သားသည် ဘုရားအလောင်းတော် ဖြစ်၏။ သူသည် သူ၏ဆွေမျိုးများ၊ အပေါင်းအဖော်များကို "မိတ်ဆွေတို့... လွင်ပြင်ကသစ်ပင်တွေမှာ မနေကြနဲ့၊ ငါနဲ့အတူ တောထဲမှာပဲ တစ်စုတစ်စည်းတည်း နေကြ"ဟု ပြောလေ၏။

ထိုအခါ စဉ်းစားဆင်ခြင်ဉာဏ်ရှိသော ရုက္ခစိုးနတ်တို့သည် ဘုရားအလောင်းပညာရှိ၏ စကားကို နားထောင်ကြ၏။ အချို့သော နတ်များကား နားမထောင်ကြဘဲ "တောထဲမှာပဲနေလျှင် ဘာမှ အကျိုးမရှိနိုင်ဘူး၊ မြို့နားရွာနား နေမှ လူများပူဇော်ပသတဲ့ လာဘ်လာဘ၊ လှူဖွယ် ပစ္စည်းတွေကို ရလိမ့်မယ်၊ ဒါကြောင့် မြို့နားနီးနီး နေကြစို့"ဟု ဆိုကာ မြို့ရွာအနီးက ကွင်းပြင်ကျယ်ရှိ သစ်ပင်ကြီးများကို ရွေးချယ်၍ နေကြသည်။ ရွာနားနီးသဖြင့် သစ်ပင်များအပေါ် ကလေးများက တက်ဆော့ကြ၏။ ထင်းအဖြစ် သုံးရန် သစ်ကိုင်းများကို

လည်းလာချိုးကြသူများလည်း ရှိ၏။ သစ်ပင်ရင်း၌ အညစ်အကြေးများကိုလည်း လာစွန့်ကြသည်။ ထို့ကြောင့် ရုက္ခစိုးနတ်များသည် သူတို့ မျှော်လင့်သကဲ့သို့ လာဘ်လာဘ၊ လှူဖွယ်ပစ္စည်းများ မရဘဲ စိတ်ညစ်စရာများကိုသာ တွေ့နေရတော့သည်။ တောထဲတွင်နေသော ရုက္ခစိုးနတ်တို့သည်ကား အေးအေး ချမ်းချမ်း နေကြရ၏။

တစ်နေ့သ၌ လေပြင်းမုန်တိုင်းကြီး ကျရောက်လာသည်။ လေသည် အလွန်ပြင်းထန်စွာ တိုက်ခတ်သဖြင့် ကွင်းပြင်၌ရှိသော သစ်ပင်ကြီးတို့သည် တစ်ပင်နှင့်တစ်ပင် မနီးကပ်သောကြောင့် လေမုန်တိုင်း ဒဏ်ကို မခံနိုင်ကြချေ။ အကိုင်းအခက်များ ကျိုးကုန်ပြီး အမြစ်များလည်း ကျွတ်၍ လဲပြိုကုန်၏။ တောထဲရှိ သစ်ပင်များသည်ကား တစ်ပင်နှင့်တစ်ပင် နီးကပ်စွာ ရှိနေကြသည့်အတွက် ပျက်စီးမှု နည်းပါး လေသည်။

မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များ ပြိုလဲသွားသဖြင့် နေထိုင်စရာဗိမာန် မရှိတော့သည့် ရုက္ခစိုးနတ် တို့သည် တောထဲသို့ ပြန်ရောက်လာခဲ့ကြ၏။ တောထဲ၌ နေသော ရုက္ခစိုးနတ်တို့က လေဘေးဒုက္ခသည် ရုက္ခစိုးနတ်များကို ကောင်းမွန်စွာ လက်ခံကူညီကြ၏။

ဘုရားအလောင်းပညာရှိ ရုက္ခစိုးနတ်သားက "တစ်ပင်တည်းရှိတဲ့ သစ်ပင်ဟာ ဘယ်လောက် ကြီးကြီး လေပြင်းတိုက်ရင် လဲပြိုနိုင်တဲ့အတွက် သစ်ပင်များ စုနေရင် ကောင်းတယ်၊ လောကမှာလည်း ဆွေမျိုးများ စုနေတာ ကောင်းတယ်၊ စည်းလုံးခြင်းဟာ ကြီးမားသော အင်အားဖြစ်တယ်"ဟု ဆုံးမစကား ပြောကြားခဲ့လေသည်။



## စည်းလုံးခြင်းအင်အား

မိုးဦးမိုးအခါ ဝင်ရောက်လာ
မိုးသက်မုန်တိုင်း ပြင်းထန်စွာ
ကွဲလွဲသစ်ပင် အဖော်မဲ့ကာ
ကြီးမားအမြစ်တွယ် စွဲမြဲစွာ
ရှိပေမဲ့လေ ခံနိုင်အား လဲပြိုပျက်စီးသွား
ပေါင်းစပ်ယှက်နွယ် ညီညီညာ တောထဲသစ်ပင်ပမာ
စည်းလုံးခြင်းရဲ့ တို့အင်အား ကောင်းကျိုးဆင့်ကာပွား။

## ညီညွတ်ခြင်းအကြောင်းတရားခြောက်ပါး

၁။ ကိုယ်အမူအရာဖြင့် အချင်းချင်း
ချစ်ခင်ကြင်နာခြင်း၊

၂။ နှုတ်အပြောအဆိုဖြင့် အချင်းချင်း
ချစ်ခင်ကြင်နာခြင်း၊

၃။ စိတ်အတွေးအကြံဖြင့် အချင်းချင်း
ချစ်ခင်ကြင်နာခြင်း၊

၄။ အချင်းချင်း ဝေမျှသုံးစွဲခြင်း၊

၅။ အကျင့်သီလ တူညီအောင်အားထုတ်ခြင်း၊

၆။ အယူဝါဒ တူညီအောင်အားထုတ်ခြင်း။



## သင်ခန်းစာ (၂၈)

## စိတ်ထားဖြောင့်မတ်ခြင်း

### သံကိုကြွက်စား သားကိုစွန်ချီ



ရှေးအခါက ဗာရာဏသီပြည်တွင် ကုန်သည် "မောင်ကောက်"နှင့် "မောင်ဖြောင့်"ဆိုသည့် မိတ်ဆွေ နှစ်ဦးရှိလေသည်။ သူတို့နှစ်ယောက်သည် ခင်ခင်မင်မင် နေလာကြရင်း တစ်နေ့တွင် မောင်ဖြောင့်က သံထွန်သွားများကို မောင်ကောက်ထံတွင် ခေတ္တ အပ်နှံခဲ့ပြီး ခရီးထွက်သွား၏။ မောင်ကောက်သည် ထိုထွန်သွားများကို ရောင်းစားပစ်လိုက်သည်။ ထို့နောက် ထွန်သွားများထားသည့် နေရာတွင် ကြွက်ချေးများကို ကြဲထားလိုက်၏။

မောင်ဖြောင့် ခရီးမှ ပြန်လာသည့်အခါ သူ၏ထွန်သွားများကို လာယူလေ၏။ မောင်ကောက်က "မင်းရဲ့ ထွန်သွားတွေကို ကြွက်စားသွားပြီ၊ ဒီမှာ ကြွက်ချေးတွေ တွေ့လား"ဟု ပြောသည့်အခါ မောင်ဖြောင့်က "အေးလေ၊ ကြွက်စားသွားတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"ဟု အေးအေးဆေးဆေး ပြောဆိုပြီး မောင်ကောက်၏ သားကို ခေါ်ကာ ရေချိုးဆိပ်သို့ သွားလေသည်။

မောင်ဖြောင့်သည် ရေချိုးဆိပ် မရောက်မီ မိတ်ဆွေအိမ် တစ်အိမ်တွင် သားငယ်ကို အပ်ထားခဲ့ပြီး "အပြင်မထွက်ပါစေနဲ့"ဟု မှာခဲ့လေ၏။ ထို့နောက် ရေချိုးပြီး မောင်ကောက်အိမ်သို့ ပြန်သွား၏။ အိမ်သို့ရောက်သည့်အခါ "သူငယ်ချင်း . . . ရေဆိပ်မှာ ငါ ရေချိုးနေတုန်း မင်းရဲ့သားကို စွန်တစ်ကောင်က ချီသွားတယ်။ ငါ လက်ခုပ်တီးပြီး ခြောက်ပေမယ့် စွန်က သားကို လွှတ်မချဘဲ ကောင်းကင်ပေါ် ပျံတက်သွားတယ်"ဟု ပြောလေ၏။ ထိုအခါ မောင်ကောက်က "မင်းပြောတာ လုံးဝ မဖြစ်နိုင်ဘူး။ သူငယ်ကို ချီပြီး ပျံနိုင်တဲ့ စွန်ဆိုတာ မရှိနိုင်ဘူး။ မင်းကို တရားရုံးမှာ တရားစွဲမယ်၊ လာလိုက်ခဲ့"ဟု ပြောဆိုကာ မောင်ဖြောင့်ကို တရားရုံးသို့ ခေါ်သွားလေသည်။



ထိုအခါက တရားသူကြီးသည် ဘုရားအလောင်းတော် ဖြစ်၏။ မောင်ကောက်နှင့် မောင်ဖြောင့်တို့ တရားသူကြီးထံ ရောက်သောအခါ "တရားသူကြီးမင်း . . . ဒီလူဟာ ကျွန်တော့်သားကို ရေချိုးဆိပ် ခေါ်သွားပြီး ပြန်လာတော့ သား ပြန်ပါမလာတော့ဘူး။ သူက ကျွန်တော့်သားကို စွန် ချီသွားတယ်လို့ ပြောပါတယ်။ တရားသဖြင့် ဆုံးဖြတ်ပေးပါခင်ဗျာ"ဟု မောင်ကောက်က တိုင်လေသည်။ တရားသူကြီး မင်းက မောင်ဖြောင့်ကို မေးသည့်အခါ "မောင်ကောက် ပြောတဲ့အတိုင်း မှန်ပါတယ်"ဟု ပြန်ပြောလေ၏။

တရားသူကြီးက "လောကမှာ သူငယ်ကို ချီနိုင်တဲ့ စွန်ဆိုတာ မရှိဘူး"ဟု ပြန်ပြောသောအခါ မောင်ဖြောင့်က ဒါဆိုရင် ကျွန်တော်ကလည်း တရားသူကြီးကို မေးလိုပါတယ်။ "စွန်ဟာ သူငယ်ကို ချီ၍ မပျံနိုင်ဘူးဆိုရင် ကြွက်တွေကရော သံထွန်သွားတွေကို စားနိုင်ပါသလား"ဟု မေးလိုက်၏။

တရားသူကြီးက "မင်း ပြောတဲ့စကားက ဘာအဓိပ္ပာယ်လဲ"ဟု မေးသည့်အခါ မောင်ဖြောင့်က အကြောင်းစုံကို ရှင်းပြ၏။ ထို့နောက် တရားသူကြီးကို "တရားသဖြင့် ဆုံးဖြတ်ပေးပါ"ဟု တောင်းဆို လေသည်။

တရားသူကြီးက "မင်းဟာ ကောက်ကျစ်တတ်တဲ့သူကို တန်ပြန်ကောက်ကျစ်မှုနဲ့ အနိုင်ယူရမယ် လို့ တွေးတောတတ်ပါပေတယ်"ဟု မောင်ဖြောင့်ကို ပြောပြီး မောင်ကောက်ဘက် လှည့်ကာ "သံထွန်သွား ကို ကြွက်က ကိုက်စားနိုင်တယ်ဆိုရင် သူငယ်ကိုလည်း စွန်က ချီနိုင်ပါတယ်၊ လှည့်စားတတ်သူ ဆိုတာ လှည့်စားတတ်သူနဲ့ပဲ တွေ့တတ်တယ်၊ သံထွန်သွားတွေကို ပြန်ပေးလိုက်ပါ၊ မင်းကလည်း သားကို ပြန်ပေးလိုက်ပါ"ဟု ဆုံးဖြတ်ပေးလိုက်သည်။

မောင်ကောက်သည် ရောင်းစားထားသော သံထွန်သွားများကို အစားပြန်ပေး၏။ မောင်ဖြောင့်က လည်း သားငယ်ကို ခေါ်၍ ပြန်ပေးလိုက်လေသည်။



# သင်ခန်းစာ (၂၉)

## အများအကျိုးဆောင်

### မဃလုလင်

ရှေးအခါက ရာဇဂြိုဟ်ပြည် တောရွာလေးတစ်ရွာတွင် လူငယ်အသင်းအဖွဲ့တစ်ဖွဲ့ ရှိလေသည်။ ထိုအဖွဲ့တွင် အဖွဲ့ဝင် ၃၃ ယောက်ရှိ၏။ ထိုအဖွဲ့ကို ဦးဆောင်သူကား မဃလုလင် ဖြစ်၏။ ထို့ကြောင့် သူတို့အဖွဲ့ကိုလည်း "မဃလုလင်အဖွဲ့" ဟု အမည်ပေးထားသည်။

မဃလုလင်အဖွဲ့သည် ငါးပါးသီလ စောင့်ထိန်းခြင်း၊ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်း ရေကန် တူးဖော်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြသည်။ ဤသို့ဖြင့် ရွာသားအများစုသည်လည်း မဃလုလင်၏ အဆုံးအမအတိုင်း သီလတို့ကို ဆောက်တည်ကြသည်။ ထို့ကြောင့် ရွာတွင် ဒုစရိုက်မှုများ တဖြည်းဖြည်း လျော့နည်းလာကာ ရပ်ရွာသည်လည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုး တိုးတက်လာခဲ့သည်။

သို့ရာတွင် ရွာသူကြီးသည် ရွာတွင် ဒုစရိုက်မှုများ လျော့နည်းလာသဖြင့် သူ့အတွက် လာဘ်ရရှိမှု နည်းပါးသွားသောကြောင့် မဃလုလင်တို့ အဖွဲ့ကို ဒေါသထွက်နေသည်။ ထို့ကြောင့် မင်းကြီးထံတွင် "အရှင်မင်းကြီး . . . ရွာကို သူခိုးများ ဖျက်ဆီးနေကြပါတယ်" ဟု လျှောက်ထားလေသည်။ မင်းကြီး





ကလည်း စုံစမ်းအစစ်ဆေးမှု မပြုဘဲ "သူခိုးများကို ဖမ်းခေါ်လာပြီး ဆင်ဖြင့် နင်းသတ်စေ" ဟု အမိန့်ချလိုက်လေသည်။

မင်းမှုထမ်းများသည် မဃလုလင်နှင့်အဖွဲ့သားများကို သတ်ရန် ဆင်တို့ကို ခေါ်ဆောင်လာခဲ့ကြသည်။ ထိုအချိန်တွင် မဃလုလင်သည် သူ၏အဖွဲ့သားများအား "သင်တို့ ဆောက်တည်ခဲ့သော သီလကို ပြန်လည်အောက်မေ့ပြီး ကုန်းတိုက်သော ရွာသူကြီး၊ မင်းကြီးနှင့် ဆင်တို့ကို မေတ္တာပို့ကြပါ" ဟု သတိပေးဆုံးမစကား ပြောကြားထားသည်။ အဖွဲ့ဝင်အားလုံးတို့သည် ခေါင်းဆောင် မဃလုလင်၏ စကားကိုလိုက်နာကြ၏။ မင်းမှုထမ်းများ လွှတ်လိုက်သော ဆင်သည် မဃလုလင်တို့ အဖွဲ့နားသို့ ရောက်သောအခါ ရှေ့သို့ မတိုးဝံ့တော့ဘဲ နောက်သို့ချည်း ပြန်လှည့်ပြေးနေ၏။

မင်းကြီးသည် "မဃလုလင်တို့မှာ ဆင်တွေကို ထွက်ပြေးစေနိုင်တဲ့ အဆောင်လက်ဖွဲ့ တစ်မျိုးမျိုးရှိလိမ့်မယ်၊ စစ်ဆေးကြ" ဟု ပြော၍ မေးမြန်းစစ်ဆေးစေ၏။ မဃလုလင်ကလည်း "ရှိပါတယ်၊ ကျွန်တော်တို့ရဲ့ အဆောင်လက် ဖွဲ့ကောင်းကတော့ သူတစ်ပါး အသက်ကို မသတ်ပါ၊ သူတစ်ပါး ပစ္စည်းဥစ္စာကို မခိုးပါ၊ သူတစ်ပါး သားမယားကို မဖျက်ဆီးပါ၊ လိမ်ညာ မပြောပါ၊ သေရည်အရက်နဲ့ မူးယစ်ဆေးဝါး မသောက်သုံးပါ။ အလှူပေးပါတယ်၊ လမ်းခင်းပါတယ်၊ ရေကန်တူးပါတယ်၊ ဇရပ်ဆောက်ပါတယ်၊ ဒါတွေဟာ ကျွန်တော်တို့ရဲ့ အဆောင်လက်ဖွဲ့လည်း ဟုတ်တယ်၊ အရံအတား၊ အကာအကွယ်လည်း ဖြစ်ပါတယ်၊

တိုးတက်ရာ တိုးတက်ကြောင်းလည်း ဖြစ်ပါတယ်”ဟု ပြန်လည် လျှောက်တင်လိုက်သည်။ ထိုအခါ ဘုရင်ကြီးသည် မဃလုလင်နှင့် အဖွဲ့သားများကို အလွန်လေးစားသွားပြီး ရွာစားရာထူးနှင့် စည်းစိမ်တို့ကို ပေးလိုက်လေသည်။

မဃလုလင်နှင့်အဖွဲ့သည် ရွာသို့ ပြန်ရောက်သောအခါ လမ်းလေးခွဆုံရာ၌ ဇရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းကြ၏။ ဇရပ်ကြီး၏ အနီး၌ ဥယျာဉ်ကြီးနှင့် ရေကန်ကြီးတစ်ကန်ကိုပါ ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။ ထိုသို့ဖြင့် မဃလုလင် သေဆုံးသည့်အခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၍ အဖွဲ့ဝင် သုံးဆယ့်သုံးယောက်တို့သည်လည်း သိကြားမင်း၏ အခြွေအရံနတ်သားများ ဖြစ်သွားကြလေသည်။

**မဃလုလင်**

မဃလုလင် သူ့တရားကျင့်စဉ်
ငါးပါးလုံခြုံ သီလဂုဏ်
တံတားခင်းလမ်းခင်း ရေတွင်းရေကန်တူးဖော်ကာ
စေတနာခွန်အား ကုသိုလ်ပွား အများအကျိုးသယ်ပိုးသွား
အများအကျိုးဆောင် ကိုယ့်အကျိုးအောင် မဃလုလင်ဟာ
သူ့ရဲ့ကုသိုလ် စေတနာသဒ္ဒါ ခန္ဓာစွန့်သောအခါ
တာဝတိံသာ အထက်က သိကြားမင်းဖြစ်လာ။





## သင်ခန်းစာ (၃၀)

## ပညာရှိ ခေါင်းဆောင်ကောင်း

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စဉ် ဘုရားအလောင်း ခွေးမင်းသည် အခြွေအရံ နောက်လိုက်နောက်ပါ ခွေးများနှင့်အတူ သင်္ချိုင်းကြီးတစ်ခု၌ နေထိုင်၏။ တစ်နေ့တွင် မင်းကြီးသည် ဥယျာဉ်ကစားထွက်ရာ နန်းတော်သို့ နေဝင်မှ ပြန်ရောက်သည်။ မင်းကြီးသည် ရထားကို မင်းရင်ပြင်၌ ထားခဲ့ရာ ညအခါတွင် မိုးရွာသဖြင့် ရထားတစ်စင်းလုံး မိုးရေများ စိုရွှဲကုန်၏။ ထိုအခါ နန်းတွင်းခွေးများသည် သားရေနံ့ရ၍ ထွက်လာကြပြီးလျှင် ရထားကို ကာထားသော သားရေများ၊ ချည်နှောင်ထားသော သားရေကြိုးများကို ကိုက်ဖြတ်စားသောက်ကြသည်။

နောက်တစ်နေ့ နံနက်၌ နန်းတွင်းသားတို့သည် အသက်ဘေးမှ ကြောက်ရွံ့သည့်အတွက် "နန်းတော်ပြင်ပက ခွေးများ လာရောက် ကိုက်စားကြပါတယ်"ဟု မင်းကြီးအား လျှောက်ထားကြ၏။ ထိုအခါ မင်းကြီးက "နန်းတော်ပြင်ပက တွေ့သမျှ ခွေးအားလုံးကို သတ်စေ"ဟု အမိန့်ပေးလိုက်၏။ နန်းတွင်းသားများသည် နန်းတော်ပြင်ပရှိ ခွေးများကို လိုက်လံသတ်ဖြတ်ကြ၏။ တစ်တိုင်းပြည်လုံးရှိ ခွေးများ ဒုက္ခရောက်ကြရသည်။ နောက်ဆုံးတွင် ခွေးအပေါင်းတို့သည်လည်း ခွေးမင်းရှိရာ သင်္ချိုင်းသို့ လာရောက်စုဝေးကြပြီး အကူအညီပေးပါရန် ခွေးမင်းအား တောင်းပန်ကြ၏။





ခွေးမင်းသည် "ငါ့ရဲ့ အခြံအရံနောက်လိုက် ဆွေမျိုးခွေးတွေကို အသက်ဘေးက ကယ်တင်မယ်" ဟူသော ဆုံးဖြတ်ချက်ကို ချခဲ့သည်။ ထို့နောက် အများအကျိုးဆောင်ရွက်လိုသော ဆန္ဒဖြင့် မေတ္တာဘာဝနာ ပွားကာ "ငါ့ကို ဘယ်သူမှ အန္တရာယ် မပြုနိုင်ပါစေနဲ့"ဟု အဓိဋ္ဌာန်၍ မြို့တွင်းသို့ ဝင်လာခဲ့သည်။

နန်းတော်သို့ ရောက်သောအခါ မင်းကြီးစံမြန်းရာ နေရာအောက်သို့ ပြေး၍ဝပ်လေသည်။ ထိုအခါ မင်းချင်းတို့သည် ခွေးမင်းကို ရိုက်ပုတ်နှင်ထုတ်မည်ပြုရာတွင် မင်းကြီးက ဝင်ရောက်တားမြစ်လေသည်။ ထို့နောက် ခွေးမင်းလည်း ခေတ္တအပန်းဖြေပြီး မင်းကြီးရှေ့သို့ ထွက်လာကာ ရှိခိုး၍ "အရှင်မင်းကြီး . . . နန်းတော်ပြင်ပက ခွေးအားလုံးကို သတ်စေ-ဆိုတဲ့ အမိန့်ကို အရှင်မင်းကြီး ပေးထားပါသလား"ဟု မေးလျှောက်လေ၏။ မင်းကြီးကလည်း ပေးထားကြောင်း ဝန်ခံ၏။ ခွေးမင်းက သတ်မိန့်ပေးရခြင်း၏ အကြောင်းရင်းကို ထပ်မံ မေးလျှောက်ပြန်ရာ မင်းကြီးက "ရထားသားရေများကို နန်းတော်ပြင်ပရှိ ခွေးများက ကိုက်ဖြတ်စားသောက်ပစ်တဲ့အတွက် သတ်မိန့်ပေးရခြင်းဖြစ်တယ်"ဟု ရှင်းပြလေသည်။

ထိုအခါ ခွေးမင်းက "မင်းကြီးရဲ့ ရထားသားရေတွေကို ကိုက်ဖြတ်စားသောက်တဲ့ တရားခံများကို အခုပဲ ဖော်ထုတ်ပေးမယ်"ဟု ပြောကာ မင်း၏ အခိုင်းအစေတို့ကို မြေစာမြက်များ ယူခိုင်း၏။ ထိုမြေစာမြက်

များကို ထုထောင်းစေပြီး ရက်တက်ရည်ဖြင့် ဖျော်စပ်ခိုင်း၍ နန်းတွင်းထဲရှိ ခွေးများကို တိုက်စေသည်။ နန်းတွင်းခွေးများသည် ရက်တက်ရည် သောက်ပြီးနောက် သားရေစများကို ပြန်အန်ထုတ်ကြ၏။

ထိုအခါမှ မင်းကြီးလည်း အဖြစ်မှန်ကို သိသွားသည်။ ထို့နောက် မိမိအပြစ်ကို သိမြင်သွားပြီး သတ္တဝါအားလုံးကို ဘေးမဲ့ပေးလိုက်၏။ အများအကျိုးကို လိုလားသည့်စိတ်ဖြင့် အမှန်တရားကို ဖော်ထုတ်ပေးလိုက်သော ခွေးမင်းကိုလည်း လေးစားသွား၏။ ထို့ကြောင့် ခွေးမင်းနှင့်တကွ အခြံအရံ နောက်လိုက်ဆွေမျိုး ခွေးအပေါင်းတို့အားလည်း ကောင်းမွန် လတ်ဆတ်သော အစားအသောက်များကို နေ့စဉ်မပြတ် ကျွေးမွေးလေသည်။

**ခေါင်းဆောင်ကောင်း**

ခေါင်းဆောင်တို့မည်သည်
ဦးဆောင် ကာကွယ်သည်
ဆုံးဖြတ်ချက်တွေ အခိုင်အမာချ ရဲဝံ့ပြတ်သားစွာ
တွန်းလှန်ခုခံသည် အသိဉာဏ်အမြော်မြင်ဆီ
စဉ်းစားသုံးသပ် တွက်ချက်စိစစ်ကာ
အများအကျိုးတွေ ဖြစ်ထွန်းရာ
မြင်အောင်ကြည့်တတ်တာ ခေါင်းဆောင်ကောင်းတွေပါ။



# သင်ခန်းစာ (၃၁)

## ဘုရင်မကြီး ရှင်စောပု



ရှင်စောပုသည် မြန်မာ့သမိုင်းတစ်လျှောက်တွင် ထင်ရှားသည့် တစ်ဦးတည်းသော ဘုရင်မကြီး ဖြစ်သည်။ ရှင်စောပုသည် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ သမီးတော် ဖြစ်သည်။ ဟံသာဝတီပြည်သူတို့သည် ဘုရင်များ၏ စစ်ဘေးစစ်ဒဏ်တို့ကို မခံနိုင်တော့သဖြင့် ဘာသာတရားကိုင်းရှိုင်းသော ရှင်စောပုကို ရွေးချယ် နန်းတင်လိုက်ကြသည်။

ဘုရင်မကြီးအဖြစ် နန်းတက်သော အချိန်တွင် အသက် ၅၉ နှစ်ရှိပြီ ဖြစ်၏။ ရှင်စောပု ဘုရင်မဖြစ်လာသော အချိန်မှစ၍ ပြည်သူတို့သည် စစ်ဘေးစစ်ဒဏ်မှ ကင်းဝေးပြီး တိုင်းပြည်၏ စီးပွားရေးလည်း ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ ပင်ကိုကပင် ဘာသာတရား ကိုင်းရှိုင်း၍ ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်လေ့ရှိသော ရှင်စောပုသည် ဘုရင်မဖြစ်လာပြီး နောက်ပိုင်းတွင် ကုသိုလ်ကောင်းမှုများကို ပိုမိုလုပ်ဆောင်လာခဲ့သည်။

ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကြီးကို အားသွန်ခွန်စိုက် အထူးမွမ်းမံ ပြုပြင်ပူဇော်ခဲ့သော ဘုရားဒါယိကာမတစ်ဦးလည်း ဖြစ်သည်။ ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကြီးကို သပ္ပာယ်သည်ထက် သပ္ပာယ်အောင် မွမ်းမံရေး၊ ရွှေတိဂုံစေတီတော် တည်ထားသော ကုန်းမြေကို သာယာခိုင်ခံ့ ကျယ်ဝန်းအောင်



ပြုပြင်ရေး၊ စေတီတော်အား ဖူးမြော်သူတို့ သဒ္ဓါနှင့် သဒ္ဓါတရား ထက်သန်တိုးပွားရေး၊ ကုသိုလ်တော်များ အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို လုံ့လ၊ ဝီရိယ၊ စေတနာ ထက်သန်စွာဖြင့် ဆောင်ရွက်ခဲ့သည်။

ဘုရင်မကြီးသည် ရွှေတိဂုံစေတီတော်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် မိမိကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေစင်များကို လှူဒါန်းခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီးအတွက် ဥယျာဉ်၊ ခြံ၊ မြေနေရာများကို လှူဒါန်းခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီး၏ အောက်ခြေကို မြေအုတ်၊ ကျောက်အုတ်တို့ဖြင့် သမံတလင်းခင်းကျင်းလှူဒါန်းခဲ့သည်။ ထို့ပြင် စောင်းတန်း၊ လှေကား၊ ရွှေသပိတ်၊ ရွှေပန်းကန်၊ ငွေပန်းကန်၊ ရွှေဖွန်း၊ ငွေဖွန်းတို့ကိုလည်း လှူဒါန်းခဲ့သည်။ ထူးခြားသော အလှူမှာ ကမ္မည်းကျောက်စာ အလှူ ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းကိုလည်း မွန်ဘာသာ၊ မြန်မာဘာသာ၊ ပါဠိဘာသာတို့ဖြင့် ကျောက်စာရေးထိုးခဲ့၏။ မွန်ပြည်နယ် ကျိုက်မရောဘုရားတွင်လည်း ကုသိုလ်များ ပြုလုပ်ခဲ့သည်။

ဘုရင်မကြီးသည် အမြော်အမြင်ကြီးမားပြီး ဖွဲသတ္တိနှင့် ပြည့်စုံသူ ဖြစ်သည်။ စနစ်တကျစီမံခန့်ခွဲနိုင်သော စွမ်းရည်ကို ပိုင်ဆိုင်ထားသူ ဖြစ်သဖြင့် တိုင်းပြည်ကို အဘက်ဘက်မှ တည်ငြိမ်အောင် အုတ်မြစ်ချပေးနိုင်ခဲ့သည်။



ဘုရင်မကြီးသည် နန်းသက်ခုနစ်နှစ်တွင် သူ၏ သမက်ဖြစ်သော ဓမ္မစေတီကို ထီးနန်း လွှဲအပ်ခဲ့လေသည်။ ထီးနန်းဆက်ခံသူကို မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့သောကြောင့် ဟံသာဝတီပြည်သည် အေးချမ်းသာယာပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ဘုရင်မကြီးသည် သက်တော် ၇၈ နှစ်အရွယ်တွင် နတ်ရွာစံခဲ့လေသည်။

# သင်ခန်းစာ (၃၂)

## အသက်သခင်ကို ပြစ်မှားသူ

ရှေးအခါက ဗာရာဏသီပြည်ရှိ ရွာတစ်ရွာတွင် လယ်သမားတစ်ယောက်သည် နွားများကို စားကျက်၌ လွှတ်ထားပြီး ပေါက်တူးပေါက်နေ၏။ နွားများက စားကျက်တွင် စားသောက်နေရင်း တောအုပ်ထဲသို့ ဝင်သွားကြသည်။ လယ်သမားသည် နွားပျောက် ရှာရင်း တောအုပ်ထဲ၌ မျက်စိလည်ပြီး လမ်းမှားသွား၏။ ခုနစ်ရက်တိုင်တိုင် တောအုပ်ပြင်ပသို့ ထွက်၍ မရသဖြင့် ထမင်းလည်း မစားရပေ။ တစ်နေ့တွင် သူသည် အိမ်ပြန် လမ်းရှာရင်း တည်ပင်တစ်ပင်နားသို့ ရောက်သွားသည်။ တည်သီးစားရန် အပင်ပေါ်သို့ တက်ရူးရာ ခြေချော်ပြီး အတောင်ခြောက်ဆယ်နက်သော ချောက်ကမ်းပါးထဲသို့ ပြုတ်ကျသွား၏။ ချောက်ကမ်းပါးက အလွန်မတ်စောက် သဖြင့် အပေါ်သို့ ပြန်မတက်နိုင်တော့ပေ။ ဤသို့ဖြင့် ချောက်ကမ်းပါးထဲ ကျနေသည်မှာ ဆယ်ရက်ခန့် ကြာ သွားသည်။

တစ်နေ့တွင် ဘုရားအလောင်းမျောက်မင်းသည် တည်ပင်ပေါ်၌ တည်သီးစားနေစဉ် ချောက်ကမ်းပါးထဲတွင် ပြုတ်ကျနေသော လယ်သမားကို တွေ့သွားခဲ့၏။ ထိုအခါ ကျောက်ဖျာ၌ ကြိုးချည်ကာ ချောက်ကမ်းပါးသို့ ဆင်း၍ လယ်သမားကို ကျောပေါ်တင်ကာ ကြိုးဖြင့် အပေါ်သို့ ဆွဲတက်ပြီး ခက်ခက်ခဲခဲ ကယ်တင်ခဲ့ရသည်။ အပေါ်သို့ ရောက်သောအခါ မျောက်မင်းက “ကျွန်ုပ် အလွန်ပင်ပန်း နေတဲ့အတွက် ခေတ္တခဏ အနားယူပါဦးမယ်”ဟု ဆိုကာ ကျောက်ဖျာပေါ်တွင် ပက်လက်လှန် အနားယူရင်း အိပ်ပျော်သွားလေသည်။





မျောက်မင်း အိပ်ပျော်နေစဉ် လယ်သမားသည် "တောထဲမှာရှိတဲ့ တိရစ္ဆာန်ဆိုတာ လူတွေရဲ့အစာ ဖြစ်တယ်၊ ဒါ့ကြောင့် ဒီမျောက်ကြီးကို သတ်ပြီး စားလို့ရတယ်၊ ငါလည်း သိပ်ပြီး ဆာလောင်နေတယ်၊ ဒီမျောက်သားကို ယူသွားရမယ်၊ တောအုပ်ထဲက ထွက်ဖို့ ရိက္ခာလိုတယ်"ဟု ကြံစည်၍ အနားတွင်ရှိသော ကျောက်တုံးဖြင့် မျောက်မင်း၏ ဦးခေါင်းကို ထုရိုက်လိုက်သည်။

ထိုသို့ ထုရိုက်သော်လည်း လယ်သမားသည် အားနည်းနေသောကြောင့် မျောက်မင်းမှာ မသေဘဲ ခေါင်းကွဲသွားလေသည်။ မျောက်မင်းသည် လန့်နိုးသွားပြီး သစ်ပင်ပေါ်သို့ ခုန်တက်လိုက်၏။ သွေးများ ယိုစီးလျက် မျက်ရည်များ ကျလာကာ "အို လူသား . . . သင်မြေပြင်က သွားပါ၊ ကျွန်ုပ်က သစ်ခက်တွေနဲ့ သင့်ကို လမ်းညွှန်ခေါ်ဆောင်သွားပါမယ်"ဟု ပြော၏။ ရွာအနီးကို ရောက်သောအခါ မျောက်မင်းသည် တောအုပ်ထဲသို့ ပြန်ဝင်သွားလေသည်။

လယ်သမားသည် ကျေးဇူးရှင် သူတော်ကောင်း မျောက်မင်းကို ကိုယ်ထိလက်ရောက် စော်ကားမိသောကြောင့် ခန္ဓာကိုယ်တစ်ခုလုံး အလွန်ပူလောင်သည့် ဝေဒနာကို ခံစားနေရသည်။ အနာများလည်း ပေါက်လာသည်။ အနာများက ပူလောင်လှသဖြင့် ငှက်ပျောရွက်များကို ခင်း၍ အိပ်ရ၏။ သို့သော် ဝေဒနာက မသက်သာဘဲ တဖြည်းဖြည်း ပိုဆိုးလာသည်။ နောက်ဆုံးတွင် လယ်သမားသည် ထိုပြင်းထန်သည့် ဝေဒနာကို ခုနစ်နှစ်ခန့် ခံစားရပြီး ကွယ်လွန်သွားခဲ့လေသည်။



## သင်ခန်းစာ (၃၃)

## တစ်လုတ်စားဖူး သူ့ကျေးဇူး



### ကျေးဇူးသိတတ်သော နွားလိမ္မာ

ရှေးအခါက ဗာရာဏသီပြည်တွင် ဘုရားအလောင်းသည် နွားမျိုး၌ ဖြစ်ခဲ့၏။ ဘုရားအလောင်းနွားငယ်၏ သခင်တို့သည် နွားငယ်လေးကို ငယ်စဉ်ကပင် အမေအိုတစ်ယောက်ထံ အခကြေးငွေ ပေးပြီး အပ်ထားလေသည်။ အမေအိုသည် နွားငယ်ကို သားအရင်းကဲ့သို့ ချစ်ခင်ပြီး ယာဂု (ဆန်ပြုတ်)၊ ထမင်း စသည်တို့ကို ကျွေး၍ ကောင်းမွန်စွာ မွေးမြူထား၏။

ထိုသို့ မွေးမြူထားသဖြင့် နွားငယ်လေး အရွယ်ရောက်လာသောအခါ အလွန်သန်မာထွားကျိုင်း၏။ အကျင့်ကောင်းပြီး လိမ္မာသဖြင့် နွားလိမ္မာဟုလည်း ခေါ်ကြသည်။ ကလေးငယ်တို့က နွားလိမ္မာ၏ ချိုကို ဆွဲ၍ ကစားကြသကဲ့သို့ အမြီးကို ကိုင်၍လည်း ကစားကြ၏။ ကျောပေါ်သို့လည်း တက်စီးကြ၏။ နွားလိမ္မာလေးသည် ရန်မပြုဘဲ သည်းခံကာ ကလေးငယ်တို့နှင့် အတူကစား၏။ တစ်နေ့သ၌ နွားလိမ္မာလေးက "ငါ့မိခင်သည် ဆင်းရဲ၏၊ ငါ့ကို ခက်ခက်ခဲခဲ ကျွေးမွေးထားရ၏၊ ငါ့ကို သားအရင်းကဲ့သို့လည်း ချစ်၏၊ သို့ဖြစ်၍ ငါ အလုပ်လုပ်ပြီး မိခင်ကို ကျေးဇူးပြန်ဆပ်ရမည်'ဟု စဉ်းစားမိ၏။ ထိုနေ့မှစ၍ အမေအိုကို ကျေးဇူးဆပ်နိုင်မည့် အခွင့်အလမ်းကို စောင့်မျှော်နေလေ၏။

တစ်နေ့သ၌ လှည်းကုန်သည်တစ်ဦးသည် လှည်းငါးရာဖြင့် ကုန်သွယ်လာရင်း ဗွက်ထနေသော ရေဆိပ်တစ်ခုသို့ ရောက်လာလေ၏။ ကုန်သည်၏ နွားတို့သည် ထိုဗွက်ထနေသော ရေဆိပ်မှ လှည်းများကို ဆွဲမတင်နိုင်ကြပေ။ ထိုအခါ ကုန်သည်သည် လှည်းများကို ဆွဲတင်ရန် နွားရှာထွက်လာခဲ့၏။ ကုန်သည်သည် နွားလက္ခဏာကျမ်းကို ကျွမ်းကျင်သူ ဖြစ်သောကြောင့် နွားလိမ္မာကို မြင်သောအခါ သူ၏ လှည်းများ

ကို ဆွဲနိုင်လိမ့်မည်ဟု သိလိုက်၏။ ထို့နောက် ကုန်သည်သည် "ဤနွားကို မည်သူပိုင်သနည်း၊ ငါ၏လှည်းများကို ဆွဲခိုင်းချင်ပါသည်"ဟု နွားကျောင်းသားတို့ကို မေးမြန်း စုံစမ်းလေသည်။

"ဤနွား၏ ပိုင်ရှင်သည် ဤနေရာ၌ မရှိပါ၊ ယူပြီး ခိုင်းနိုင်ပါသည်"ဟု နွားကျောင်းသားတို့က ပြန်ပြောသဖြင့် ကုန်သည်သည် နွားလိမ္မာအား နဖားကြိုးထိုးကာ ဆွဲခေါ်လေသည်။ နွားလိမ္မာက "ဤလှည်းကုန်သည်သည် ငါ့ကို ငွေမည်မျှ ပေးမည်ဟု မပြောသေး၊ ငွေပေးမှ ငါလိုက်မည်" ဟု ကြံစည်ပြီး မလှုပ်ဘဲ နေလိုက်သည်။

ကုန်သည်လည်း နွား၏အလိုကို သိသောအခါ "သင်သည် လှည်းတို့ကို ဆွဲပေးလျှင် လှည်းတစ်စီးကို နှစ်ကျပ်နှုန်းဖြင့် လှည်းငါးရာအတွက် ငွေတစ်ထောင် ပေးပါမည်"ဟု ပြောမှသာ နွားလိမ္မာသည် လှည်းများဆီသို့ လိုက်သွားပြီးလျှင် လှည်းတို့ကို တစ်စီးမကျန် ဆွဲတင်ပေးလေ၏။ လှည်းများ အားလုံး ဆွဲတင်ပြီးသွားသောအခါ ကုန်သည်က ငွေငါးရာကိုသာ ထုပ်ပြီး နွားလိမ္မာ၏လည်၌ ချည်ထားပေးလိုက်သည်။

ထိုအခါ နွားလိမ္မာက "ဤသူသည် ငါ့ကို ပြောထားသည့်အတိုင်း အဖိုးအခ ပြည့်အောင်မပေးသေးဘူး၊ ထို့ကြောင့် သူ့ကိုလည်း ငါ သွားခွင့် မပြုနိုင်သေးဘူး"ဟု ကြံကာ လှည်းအုပ်ကြီး၏ ရှေ့၌ ရပ်နေ၏။ ကုန်သည်ကဆွဲဖယ်သော်လည်း နွားလိမ္မာက ဖယ်မပေးချေ။ ကုန်သည်လည်း "ဤနွားသည် ငွေမပြည့်သည်ကို သိနေ၏"ဟု သဘောပေါက်ပြီး ငွေတစ်ထောင်ပြည့်အောင် ပြန်ဖြည့်ပေးလိုက်၏။





ထိုအခါမှ နွားလိမ္မာသည် ငွေတစ်ထောင်ထုပ်ကို ယူဆောင်ပြီး အမေအိုထံသို့ ပြန်လာခဲ့၏။ နွားကျောင်းသားတို့လည်း နွားလိမ္မာလေး၏အိမ်သို့ လိုက်လာကြသည်။ လမ်း၌ ကလေးငယ်များက "အဘယ်အထုပ်ကို ဆွဲထားသနည်း"ဟု မေးကာ အနားသို့ ကပ်လာကြလျှင် နွားလိမ္မာလေးက အကပ်မခံဘဲ ခြောက်လှန့်ထုတ်၏။ နွားလိမ္မာလေးသည် လှည်းငါးရာကို ဆွဲခဲ့ရသောကြောင့် အလွန်ပင်ပန်းပြီး မျက်စိများလည်း နီနေသည်။

အမေအိုသည် ငွေထုပ်ကို မြင်သောအခါ "ဤငွေကို မည်သည့်နေရာက ရလာသနည်း'ဟု မေးလေ၏။ ထိုအခါ နွားကျောင်းသားတို့က အဖြစ်အပျက်အလုံးစုံကို ပြောပြကြ၏။ အမေအိုက "သားငယ် . . . သင်သည် ငွေရှာ၍ အမေ့ကို ပြုစုလုပ်ကျွေးလိုသလော။ အဘယ့်ကြောင့် ဤမျှလောက် ကျေးဇူးသိတတ်၍ ပင်ပန်းဆင်းရဲခံဘိသနည်း"ဟု ပြော၍ နွားလိမ္မာလေးကို ရေနွေးဖြင့် ရေချိုးပေးကာ အစားကောင်းများ ကျွေးမွေး၏။ အမေအိုသည် နွားလိမ္မာလေး စားသောက်နေသည်ကို ကြည့်ပြီး ပီတိ ဖြစ်နေလေ၏။ ဤသို့လျှင် အမေအိုနှင့် နွားလိမ္မာလေးတို့သည် အသက်ထက်ဆုံး အတူတကွ ပျော်ရွှင်စွာ နေထိုင်သွားခဲ့ကြလေသည်။

## သင်ခန်းစာ (၃၄)

## ပဉ္စာဝုဓမင်းသား



ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားကြီးတို့၌ သားတော်လေးတစ်ပါး ဖွားမြင်လေသည်။ သားတော်လေးကို အမည်ပေးကင်ပွန်းတပ်သည့်နေ့တွင် သားတော်လေး၏ ဘဝကံကြမ္မာကို ပညာရှိအမတ်ကြီးများအား မေးကြ၏။ ပညာရှိအမတ်အားလုံးက သားတော်လေးသည် ကြီးမြတ်သော ဘုရင်ကြီးတစ်ပါး ဖြစ်လာပြီး ဂုဏ်ကျက်သရေနှင့် ပြည့်စုံသည့်ဘဝကို ရရှိလိမ့်မည်ဟု တညီတညွတ်တည်း ဟောကြ၏။ ထို့ပြင် လက်နက်ငါးမျိုးကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည့် မင်းသားလည်း ဖြစ်လိမ့်မည်ဟု ဟောခဲ့ကြသည်။ ဘုရင်ကြီးက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ပညာရှိအမတ်တို့အား ဆုတော်လာဘ်တော်များ ချီးမြှင့်လိုက်၏။

လက်နက်ငါးမျိုးကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည့် မင်းသားဖြစ်လိမ့်မည်ဟု ပညာရှိအမတ်များက ဟောကြသောကြောင့် "ပဉ္စာဝုဓမင်းသား"ဟူ၍ နာမည်ပေးလိုက်သည်။ မင်းသားသည် အရွယ်ရောက်လာသောအခါ တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်ကြားခဲ့သည်။ ပညာသင်ပြီး ပြန်လာချိန်တွင် ဆရာကြီးက မင်းသားကို လက်နက်ငါးမျိုး လက်ဆောင်ပေးလိုက်သည်။ မင်းသားလေးသည် ဆရာကြီးပေးလိုက်သော လက်ဆောင်ကို ယူ၍ ဗာရာဏသီပြည်သို့ ပြန်လာခဲ့၏။ တောအုပ်ကြီးတစ်ခုသို့ ရောက်သောအခါ လူအချို့က "အသင်မင်းသား . . . ဤတောအုပ်ထဲတွင် စေးကပ်သော အမွေးများရှိသည့် ဘီလူးကြီးတစ်ကောင် နေထိုင်ကျက်စားနေပြီး ရောက်လာသူ မှန်သမျှကို သတ်ဖြတ် စားသောက်လေ့ရှိ၏၊ ဤတောအုပ်ကြီးထဲသို့ မဝင်ပါနှင့်"ဟု ပြောဆိုတားမြစ်ကြ၏။ သို့သော်လည်း မင်းသားသည် ကြောက်ရွံ့ခြင်းမရှိဘဲ ဘီလူးကြီးနှင့် ရင်ဆိုင်မည်ဟု ဆိုကာ တောအုပ်ကြီးထဲသို့ ဝင်လာခဲ့သည်။

ဘီလူးကြီးသည် မင်းသားကို တွေ့သောအခါ "ဤတောအုပ်ထဲသို့ ရောက်လာသူမှန်သမျှကို ငါစားခဲ့၏၊ ယခု သင့်ကိုလည်း ငါ စားမည်"ဟု ကြုံးဝါးလေ၏။ မင်းသားသည် ကြောက်ရွံ့ခြင်းမရှိဘဲ

ရဲစွမ်းသတ္တိအပြည့်ဖြင့် "သင့်ကို မကြောက်သောကြောင့် ဤတောထဲသို့ ဝင်လာခဲ့ခြင်း ဖြစ်၏၊ ယခု သင့်ကို မြားဖြင့် ပစ်သတ်မည်"ဟု ဆိုကာ ပစ်လိုက်ရာ မြားတံသည် ဘီလူးကြီး၏ အမွေး၌ ကပ်နေလေသည်။ မင်းသားလည်း အဆက်မပြတ် ပစ်ခတ်ရာ ပစ်သမျှ မြားတို့သည် ဘီလူးကြီး၏ အမွေး၌သာ ကပ်နေ၏။ မြားများ ကုန်သွားသောအခါ ဘီလူးကြီးသည် မင်းသားအနီးသို့ ချဉ်းကပ်လာသည်။

မင်းသားက မကြောက်ဘဲ သူ့တွင်ပါလာသော သန်လျက်ကို ထုတ်၍ ဘီလူးကြီးကို ခုတ်လေ၏။ ခုတ်လိုက်သည့် သန်လျက်သည်လည်း ဘီလူးကြီး၏ အမွေးတွင် ကပ်နေပြန်သည်။ သို့သော်လည်း မင်းသားသည် ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ လှံဖြင့် ထပ်မံထိုးပြန်၏။ လှံသည်လည်း ကပ်နေပြန်သည်။ မင်းသားသည် စိတ်ဓာတ်မကျဘဲ တင်းပုတ်ဖြင့် ထပ်ထု၏။ တင်းပုတ်သည်လည်း ဘီလူး၏ ချိုင်းအောက်တွင်ရှိသော ထူထဲသည့် အမွေးများတွင် ကပ်နေပြန်သည်။

မင်းသားသည် မိမိတွင်ပါလာသော လက်နက်များ ကုန်သွားသော်လည်း ကြောက်ရွံ့ခြင်း မရှိဘဲ "အသင်ဘီလူးကြီး . . . ငါသည် လက်နက်ငါးမျိုးတို့ကို ပိုင်ဆိုင်သော မင်းသား ဖြစ်၏၊ သို့သော်လည်း ဤတောထဲသို့ ဝင်လာကတည်းကပင် ငါ၏ လက်နက်များကို ယုံကြည်၍ ဝင်လာခြင်း မဟုတ်၊ ကိုယ့်ကိုယ်ကို ယုံကြည်၍ ဝင်လာခြင်း ဖြစ်၏၊ ထို့ကြောင့် လက်နက်မရှိသော်လည်း သင့်ကို ချေမှုန်းနိုင်သည်"ဟု ဆိုကာ ညာလက်သီးဖြင့် ထိုးလေ၏။ ပြီးလျှင် ဘယ်လက်သီးဖြင့် ထပ်ထိုး၏။ လက်နှစ်ဖက်လုံး ဘီလူးကြီး၏အမွေးတွင် ကပ်နေပြန်သည်။ လက်နှစ်ဖက်ပြီးလျှင် ခြေထောက်ဖြင့် ထပ်ပြီးကန်ပြန်၏။ ဤသို့ဖြင့် ခြေထောက် နှစ်ဖက်လည်း



ဘီလူးကြီး၏ အမွေး၌ ကပ်နေပြန်သည်။ မင်းသားသည် မိမိ၏ ခြေလက်အစုံတို့ ဘီလူးကြီး၏ အမွေးများ၌ ကပ်နေသော်လည်း "သင့်ကို ဖုန်မှုန့်ဖြစ်အောင် ချေမှုန်းပစ်မည်"ဆို၍ ခေါင်းဖြင့် တိုက်ပြန်၏။ ခေါင်းမှာလည်း အမွေးတွင် ကပ်နေပြန်သည်။ သို့သော်လည်း ပဉ္စာဝုဓမင်းသားက ကြောက်ရွံ့ခြင်း အလျဉ်းမရှိသဖြင့် ဘီလူးကြီးသည် အံ့အားသင့်နေ၏။

သို့ဖြစ်၍ ဘီလူးကြီးက "မင်းသား . . . သင့်တစ်ကိုယ်လုံး ငါ့အမွေးများတွင် ကပ်နေသော်လည်း အဘယ်ကြောင့် မကြောက်သနည်း"ဟု မေးလေ၏။ ထိုအခါ မင်းသားက "ဘီလူးကြီး . . ငါ၏ ခန္ဓာကိုယ်အတွင်း၌ ဓားတစ်ချောင်း ရှိ၏၊ သင်က ငါ့ကို စားသော်လည်း ထိုဓားကို ကျေညက်အောင် စားနိုင်မည် မဟုတ်၊ ထိုဓားက သင်၏ ကလီစာတို့ကို နုပ်နုပ်စဉ်းကာ ငါ သေသကဲ့သို့ သင်လည်း သေရမည် ဖြစ်သောကြောင့် ငါမကြောက်ပါ"ဟု ပြန်ဖြေလိုက်သည်။

မင်းသားပြောသည့် ဓားမှာ သူ၏ ဉာဏ်ပညာကို ရည်ရွယ်ပြီး ပြောခြင်း ဖြစ်၏။ သို့သော်လည်း ဘီလူးက ကြောက်ရွံ့သွားပြီး မင်းသားကို မသတ်တော့ဘဲ လွှတ်ပေးလိုက်သည်။

ထိုအခါ မင်းသားက "ဘီလူးကြီး . . . သင်သည် ရှေးဘဝက မကောင်းမှု အကုသိုလ်များ လုပ်ခဲ့သဖြင့် ဤဘဝ၌ သူတစ်ပါးအသက်ကို သတ်ဖြတ်စားသောက်သည့် ဘီလူးကြီး ဖြစ်နေရ၏။ ယခုဘဝ၌လည်း မကောင်းသည့် အကုသိုလ်အလုပ်များကို ဆက်လုပ်နေမည်ဆိုလျှင် သည့်ထက်ဆိုးသည့် ဘဝများသို့ ရောက်ရလိမ့်မည်"ဟု ဆုံးမလိုက်လေသည်။ ထိုအခါ ဘီလူးကြီးသည် "နောင်တွင် ဘယ်တော့မှ သူတစ်ပါး အသက်ကို မသတ်တော့ပါ"ဟု မင်းသားကို ကတိပေးလိုက်လေသည်။



## သင်ခန်းစာ (၃၅)

## အမည်နှင့် အရည်အချင်း



ရှေးအခါက တက္ကသိုလ်ပြည်တွင် ဆရာကြီး တစ်ဦးထံ၌ တပည့်ငါးရာ ပညာသင်ယူနေကြ၏။ တပည့်တစ်ယောက်၏ အမည်သည် "မောင်ဆိုးပေ" ဖြစ်၏။ အခြားသူများက "ငဆိုးပေ . . . ငဆိုးပေ" ဟု ခေါ်ကြသောအခါ မောင်ဆိုးပေက "ငါ့ကို ငဆိုးပေလို့ ခေါ်တာကို ကြားရတာ မင်္ဂလာ မရှိဘူး၊ နာမည် ပြောင်းပေးဖို့ ဆရာကြီးကို ပြော ဦးမှပဲ"ဟု တွေးမိ၏။

ထို့နောက် ဆရာကြီးထံသို့ သွား၍ "ဆရာကြီး . . . ကျွန်တော့်နာမည်က ကျက်သရေ မင်္ဂလာ မရှိဘူး၊ ကောင်းတဲ့ နာမည်တစ်ခု မှည့်ပေးပါ"ဟု ပြောလေသည်။ ဆရာကြီးက "ကောင်းပြီ၊ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်မြို့ဝင် တစ်မြို့ထွက် လှည့်လည်ပြီး သင် လိုလားနှစ်သက်တဲ့ နာမည်ကို သွားရှာခဲ့၊ တွေ့ရင် ပြန်လာခဲ့၊ သင့်နာမည်ကို ငါ ပြောင်းပေးမယ်"ဟု ပြန်ပြောလိုက်၏။

မောင်ဆိုးပေသည် ဝမ်းသာအားရဖြင့် လိုအပ်သည်များ ယူကာ အမည်ရှာရန် ထွက်ခွာသွား ခဲ့လေသည်။ ရွာတစ်ရွာသို့ ရောက်သောအခါ အသုဘတစ်ခု ချလာသည်နှင့် ကြုံလေသည်။ ထိုအခါ မောင်ဆိုးပေက သေသူ၏ အမည်ကို စုံစမ်းကြည့်ရာ "မောင်သက်ရှည်"ဟု ခေါ်ဆိုကြောင်း သိလိုက်ရ၏။



ထိုအခါ "ဟင် . . . မောင်သက်ရှည်လို့ ဆိုပြီး တော့ သေတာပဲလား"ဟု မေးလိုက်ရာ "မောင်သက် ရှည်ပဲဖြစ်ဖြစ်၊ မောင်သက်တိုပဲဖြစ်ဖြစ် အားလုံးသေ ကြရတာပဲ၊ နာမည်ဆိုတာ ပညတ်ပဲ၊ လူမှန်ရင် သေ တာပဲ၊ သင် ရူးနေသလား"ဟု လူအများက ပြက်ရယ်ပြု ကာ ပြန်ပြောကြ၏။

ထိုရွာမှ ထွက်လာပြီး မြို့တစ်မြို့သို့ ရောက်သော အခါ မိန်းမတစ်ယောက်ကို လူတစ်စုက ဝိုင်းဝန်းအပြစ် တင် ပြောဆိုနေကြ၏။ အကျိုးအကြောင်း သိလို၍ စုံစမ်း

ကြည့်ရာ အကြွေးမပေးနိုင်သဖြင့် အပြစ်တင်ခံနေရသည်ကို သိရလေသည်။ ထိုမိန်းမ၏ အမည်ကို စုံစမ်းကြည့်လိုက်သည့်အခါ "မငွေး"ဟု ခေါ်ကြောင်း သိရပြီး "မငွေးဆိုတဲ့ နာမည်မှည့်ထားပြီး ဆင်းရဲတာပဲလား" ဟု ပြန်ပြောမိလေသည်။ "မငွေးလို့ မှည့်ထားလည်း ဆင်းရဲနိုင်တာပဲ၊ မမှည့်ထားလည်း ချမ်းသာနိုင်တာပဲ၊ နာမည်ဆိုတာ ပညတ်ပဲ၊ သင်မသိဘူးလား"ဟု ဆိုကာ အားလုံးက ဝိုင်းဝန်းပြစ်တင်ပြောဆိုကြပြန်၏။

ထိုနေရာမှ ထွက်လာရာ လမ်းခရီးတွင် လမ်းမှားပြီး မိုင်နေသော အမျိုးသားတစ်ယောက်ကို တွေ့ပြန်သည်။ အမည်ကို စုံစမ်းကြည့်ရာ "လမ်းပြကြယ်"ဟု ခေါ်ကြောင်းသိရပြီး "လမ်းပြကြယ်ဆိုပြီး လမ်းမှားရသလား"ဟု ဆိုလိုက်ပြန်၏။ "လမ်းပြကြယ်လို့ နာမည်မှည့်ထားလည်း လမ်းမှားတတ်တာပဲ၊ လမ်းမှားလို့ စိတ်ညစ်နေရတဲ့ကြားထဲ ဘာတွေလာပြောနေတာလဲ၊ သင် ရူးနေသလား"ဟု ကြိမ်းမောင်းသည့်အတွက် မောင်ဆိုးပေလည်း ထွက်ပြေးလာရပြန်သည်။

ထိုသို့ဖြင့် ဆရာကြီးထံ ပြန်ရောက်လာရာ "ဘယ်လိုလဲ ငါ့တပည့်၊ သင်နှစ်သက်တဲ့ နာမည်ကို တွေ့ပြီလား"ဟု မေးရာ မောင်ဆိုးပေက "ဆရာကြီး . . . 'မောင်သက်ရှည်'လို့ မှည့်ထားလည်း သေတာပဲ၊ 'မငွေး'လို့ မှည့်ထားလည်း ဆင်းရဲတာပဲ၊ 'လမ်းပြကြယ်'လို့ မှည့်ထားလည်း လမ်းပျောက်တာပဲ၊ နာမည်ဆိုတာ ပညတ်ပါ၊ နာမည်ကြောင့် ဘာအကျိုးမှ မရပါ၊ အလုပ်နဲ့ အရည်အချင်းကြောင့်သာ အကျိုးရတာကို ကျွန်တော် သိပါပြီ"ဟု ဝန်ခံ၏။ ဆရာကြီးကလည်း "မှန်တယ် ငါ့တပည့်၊ လူတစ်ယောက်အတွက် အရေးကြီးတာက နာမည်မဟုတ်ဘူး၊ သူရဲ့ ကိုယ်ကျင့်တရားနဲ့ အရည်အချင်းတွေပဲ ဖြစ်တယ်"ဟု ပြောဆိုချီးကျူးကာ ဆုလာဘ်များ ပေးအပ်လိုက်လေသည်။



## သင်ခန်းစာ (၃၆)

## လူကောင်းနှင့် လူဆိုး

### သူ့ကိုရှို့တော့ ကိုယ့်ကိုလောင်

ဘုရားရှင်လက်ထက်တော်က တစ်ကိုယ်လုံး မီးတောက်လောင်နေသော စပါးကြီးမြွေတစ်ကောင် ရှိလေသည်။ ထိုစပါးကြီးမြွေသည် ပြိတ္တာကြီးဖြစ်၏။ ရဟန်းများသည် မြွေပြိတ္တာကြီး၏ အတိတ်ဇာတ်ကြောင်းကို သိလိုသည့်အတွက် ဘုရားရှင်အား မေးမြန်းလျှောက်ထားကြ၏။ ဘုရားရှင်သည် ထိုမြွေကြီး၏ ရှေးဘဝ၌ ပြုလုပ်ခဲ့သော အကုသိုလ်ကံကို ဟောကြားတော်မူသည်။

မြွေပြိတ္တာကြီးသည် ရှေးဘဝတစ်ခု၌ သူခိုးတစ်ယောက် ဖြစ်ခဲ့သည်။ တစ်ညသ၌ ခိုးရာမှအပြန် ဇရပ်တစ်ဆောင်တွင် ဝင်အိပ်လိုက်၏။ နံနက်မိုးလင်းသောအခါ ကျောင်းဒကာသူဌေးကြီးသည် ဘုရားကျောင်းတော်သို့ သွားရာ ထိုဇရပ်၌ ခဏဝင်နား၏။ သူဌေးကြီးသည် သူခိုးကို မြင်သောအခါ "ဒီလူ့ခြေထောက်တွေမှာ ရွှံ့တွေပေနေပါလား၊ သူဟာ ညမှာ ကျက်စားပြီး နေ့မှာ အိပ်သူ ဖြစ်ရမယ်"ဟု ပြောမိသည်။

သူခိုးသည် သူ့ကို ဤသို့ပြောရကောင်းလားဟု စိတ်ဆိုး၍ သူဌေးကြီးအား ရန်ငြိုးထားလိုက်သည်။ ထို့နောက် အခွင့်အခါကို စောင့်၍ သူဌေးကြီး၏ လယ်များနှင့်အိမ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့၏။ သူဌေးကြီး၏ နွားများကို ခုနစ်ကြိမ်တိုင်တိုင် ခြေထောက်များ ဖြတ်ပစ်၏။



ထိုမျှလောက်အထိ လက်စားချေရသည်ကို ပင် မကျေနပ်နိုင်သေးဘဲ မြတ်စွာဘုရား ဆွမ်းခံကြွချိန်၌ သူဌေးကြီးလှူဒါန်းထားသော ကျောင်းမှ သောက်ရေအိုးများကို ရိုက်ခွဲပြီး ကျောင်းတော်ကိုပါ မီးရှို့လိုက်သည်။ သူဌေးကြီးသည် ထိုကျောင်းတော်ကို အမြတ်နိုးဆုံးဖြစ်သော်လည်း စိတ်မဆင်းရဲသည့် အပြင် "ဒီကျောင်းမရှိတော့ရင် နောက်ထပ်ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခွင့် ရတော့မယ်၊ ဝမ်းသာစရာပဲ"ဟု တွေးကာ ကျောင်းသစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။



ထိုကဲ့သို့ ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရသော်လည်း သူဌေးကြီးသည် မတုန်လှုပ်ခဲ့ပေ။ ထိုအခါ သူခိုးသည် ပို၍ မကျေမချမ်းဖြစ်လာပြီး သူဌေးကြီးကို သတ်ရန် ကြံစည်တော့သည်။ ခုနစ်ရက်လုံးလုံး စောင့်နေသော်လည်း အခွင့်မသာဘဲ ဖြစ်နေ၏။ ထိုကြောင့် ကျောင်းအလှူရေစက်ချပွဲ၌ ပရိသတ်ထဲသို့ ဝင်ရောက်လာပြီး အခွင့်ကောင်းကို ချောင်းနေပြန်သည်။

ရေစက်ချချိန်၌ သူဌေးကြီးသည် "အရှင်ဘုရား . . . လူတစ်ယောက်ဟာ တပည့်တော်ရဲ့ လယ်တွေ၊ အိမ်တွေကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ခဲ့ပါတယ်၊ နွားတွေကိုလည်း ခုနစ်ကြိမ်တိုင်တိုင် ဓားနဲ့ ခုတ်ခဲ့ပါတယ်၊ အခု ဒီကျောင်းတော်ကို မီးရှို့သူဟာလည်း သူပဲ ဖြစ်ပါလိမ့်မယ်၊ ဒီအလှူက ရတဲ့ ကုသိုလ်အဖို့ကို တပည့်တော် သူ့အား အရင်ဆုံး အမျှပေးဝေပါတယ်"ဟု မြတ်စွာဘုရားအား လျှောက်ထားလိုက်သည်။

ထိုစကားကို သူခိုး ကြားသွားသောအခါ အကြီးအကျယ် နောင်တရ၍ သူဌေးကြီး၏ ခြေရင်း၌ ဝပ်စင်းကန်တော့ပြီး တောင်းပန်သည်။ သူဌေးကြီးသည် သူခိုးကို အပြစ်မယူဘဲ သည်းခံ ခွင့်လွှတ်လိုက်သည်။ သို့သော် သူပြုခဲ့ဖူးသော မိုက်ပြစ်တို့ကား သူ့ကို ခွင့်မလွှတ်ခဲ့ပေ။ သူခိုးဘဝမှ ကွယ်လွန်သောအခါ ထိုအကုသိုလ်ကံများကြောင့် အဝီစိငရဲ၌ နှစ်ပေါင်းများစွာ ခံခဲ့ရသည်။ အဝီစိငရဲမှ လွတ်မြောက်သောအခါ ဤဘဝ၌ တစ်ကိုယ်လုံး မီးတောက်လောင်နေသော ပြိတ္တာ ဖြစ်လာရသည်ဟု မြတ်စွာဘုရားရှင်က အတိတ်ဘဝ ဇာတ်ကြောင်းကို ပြန်လည် ဟောကြားတော်မူသည်။



# သင်ခန်းစာ (၃၇)

## သူများ မကောင်းကြံ ကိုယ့်ဘေးရန်



ရှေးအခါက ဗာရာဏသီပြည်အနီး ရွာတစ်ရွာ၌ သူဌေးကြီးတွင် "မောင်သာ"ဟု ခေါ်သော သားလေး တစ်ယောက် ရှိသည်။ တစ်နေ့၌ မောင်သာသည် ကစားဖော် သူငယ်ချင်းများနှင့်အတူ အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်၌ ပျော်ရွှင်စွာ ကစားနေသည်။

ထိုအချိန်တွင် အခြားရွာမှလာသော ဆေးဆရာတစ်ယောက်သည် ဆေးမကုရသည်မှာ ကြာနေပြီဖြစ်ရာ လူနာ တွေ့လိုတွေ့ငြား ရွာစဉ်လျှောက်လာခဲ့သည်။ ထိုသို့ လျှောက်လာရင်း မောင်သာတို့ ကစားနေကြသော ညောင်ပင်ရိပ်သို့ ရောက်လာခဲ့သည်။ ဆေးဆရာက ညောင်ပင်ခွကြား၌ အိပ်နေသော မြွေကို မြင်သည့်အခါ "ငါ ဆေးမကုရတာ ကြာပြီ၊ အခုထွက်လာခဲ့တဲ့ ရွာမှာလည်း ဆေးမကုခဲ့ရလို့ ဘာမှ မရခဲ့ဘူး၊ ဒီကလေးတွေကို လိမ်ညာပြီး မြွေကိုက်အောင်လုပ်မယ်၊ မြွေကိုက်တဲ့အခါ ငါ ဆေးကုရမယ်၊ ဆေးကုမှ ငွေရမယ်"ဟု တွေးမိသည်။

ထိုသို့ တွေး၍ မောင်သာတို့ကို "ဒီသစ်ပင်ခွကြားမှာ ဆက်ရက်ငှက်လေးတစ်ကောင် ရှိတယ်၊ တက်ဖမ်းကြပါလား"ဟု ပြောလိုက်သည်။ မောင်သာလည်း အမှန်တကယ် ဆက်ရက်ရှိနေသည်ထင်၍ သစ်ပင်ခွကြားသို့ တက်ဖမ်းသည်။ ထိုသို့ ဖမ်းသောအခါ သစ်ပင်ခွကြား၌ အိပ်နေသော မြွေ၏ လည်ပင်းကို ဆုပ်ကိုင်မိသည်။ မောင်သာသည် မြွေကို ကိုင်မိမှန်းသိသည်နှင့် တစ်ပြိုင်နက် ကြောက်လန့်ကာ အောက်သို့ အမြန် ပစ်ချလိုက်သည်။

ထိုမြွေသည် ဆေးဆရာ၏ လည်ပင်းပေါ်သို့ မထင်မှတ်ဘဲ ကျသွားသည်။ မြွေသည် ဆေးဆရာ၏ လည်ပင်းကို ရစ်ပတ်၍ ကိုက်ပြီး ထွက်ပြေးသွားလေသည်။ အနီးအနား ပတ်ဝန်းကျင်မှ လူများသည် ဆေးဆရာကို ကူညီရန် ဝိုင်းအုံလာကြသည်။ သို့သော် ပြင်းထန်သော မြွေဆိပ်ကြောင့် ဆေးဆရာသည် ထိုနေရာ၌ သေဆုံးသွားခဲ့သည်။ ဆေးဆရာသည် အပြစ်မဲ့သော ကလေးသူငယ်များကို မကောင်းကြံခဲ့မိသောကြောင့် မကောင်းကျိုးကို သူသာလျှင် ပြန်၍ ခံစားခဲ့ရလေသည်။



# သင်ခန်းစာ (၃၈)

## ပျင်းရိစိတ်များ တို့ပယ်ရှား



မောင်ပျင်း

ရှေးအခါက တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံ၌ တပည့်ပေါင်းငါးရာ ပညာသင်ယူနေကြသည်။ တပည့်များသည် ဆရာကြီးအား ဝတ်ကြီးဝတ်ငယ် ပြုစုပေးကြသည်။ ထို့ပြင် ဆရာကြီး၏ အိမ်နှင့် ကျောင်းအတွက်လည်း ဝိုင်းဝန်းလုပ်ကိုင်ပေးကြ၏။

တစ်နေ့သ၌ တပည့်တို့သည် တောထဲသွား၍ ထင်းခုတ်ကြသည်။ ထိုတပည့်များထဲတွင် အလွန်ပျင်းသော ကျောင်းသားတစ်ယောက် ပါ၏။ သူသည် "မောင်ပျင်း"ဟူသော အမည် ရလောက်အောင်ပင် ပျင်းရိသူ ဖြစ်သည်။ အခြားတပည့်များက ထင်းများကို ကြိုးစားပမ်းစား ခုတ်နေကြသော်လည်း မောင်ပျင်းသည် "အချိန် ရှိသေးတယ်၊ ငါ ဒီသစ်ပင်ရင်းမှာ ခဏ အိပ်လိုက်ဦးမယ်၊ ဒီသစ်ပင်ဟာ ခြောက်သွေ့နေတယ်၊ အိပ်ရာက နိုးမှ သစ်ကိုင်းခြောက်တွေ ချိုးပြီး ပြန်မယ်"ဟု ကြံစည်၍ အိပ်နေလိုက်သည်။

အခြားကျောင်းသားအားလုံး ထင်းခုတ်ပြီး ပြန်ခါနီးသောအခါ အိပ်နေသော မောင်ပျင်းကို တွေ့သဖြင့် နှိုးကြသည်။ ထိုအခါမှ မောင်ပျင်းသည် ထလာ၍ မျက်စိကို ပွတ်ကာ သစ်ကိုင်းချိုးရန် သစ်ပင်ပေါ်သို့ တက်လေသည်။ အိပ်ချင်စိတ် မပြေသေးဘဲ သစ်ပင်ပေါ်တက်၍ သစ်ကိုင်းများကို ဆွဲချိုးရာ ကျိုးထွက်လာသော သစ်ကိုင်းစွန်းက သူ့မျက်စိကို ထိုးဖောက်သွားလေသည်။ ထို့ကြောင့် မောင်ပျင်းသည် ရရာ သစ်ကိုင်းစိုများကိုသာ ချိုးပြီး ပြန်လာခဲ့သည်။ ကျောင်းသို့ ပြန်ရောက်သောအခါ သစ်ကိုင်းစိုကို ထင်းပုံပေါ် ပစ်ထားလိုက်သည်။

ထိုနေ့၌ အခြားရွာမှ ရွာသားတစ်ဦးသည် ဗေဒင်ကျမ်းများကို ရွတ်ဖတ်သရဇ္ဈာယ်ရန် လာဖိတ်သည်။ ဆရာကြီးက "တပည့်တို့ . . . မနက်ဖြန် ဟိုဘက်ရွာကို သွားရမယ်။ အစာမစားဘဲ မသွားကြနဲ့၊

မနက်စောစော ယာဂု (ဆန်ပြုတ်) ကျိုခိုင်းပြီး သောက်သွားကြ၊ ဟိုရောက်ရင် ဗေဒင်မန္တာန် ရွတ်ဖတ်ပေးပြီး ရသင့်တဲ့အစုကို ယူပြီး ပြန်လာကြ"ဟု မှာကြားလေသည်။

တပည့်များသည် ထမင်းချက်ကို မနက်စောစော ထ၍ ယာဂုကျိုပေးရန် ပြောထားသည်။ ထမင်းချက်လည်း မနက်စောစော ထ၍ မီးမွှေးသောအခါ ထင်းပုံပေါ်မှ ထင်းအစိုများကို ယူမိပြီး မီးမွှေးရာ မီးမတောက်နိုင်ဖြစ်နေ၏။ ထမင်းချက်သည် ကြိုးစားပြီး မီးမွှေးသော်လည်း ထင်းအစိုများကြောင့် မိုးလင်းသည်အထိ မီးမတောက်ဘဲ ဖြစ်နေလေသည်။ ထိုအခါ တပည့်များသည် အချိန်လွန်သွားသောကြောင့် သွားရန် အဆင်မပြေတော့ကြောင်း ဆရာကြီးအား ပြောပြကြ၏။

ဆရာကြီးက "ဘာကြောင့် မသွားဖြစ်ကြတာလဲ"ဟု မေးရာ တပည့်များက အကြောင်းစုံ ရှင်းပြကြသည်။ ထိုအခါ ဆရာကြီးက မောင်ပျင်းကို "သင်ဟာ မိုက်မဲတဲ့သူ ဖြစ်တယ်၊ အလုပ်တစ်ခုကို လုပ်ရမယ့် အချိန်မှာ မလုပ်ဘဲ အချိန်လွန်မှ လုပ်တဲ့အတွက် အခုလို ဆုံးရှုံးရခြင်း ဖြစ်တယ်၊ သင့်ရဲ့ ပျင်းရိမှုကြောင့် အခု အားလုံး အခက်အခဲ တွေ့ကြရတယ်၊ နောင် ဒီလိုမလုပ်နဲ့"ဟု ဆုံးမစကား ပြောဆိုလေသည်။ ထိုအခါ မောင်ပျင်းလည်း သူ့အပြစ်ကို ဝန်ခံပြီး "နောင်ကို မပျင်းတော့ပါဘူး"ဟု ဆရာကြီးအား ကတိပေးလိုက်လေသည်။



## နိုးကြားတက်ကြွ ကြိုးစားကြ

ပန်းဖူးလေးတွေ အချိန်မီစွာ

သူ့တာသူ့ထမ်း သူ့အလှပွင့်လန်း

မိုးလင်းခဲ့ပြီ သူငယ်ချင်းတို့ရေ . . .

ကိုယ့်တာကိုယ်ထမ်း ကိုယ့်ရဲ့လုပ်ငန်း

ပျင်းရိစိတ်တွေ ပယ်ရှားကာ

နိုးကြားတက်ကြွ ကြိုးစားကြမှ အောင်မြင်ခြင်းရဲ့ ပန်းတိုင်ဆီ

ရာသီအချိန်မီ တို့ရောက်နိုင်မည်။



# သင်ခန်းစာ (၃၉)

## ကဆုန်လပြည့် ဗုဒ္ဓနေ့

### ဗုဒ္ဓနေ့

တံတားအဖြစ် လဲလျောင်းကာ၊
ဘုရားဆုပန်ကာ။
သုမေဓာရှင်ရသေ့၊
ဗျာဒိတ်ခံတဲ့နေ့။
ကဆုန်လပြည့် နေ့မြတ်တွင်၊
ဗုဒ္ဓ မွေးဖွားမြင်။
သဗ္ဗညုတဏ်မြတ် လင်းထိန်လက်၊
လပြည့်နေ့ ဤရက်။
ရှပ်နှာမ်စဉ်ဆက် ချုပ်ငြိမ်းပြန်၊
ပရိနိဗ္ဗာန်စံ။
ထူးခြားအမှန် ဤနေ့မြတ်၊
ဗုဒ္ဓနေ့ သတ်မှတ်။
မပြတ်နှစ်စဉ် နှစ်တိုင်းပါ၊
ကဆုန်လပြည့်မှာ။
ဗုဒ္ဓမြတ်စွာ ဂုဏ်ရည်မွှေ၊
ညောင်ရေသွန်းတဲ့နေ့ . . . ။ ။





## ကဆုန်လပြည့် ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"ဟု သတ်မှတ်ကြသည်။ "အဘယ့်ကြောင့် ဗုဒ္ဓနေ့ဟုသတ်မှတ်ကြသနည်း"ဟုဆိုလျှင် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ထူးခြားသောဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သောကြောင့်ပင် ဖြစ်သည်။ ကဆုန်လပြည့်နေ့၌ ဘုရားရှင်နှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ် လေးခုရှိသည်။ ထိုဖြစ်စဉ်တို့မှာ –

(၁) ဗျာဒိတ်ခံတော်မူခြင်း

(၂) ဖွားတော်မူခြင်း

(၃) ဘုရားဖြစ်တော်မူခြင်း နှင့်

(၄) ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း တို့ဖြစ်သည်။



### (၁) ဗျာဒိတ်ခံတော်မူခြင်း

ဂေါတမမြတ်စွာဘုရားလောင်းသည် ဒီပင်္ကရာမြတ်စွာဘုရားရှင် လက်ထက်တော်၌ သုမေဓာရှင် ရသေ့ဖြစ်ခဲ့သည်။ သုမေဓာရသေ့ဘဝ၌ ဒီပင်္ကရာမြတ်စွာဘုရားရှင်နှင့် သံဃာတော်များ ကြွတော်မူလာသည့်အချိန်၌ သူပြင်နေသော လမ်းမပြီးသေး၍ ခန္ဓာကိုယ်ကို တံတားအဖြစ် ခင်းလှူခဲ့သည်။

ထိုသို့လှူနေချိန်၌ "ဤသို့ ခန္ဓာကိုယ်ကို တံတားအဖြစ် ခင်း၍ လှူရသည့်အကျိုးကြောင့် ဘုရားဖြစ်ရပါလို၏"ဟု ဆုတောင်းလိုက်သည်။ ဒီပင်္ကရာမြတ်စွာဘုရားသည် ဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်လိုက်ရာ နောင်လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာလျှင် ဘုရားစင်စစ် ဧကန်ဖြစ်မည်ကို သိတော်မူသောကြောင့် ဗျာဒိတ်ပေးတော်မူသည်။ (နောင်သောအခါ မလွဲမသွေ ဖြစ်လာမည့်အရာကို မြတ်စွာဘုရားရှင်ကိုယ်တိုင် နှုတ်မှ ထုတ်ဖော်ပြောကြားခဲ့သော စကားတော်ကို ဗျာဒိတ်တော်ဟုခေါ်သည်။)



(၂) ဖွားမြင်တော်မူခြင်း

သိဒ္ဓတ္ထမင်းသားကို ကဆုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်ကြားရှိ လုမ္ဗိနီအင်ကြင်းတောဍ္ဍ ဖွားမြင်တော်မူခဲ့သည်။



(၃) ဘုရားဖြစ်တော်မူခြင်း

ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နေမဝင်မီ မာရ်နတ်နှင့် စစ်သည်အပေါင်းကို အောင်မြင်တော်မူပြီး အရုဏ်တက်ခါနီး အချိန်တွင် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။



## (၄) ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံအင်ကြင်းတော၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

ထိုကဲ့သို့ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သောကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ထို့ကြောင့် မဟာဗောဓိညောင်ပင်အောက်၌ ဗုဒ္ဓဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်ကို အောက်မေ့အမှတ်ရသည့်အနေဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့၌ ဗောဓိညောင်ပင်ကို ရေသွန်းလောင်း ပူဇော်ကြသည်။ ဗောဓိညောင်ပင်ကို ရေသွန်းလောင်း ပူဇော်သည့် အစဉ်အလာသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် အစပြုခဲ့သည်ဟု ဆိုနိုင်သည်။

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်ရှိ ဒါယကာ၊ ဒါယိကာမတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ နေ့စဉ်နေ့တိုင်း လာရောက်လေ့ရှိကြသည်။ မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူခိုက် မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရကြသည့်အခါ စိတ်မကြည်မရွှင် ဖြစ်ကြသည်။ မြတ်စွာဘုရားရှင်အား ပူဇော်ရန် ယူဆောင်လာခဲ့ကြသော ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတို့ကို ဘုရားရှင်အား ရည်မှန်း၍ ဂန္ဓကုဋီတိုက် ဝင်ပေါက်၌ ချထားလှူဒါန်းခဲ့ကြသည်။

ထိုဖြစ်ပုံကို အနာထပိဏ်သူဌေးကြီး တွေ့မြင်လေလျှင် "မြတ်စွာဘုရားမရှိခိုက် မြတ်စွာဘုရားကိုယ်စား ပူဇော်စရာတစ်ခုရှိလျှင် ကောင်းလေစွ"ဟု အကြံဖြစ်လေသည်။ ထိုအကြံကို အရှင်အာနန္ဒာအား လျှောက်ထားလေသည်။ အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အား ဆက်လက်လျှောက်ထားရာ မြတ်စွာ

ဘုရားရှင်က မိမိကိုယ်စား ဗောဓိပင်စိုက်ပျိုး၍ ကိုးကွယ်ပူဇော်ခွင့်ပြုခဲ့သည်။ ထိုဗောဓိပင်ကို အရှင်အာနန္ဒာ ဦးဆောင်၍ စိုက်ပျိုးခဲ့သောကြောင့် "အာနန္ဒာဗောဓိ"ဟု ခေါ်သည်။ ထိုအချိန်မှစ၍ သာဝတ္ထိပြည်ရှိ ဒါယကာ၊ ဒါယိကာမတို့သည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား မရှိခိုက်တွင် အာနန္ဒာဗောဓိပင်ကို ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတို့ဖြင့် လှူဒါန်းပူဇော်ကြသည်။ ထိုအစဉ်အလာကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ရာ ဗုဒ္ဓဘာသာနိုင်ငံတို့တွင် ယနေ့တိုင် ကဆုန်လပြည့်နေ့၌ ဗောဓိညောင်ပင်ကို ရေသွန်းလောင်း၍ ထူးထူးကဲကဲ ပူဇော်လေ့ရှိကြသည်။

# သင်ခန်းစာ (၄၀)

## ဝါဆိုလပြည့်နေ့

ဝါဆိုလပြည့်နေ့၏ ထူးခြားချက်ကို "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ"ဟု ဆိုးရိုးပြုခဲ့ကြသည်။ "သန္ဓေ" ဆိုသည်မှာ ဘုရားအလောင်းတော် ဝါဆိုလပြည့်နေ့၌ ပဋိသန္ဓေယူခဲ့သည်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ "တောထွက်" ဆိုသည်မှာ ဘုရားအလောင်းတော် ဝါဆိုလပြည့်နေ့၌ တောထွက်တော်မူခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ "ဓမ္မစက်" ဆိုသည်မှာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပဥ္စဝဂ္ဂီငါးဦးကို မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦး ဟောတော်မူခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ ဟုခေါ်ပြီး ဓမ္မစကြာသုတ္တန်ဒေသနာ တော်ကို ထိုနေ့မှာ အထူးရွတ်ဖတ်ပူဇော်ကြခြင်းဖြစ်သည်။

"ပြာဋိဟာ"ဆိုသည်မှာ ရေမီးအစုံစုံဖြင့် မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာ ပြတော်မူခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ တစ်နေ့မှာ ကောသလမင်းကြီးက မြတ်စွာဘုရားရှင်အား "အဘယ်အရပ်မှာ တိတ္ထိတွေနဲ့ပြိုင်ပြီး တန်ခိုးပြာဋိဟာ ပြတော်မူမှာလဲဘုရား"ဟု လျှောက်ထားရာ မြတ်စွာဘုရားရှင်က "မင်းကြီး . . . ကဏ္ဍမ္ဗသရက်ပင်အနီးမှာ ပြတော်မူမယ်" ဟု ပြန်လည်မိန့်ကြားတော်သည်။ ထိုအကြောင်းကို ကြားသောအခါ တိတ္ထိတို့သည် သာဝတ္ထိပြည်နှင့် တစ်ယူဇနာဝန်းကျင်မှာရှိ သရက်ပင်မှန်သမျှကို ပေါက်သစ်စ အပင်ပါမကျန် ခုတ်လှဲနုတ်ပယ် ရှင်းလင်းပစ်ကြသည်။



ဝါဆိုလပြည့်နေ့နံနက်တွင် မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူရန် ဇေတဝန်ကျောင်းတော်မှ ထွက်တော်မူသည်။ လမ်းခရီး၌ ကောသလမင်းကြီး၏ ဥယျာဉ်မှူး ကဏ္ဍသည် မြတ်စွာဘုရားရှင်အား သရက်သီးမှည့်တစ်လုံးကို ဆက်ကပ်လှူဒါန်းလေသည်။ မြတ်စွာဘုရားရှင်သည် သရက်သီးကို ဘုန်းပေးတော်မူပြီး သရက်စေ့ကို ထိုနေရာ၌ပင် ကဏ္ဍအား စိုက်ပျိုးခိုင်းလိုက်သည်။ မြတ်စွာဘုရားရှင်သည် ထိုသရက်စေ့၏ အထက်၌ လက်တော်ကို ဆေးကြောတော်မူသည်။ ဆေးပြီးလျှင်ပြီးခြင်းပင် သရက်ပင်သည် ခက်မငါးဖြာဖြင့် တရိပ်ရိပ် ကြီးထွားလာပြီး အမြင့်အတောင်ငါးဆယ်၊ အဝန်းအဝိုင်း အတောင်

ငါးဆယ်ရှိသော အပင်ကြီး ဖြစ်လာခဲ့သည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် သရက်ပင်ကြီး၏ အနီးတွင် အလွန်ကြီးမားကျယ်ပြန့်သည့် ရတနာစင်္ကြံကြီးကို ဖန်ဆင်းတော်မူပြီး ထိုရတနာစင်္ကြံကြီးတွင် လူ့ပရိသတ်၊ နတ်၊ ဗြဟ္မာပရိသတ်တို့အား ရေမီးအစုံစုံဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသည်။ ထိုသို့တန်ခိုးပြာဋိဟာအမျိုးမျိုး ပြတော်မူပြီးနောက် အဘိဓမ္မာတရား ဟောတော်မူရန် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတို့တွင် ဝါဆိုလပြည့်နေ့၌ ရဟန်းတော်များအား ဝါဆိုသင်္ကန်း လှူဒါန်းသည့်ပွဲများကို ပြုလုပ်လေ့ရှိကြသည်။ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် ရဟန်းတော်များသည် ဝါဆိုတော်မူကြရသည်။ ရဟန်းတော်တို့သည် "ဘုရားတပည့်တော်သည် ဤဝါတွင်းသုံးလပတ်လုံး ဤကျောင်း၌ နေပါမည်" ဟု ရွတ်ဆိုပြီး မိမိတို့ ကျောင်းတိုက်တွင်ပင် နေခြင်းကို ဝါဆိုသည်ဟု ဆိုခြင်းဖြစ်သည်။ ရဟန်းတော်များ ဝါဆိုသည့်အလေ့အထနှင့် ဝါဆိုသည့်ကာလကို ဘုရားရှင်ကိုယ်တော်တိုင်က သတ်မှတ်ပေးတော်မူခြင်း ဖြစ်ပါသည်။

ဤသို့သတ်မှတ်မပေးမီက ရဟန်းတော်များသည် တစ်နှစ်ပတ်လုံး ခရီးသွားလေ့ရှိကြသည်။ မိုးတွင်းကာလ ခရီးသွားသည့်အခါ လူတို့၏ သီးနှံစိုက်ခင်းများ ပျက်စီးကုန်ကြ၍ လူတို့က ရဟန်းတော်များကို ပြစ်တင်ပြောဆိုကြသည်။ ထိုအကြောင်းကို မြတ်စွာဘုရားရှင် သိတော်မူသောအခါ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလပတ်လုံး ညအိပ်ညနေ ခရီးမသွားကြဘဲ မိမိတို့ကျောင်းတိုက်အတွင်း၌သာ သီတင်းသုံးနေထိုင်ကြရန် သတ်မှတ်ပေးတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ထေရဝါဒနိုင်ငံများတွင် ရဟန်းတော်များ ဝါဆိုသည့် အလေ့အထ ဆက်လက်တည်မြဲနေပါသည်။

ဗုဒ္ဓဘာသာဝင်များသည် ဝါဆိုလပြည့်နေ့၌ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို အထူးပြုလုပ်လေ့ရှိကြသည်။ ဝါဆိုလ၌ ဖူးပွင့်သည့် သပြေပန်း၊ ပုန်းညက်ပန်းစသော ပန်းများနှင့် စေတီပုထိုးများကို လှူဒါန်းလေ့ရှိကြသည်။ ဤကဲ့သို့သော ထူးခြားချက်များကြောင့် ရှေးမြန်မာမင်းများ လက်ထက်မှစ၍ ယနေ့အထိ ဝါဆိုလပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် အစဉ်အလာသတ်မှတ်ထားကြခြင်းဖြစ်သည်။



## ဝါဆိုပွဲ

လမြတ်ဝါဆို သည်ကာလမို့၊
ပန်းရူးကြစို့ ကပ်လှူရန်။
မလေးအသံ ညံညံပေးတော့၊
မြန်မြန်ပြေးပေါ့ မထွေးဇံ။
စေတီမြတ်ထံ ပန်းကပ်ပြီးသော်၊
ဘုန်းကြီးကျောင်းပေါ် သွားမယ့်ဟန်။
သင်္ကန်းလှူရန် အတူနွဲလို့၊
အလှူပွဲမို့ ပျော်ကြပြန်။
ပျော်ကြပြန် ပျော်ကြပြန်။     ။



## ဝါဆိုလပြည့်

ဘုရားအလောင်းတော်သည် အမိဝမ်းကြာတိုက်ဆီ
ပဋိသန္ဓေတည်တဲ့နေ့ ဝါဆိုလပြည့်။
သစ္စာလေးပါး အသိတရားတွေ
တွေ့မြင်နိုင်အောင် တောထွက်တော်မူသောနေ့ ဝါဆိုလပြည့်။
ထိုးထွင်းအသိဉာဏ် နိဗ္ဗာန်လမ်းမှန်
သိမြင်ပြန့်ပွား တရားဦးဓမ္မစကြာ
ဝါဆိုလပြည့် ရက်မြတ်ချိန်ခါ
ပဥ္စဝဂ္ဂီ ငါးဦးစုံညီ မြတ်ဗုဒ္ဓ ဟောကြားခဲ့လေသည်။
တန်ခိုးတော်အနန္တ ပြာဋိဟာ
အမျိုးစုံပြ ဝါဆိုလပြည့် အခါသမယ။



# အိမ်ပြန်မယ်

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ဘုရားဝတ်ပြုကြစို့ကွယ် ... ။

ဘုန်းဘုန်း (ဆရာလေး) ကိုလည်း ကန်တော့မယ် ... ။

ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ...။

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ပစ္စည်းတွေလည်း သိမ်းစို့ကွယ် ... ။

ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်းမဖြစ်ဘူးကွယ် ... ။

အိမ်ကို အရောက်ပြန်မယ် ... ။

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ... ။

ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ... ။

တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ...။ ။



ဓမ္မစကူးလ်ဖောင်ဒေးရှင်း